
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


စာမူခွင့်ပြုချက်အမှတ်

၅၀၁၈၅၅၁၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၅၀၀၀၅၀၉

**ထုတ်ဝေသူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ ၁၀၀၀၊ တန်ဖိုး ၁၀၀ကျပ်

ပန်းသီးခိုင် ၈၉၅.၈၃

ချစ်စိတ်လိုလို / ပန်းသီးခိုင် ။ - ရန်ကုန်၊

ကြောင်နှစ်ကောင်စာပေ၊ ၂၀၀၉။

၃၃၆ - စာ ၊ ၅" x ၇" စင်တီ။

(၁) ချစ်စိတ်လိုလို


www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁)

"သမီးလေး တွယ်တာ"

စက်နှိုးနေသော လက်ကလေးကို ပြန်ရုပ်ကာ ဆတ်ခနဲ ကြည့်မိသည်။

"ဘာလဲ"

ဆူးသဲလေးက မကြည့်တကြည့် မျက်စုံးလေးရှုံ့ပြီး, မျက်နှာလေးက သုန်မှုန်မှုန်။

နူးညံ့လွန်းသော အပြုံးတစ်ခုကို ဖျတ်ခနဲအကြည့်လွှဲပြီး ရှေ့တည့်တည့်ကို စူးစိုက်ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သွားခါနီး လာခါနီး အမြဲ တစ်ခုမဟုတ်တစ်ခု စိတ်အနှောင့်အယှက်ပေးတတ်လွန်းသည်။

ခုလည်း သည်မိန်းမကြီး စီးဖိုထဲမှာဆိုပြီး ခပ်လစ်လစ်ကလေးထွက်လာတာ ဘယ့်နယ်လုပ် မြင်သွားပါလိမ့်။

"သမီးလေး"

"ပြော. . . ပြော"

လက်စွပ် သေးသေးမွှားမွှားလေးတွေ လက်ချောင်းစေ့စွပ်ထားသော လက်ကလေးနှစ်ဖက်ကို ကားစတီယာရင်ပေါ် လက်ကလေး ဖြန့်တင်ထားရင်း ဆိုမိသည်။

ခရမ်းရောင်ဖျော့ဖျော့ လက်သည်းဆိုးဆေးလေးနှင့် ဖွေးဆွတ်နေသော လက်ကလေးက သူမ တစ်ခါမှ ဆင်းရဲဒုက္ခ မကြုံဖူးခဲ့တာ သက်သေပြနေသည်။

ဖွံ့ဖွံ့ဖောင်းဖောင်း လက်ကလေးတွေက နူးနူးညံ့ညံ့ရှိလှသည်။

"သမီး ဘယ်သွားမလို့လဲ. . ."

"ကျွန်မ ကွန်ပျူတာသင်တန်း သွားတက်မလို့ပါ"

"ကားကို ဖြည်းဖြည်းမောင်းနော် သမီး"

"ဟုတ်ကဲ့"



"နေ့လည်စာ ထမင်းပြန်စားမှာလား"

တွယ်တာ နှုတ်ခမ်းလေးရှုံ့သည်။

ဦးနှောက်စားတာတွေ မေးပြန်ပြီ။ တစ်နေ့လုံး အစီအစဉ်တွေကို စီမံကိန်းဆွဲပြီး ထွက်တာမှမဟုတ်ဘဲ။

သူငယ်ချင်းတွေနဲ့တွေ့ရင် ဟိုဆို သည်ရောက်၊ သည်ဆို ဟိုရောက်၊ ကျိုန်းသေဆိုတာ ဘာမှမရှိ။ ဖြစ်ချင်သလို ဖြစ်တတ်တာ။ ကိစ္စတွေ သွားစရာတွေဆိုတာလည်း မျိုးစုံပေါ်လာတတ်တာ။

ထမင်းပြန်စားမလား၊ မစားဖြစ်ဘူးလားဆိုတာ အတတ် မသေချာလှပါ။

"အဲဒါကတော့ မသေချာဘူး"

စိတ်ထဲ တွေးမိသလိုပဲဖြေမိပါသည်။

"ဒီနေ့ သမီးကြိုက်တဲ့ ငါးရံ့ခြောက်နဲ့ ဟင်းခါးနဲ့ ချက်တယ်လေ"

တွယ်တာ မဲ့တဲ့တဲ့ ပြုံးမိသည်။

မကြိုက်ပါ။

စိတ်ထဲ လုံးဝမကြိုက်ပါ။

တွယ်တာ့ကို ဘာလို့များ အဲသည်လိုတွေ လုပ်နေတာပါ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်။

နားကိုမလည်ပါ။ ဘယ်လိုမှ နားမလည်နိုင်။

"နေ့လည်စာ ပြန်မစားဘူး"

ကဲ... မေးရော၊ ပြတ်ရော။

စိတ်ထဲ အချဉ်ပေါက်လာပြီမို့ ဆန့်ကျင်ဘက်သာဆိုမိတော့သည်။

တွယ်တာ့ကို စေ့စေ့စပ်စပ် သေချာငုံ့ကြည့်ပြီး...

"အပြန် သိပ်နောက်မကျနဲ့"

ဟု မှာ၏။

"တွယ်တာ့ သဘောပါ... တွယ်တာ့ စိတ်ပါ... ကြာရင်ကြာမယ်... မြန်ရင်မြန်မယ်... ဘာလို့ နေရာတကာ လိုက်ပြောနေရတာလဲ.... တွယ်တာ မကြိုက်ဘူး"

ဒေါသသံလေးနှင့် ဆက်တိုက်ပြောပစ်၏။

"အန်တီက စိတ်ပူလို့ပါ"

"အိုး...ပူချင်းပူရင် မေမေ ပူမှာပေါ့... တွယ်တာ့မှာ ဖေဖေနဲ့ မေမေရှိတယ်... သူတို့စကားပဲ တွယ်တာ နားထောင်နိုင်မယ်... ဖေဖေက လူကြီးကို ရိုရိုသေသေဆက်ဆံပါလို့ အမြဲ မှာထားလို့ သည်းလောက်သည်းခံနေတာသိလား..."



"အန်တီ ဘာမှ နေရာတကာ ဝင်စွက်ဖက်ရာမလိုဘူး... တွယ်တာ အဲဒါမျိုးမုန်းတယ်"

တွယ်တာက ဝတ်ထားသော ကိုယ်ကျပ်အနီရဲရဲလေးကို လက်နှင့်ဆွဲချသည်။

နေရာတကာ အသက်ရှူပင်ကျပ်လာမိပြီ။

စောစောက ရွှင်မြူး လန်းဆန်းနေသောစိတ်ကလေး ဘယ်ရောက်သွားမှန်း မသိတော့ပါ။

"သွားခါနီးလာခါနီး ဒီလိုတွေလိုက်ပြောတာ တွယ်တာ စိတ်အနှောင့်အယှက်ဖြစ်တယ်... တွယ်တာ့ကို လိုက်မဝိတ်ပင်ပါနဲ့"

"အင်းပါ...အင်းပါ...ခဏလေးနေဦး... အန်တီ အနွေးထည်သွားယူဦးမယ်...ခဏလေးနော် သမီး"

"အနွေးထည်က ဘာလုပ်ဖို့လဲ...ဒီလောက် အိုက်နေတာ"

တော်တော်ခက်ကျပါလား။ တွယ်တာ့ မျက်နှာလေး စူပုပ်တင်းမာနေသည်။

"သမီးက အမြဲတမ်း ချမ်းတတ်တယ်မဟုတ်လား... သမီးကိုင်ထားရတာမှ မဟုတ်ဘဲ...ကားထဲထားရတာပဲ..."

www.burmeseclassic.com

www.burmeseclassic.com



လိုရင်အဆင်သင့်ရှိတာပေါ့"

ဘွယ်တာ ဘာမှဆက်မပြောတော့ပေ။ ငြိမ်နေလိုက်၏။

အန်တီစုက အိမ်ထဲဝင်သွားပြီး ပြန်ထွက်လာတော့ ဆွယ်တာအကျီလေးရော၊ ရေခဲတစ်ပုလင်းရော၊ ကျွတ်ကျွတ်အိတ်နှင့်ထည့်ထားသော ဘွယ်တာ ကြိုက်တတ်သည့် အာလူးကြော်၊ ငါးမုန့်ကြော်၊ အချဉ်ထုပ်၊ တော်ဖီ၊ ချောကလက်၊ သကြားလုံးပါမကျန် စုံစုံစေ့စေ့ယူလာသည်။

မနေ့တစ်နေ့ကမှ ဝယ်ထားသော မင်္ဂလာဆောင်းအသစ်နှစ်အုပ်ရယ်၊ ခုရက်ပိုင်းတွေမှာ ဘွယ်တာ အရမ်းနှစ်သက်ပြီး အမြဲဖွင့်နေသည့် ကက်ဆက်ခွေလေးပါ မမေ့မကျန် ယူလာပေးတော့လည်း ဘွယ်တာ ချက်ချင်းပဲကျေနပ်သွား၏။

အားတက်သရောလေး လှမ်းယူပြီး မရိုမချဉ် ပြုံးမြိမ်ပါသည်။

"နေ့လယ်စာ ပြန်စားမယ်"

မပွင့်တပွင့်ဆိုမိတာကို အန်တီစုပန်က ဝမ်းသာအားရ ပြုံး၏။

သည့်တစ်ခါတော့ သူမ တကယ်အပြင်ထွက်လို့ ရပါပြီ။ ကားစက်နှိုးနေတော့ အန်တီစုပန်က ရပ်ကြည့်နေသေးသည်။



တံခါးနှစ်ပေါက်သာပါသော ရွှေမီးလုံးတွေ အဖုံးခွက်ကလေးနဲ့ ကားရှေ့ဖုံးထဲဝင်နေသော ကားပုပုလုံးလုံး အနီရဲရဲလေးကို ဝူးခနဲ မောင်းတတ်သော ဘွယ်တာကို မေမေ ဖေဖေတို့က အမြဲစိတ်မချ။

"ဖြည်းဖြည်းပဲ မောင်းနော်"

"အင်းပါ"

အန်တီစုပန်က ကားလေး ခြံထဲက ကွေ့ထွက်သွားသည်အထိ ရပ်ကြည့်နေ၏။ ဘွယ်တာ့ကို လိုတာထက် ပိုဂရုစိုက်နေတာတော့ အမှန်ပါ။

BURMESE CLASSIC

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

''တွယ်တာ''

''ဟွန်း. . .''

ပန်းကို လာဆုပ်ကိုင်ပြီးခေါ်တော့ စိတ်မရှည်သလို ထူးမိသည်။

''ဖုန်းလာနေတယ်''

''ဟာ. . .''

တွယ်တာ့ မျက်လုံးတွေ၊ အာရုံတွေက တီဗွီဂိမ်းပေါ်ပဲ ရှိနေသည်။

''ကျွတ်''



တွယ်တာ တင့်တင့်ကို ဘုကြည့် ကြည့်မိသည်။

''နင့်ဘာသာနင် ပြောလိုက်ပါလား''

''ရမလားဟဲ့''

''ဘာလို့မရတာလဲ''

''တွယ်တာ့ကို ခေါ်ပေးပါလို့ ပြောတာ''

''ပြဿနာပဲ''

တွယ်တာက မလွှဲမရှောင်သာ ထလာခဲ့ရသည်။

ကွန်ပျူတာပြီးတော့ တင့်တင့်တို့အိမ် တစ်ဖွဲ့လုံးရောက်နေတာ။ ရှောက်သီးသုပ်နှင့် ရေခဲ့ရေကြမ်းနှင့် စားကြသောကြာ၊ ဆော့ကစားကြနှင့် တွယ်တာ ပျော်ရွှင်ကျေနပ်နေတာ။

ဘယ်ကဖုန်းလဲဟု တင့်တင့်ကို မေးမနေတော့ပါ။

''ဟဲ့လို''

စိတ်ဆိုးဆိုးနှင့် အကျယ်ကြီးအော်ပစ်လိုက်၏။

''သမီးလေးလား''

''ဟင်. . .''

အနိတီစုပန်အသံကြောင့် မျက်နှာလေးပျက်သွားရင်း နှုတ်ခမ်းစူမိပြီ။

''ဟုတ်ပါတယ်''

www.burmeseclassic.com

www.burmeseclassic.com



"နေ့လည် ထမင်းစားချိန် လွန်နေပြီ"

"လွန်နေလဲ မစားတော့ဘူး... ဒီမှာ စားပြီးပြီ"

"မဟုတ်တာ သမီးရယ်"

"ဟာ...ဘာမဟုတ်တာလဲ"

"အန်တီက ထမင်းစားပွဲပြင်ပြီး စောင့်နေတာ"

"တွယ်တာ ညနေမှပဲ ပြန်လာတော့မယ်"

"ခုပဲလာပါ သမီးရယ်... ညနေ ဖေဖေက ဧည့်သည် တွေလာမှာလဲ ပြောထားသားနဲ့... ပြန်ခဲ့ပါကွယ်...ခဏ တစ်ဖြုတ်နေရရင် တော်ရောပေါ့"

"ဒီမှာ ဆော့နေတာ"

"နောက်နေ့တွေ အများကြီးရှိသေးတာပဲ"

တွယ်တာ နှုတ်ခမ်းလေးကို ကိုက်မိသည်။

အမှန်တော့ တွယ်တာ နှုတ်ကျိုးသွားတာ။ ကတိတစ်ခု ပေးပြီးလျှင် ဘယ်တော့မှမဖျက်တတ်တာ တွယ်တာ့ စိတ်ဓာတ်။ အဲဒါကို အန်တီစုပန် သိထားပါသည်။

သိထားလို့လည်း အိမ်ကထွက်ခါနီး အဲသည်စကား တစ်ခွန်း အရယူထားလိုက်တာ။ တော်ပြီ၊ နောက်ဆို ဘာစကားမှ မလွန်စေရဘူး။ တွယ်တာ တစ်ဦးတည်းဆုံးဖြတ်မိ၏။



"တွယ်တာ"

"ရှင်"

"သမီးပဲ နေ့လည်စာ ပြန်စားပါ့မယ်လို့..."

"အင်း...ဟုတ်ပါတယ်...ပြန်ခဲ့မယ်"

အန်တီစုပန် စကားကို ဆုံးအောင်ပင် နားမထောင်တော့ဘဲ ဖြတ်ပြောလိုက်၏။

"ကားကိုတော့ ဂရုတစိုက် ဖြည်းဖြည်းဆေးဆေး မောင်း လာပါ"

တွယ်တာ ဖုန်းခွက်ကလေးကို မျက်စောင်းရွယ်မိ၏။

"ပြန်တော့မလို့လား"

"အင်း"

"ထင်သားပဲ... အန်တီစုပန် ဆက်ကတည်းက"

"တော်ပါဟာ"

တွယ်တာက စိတ်ပျက်သလိုဆိုပြီး ကျောပိုးအိတ် သေးသေးလေးကို ကောက်ယူလိုက်၏။

"သွားမယ်"

အားလုံးကို အော်ပြီးနှုတ်ဆက်လိုက်၏။ ကြိုးသိုင်းဖိနပ် အမြင့်ကြီးကို စီးမနေတော့ဘဲ လက်ကဆွဲပြီး ကားရှိရာ လျှောက်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့၏။

"တွယ်တာရေ"

"ဟင်..."

"မနက်ဖြန်ည အောင့် မွေးနေ့ပါတီရှိတယ်နော်"

"အင်းပါ"

"မေ့နေမှာစိုးလို့"

"မမေ့ပါဘူး"

ကားတံခါးကို ဆွဲဖွင့်ပြီး လက်ထဲကိုင်ထားသော ဖိနပ်ကို ပစ်ထည့်လိုက်၏။

ကျောပိုးအိတ်ကို မဖြုတ်ဘဲ ကားထဲဝင်ထိုင်သည်။ အရမ်းပူတာကြောင့် မျက်မှန်အမည်းလေးကို ဆွဲယူတပ်လိုက်၏။

ကက်ဆက်ကို တိုးတိုးလေးဖွင့်ပြီးမှ ကားကိုမောင်းထွက်သည်။ စိတ်ထဲ ကသိကအောက်ဖြစ်ရတာကို မေ့ထားလိုက်၏။

အန်တီစုပန် အမြဲစုလိုလုပ်နေကျ။ အပြင်သွားနေလည်း ဖုန်းဆက်ခေါ်ချင်ခေါ်၊ အိမ်မှာနေတော့လည်း ဟိုဟာမလုပ်နှင့် သည်လိုမနေနှင့်ဟု မျက်စိဒေါက်ထောက် ကြည့်ပြောနေကျ။

သွားခါနီး လာခါနီးဆိုလည်း တတွတ်တွတ်။ စိတ်ထဲရှိ



ရာလည်း မစားရ၊ မတည့်ဘူးဟု ဖွတ်တားချင်တာ၊ ဘာကြီးမှန်းကိုမသိပါ။

သဘောမကျလှပေမယ့် အော်ငေါက်ပစ်ဖို့ကျတော့ ခက်သား။

ဖေဖေနှင့် မေမေက လူကြီးကို လူကြီးလို့ဆက်ဆံမှ ကြိုက်သည်။

ရိုင်းပျတာမျိုး၊ မောက်မာတာမျိုး၊ ကြီးကျယ်တာမျိုး၊ ခွဲခြားတာမျိုးဆို အလိုမလိုက်တတ်။ မသိချင်ယောင်ဆောင်မနေတတ်ပါ။ ချက်ချင်းအပြစ်ပေးတတ်တာ၊ ဆူတတ်တာ။

အန်တီစုပန်က နေရာတကာပါသည်၊ သူ မပါတာ ဘယ်နေရာလေးမှမရှိ။

တော်တော်လည်း စပ်စပ်စုစုနိုင်တဲ့ မိန်းမကြီး။

မေမေက ဘာလို့များ သူ့ကို တွယ်တာ့အတွက်ခေါ်ထားပေးခဲ့လဲ မသိပါ။

ငယ်ငယ်လေးကတည်းက ထိန်းကျောင်းနိုင်းခဲ့တာတော့ ထားပါတော့။ ခုဆို တွယ်တာ ကလေးမှမဟုတ်တော့ဘဲ။

ကလေးထိန်း နာနီမှ မလိုတော့တာ။ ဘာမှ မသိနားမလည်ခင်မှာ ရေချိုးပေး၊ သနပ်ခါးလိမ်းပေး၊ ထမင်းခွံ့ပေး၊

www.burmeseclassic.com

www.burmeseclassic.com



ကကြီးခွေး သင်ပေးတာက ထားပါတော့။

အခု အဲဒါတွေလိုတော့မလား။ တွယ်တာ့စိတ်နဲ့ တွယ်တာ နေချင်သည်။ အရာရာကို သူ လိုက်လုပ်ပေးစရာ လိုမှမလိုဘဲ။ တစ်ခါတစ်ခါ တကယ်စိတ်ကုန်သည်။

"အန်တီစုပန်. . . တွယ်တာ ကလေးမဟုတ်တော့ဘူး. . . အကျင့်ပါနေလဲ ဖျောက်တော့. . . တွယ်တာ့ဘာသာ လွတ်လွတ်လပ်လပ် နေခွင့်ပေးပါ"

ဟု ပြတ်ပြတ်သားသားမှာထားတာလည်း အကြိမ်ပေါင်း မရေတွက်နိုင်တော့ပါ။

"အန်တီစုပန်က ကလေးပဲ မှတ်နေတယ်"

"မမှတ်နဲ့. . . မမှတ်နဲ့"

"ဒါပေမယ့် သမီး လောကကြီးအကြောင်း. . . လူတွေ အကြောင်း. . . ဘဝအကြောင်း. . . ပိုက်ဆံအကြောင်း ဘာမှ မသိသေးပါဘူးကွယ်. . . ကလေးလေးပဲပေါ့"

"အောင်မယ်လေး"

ပက်ခနဲ ခံပြောလို့မရတော့ မချိမဆံ့ ရေရွတ်မိသည်။ ပြောပစ်ချင်တာ လျှာကိုယားကျိယားကျိ။ ရိုင်းပျရာကျမှာစိုးလို့ ဖေဖေ မေမေတို့ ဆူမှာစိုးလို့။



"လောကကြီးအကြောင်း မသိချင်ပါဘူး. . . တွယ်တာ့ အကြောင်းပဲ တွယ်တာသိတယ်. . . လူတွေအကြောင်းလဲ မသိ ချင်ပါဘူး. . . တွယ်တာ့ မိသားစုအကြောင်းပဲသိချင်တယ်. . . ပိုက်ဆံအကြောင်းလဲ မသိချင်ပါဘူး. . . တွယ်တာ့ မုန့်ဖိုးပဲ တွယ်တာသိတယ်. . . ဘဝအကြောင်းလဲ မသိချင်ပါဘူး. . . တစ်နေ့သေရမှာပဲလို့ နှလုံးသွင်းနိုင်ရန် တစ်ဝက်မက သိထား ပြီးသားပဲလေ"

ရုပ်ဆိုးလွန်းသော မျောက်ရုပ်အမည်း မွေးပွကြီးကို ရင်ခွင်ထဲပိုက်ကာ တအားညှစ်ပစ်ရင်း မဲ့မဲ့ရွဲ့ရွဲ့ ပြောမိ၏။

မျောက်ရုပ်ကြီးက မခံနိုင်ဘဲ တအိအိအော်သည်။ အန်တီစုပန်က မလေးမစားလုပ်ပြတာကို စိတ်မဆိုးနိုင်ဘဲ ပြုံး နေတော့ မျက်ဆန်လေးတရွှေ့ရွှေ့နှင့် နားမလည်နိုင်တော့ပါ။

နှုတ်ခမ်းအစုံက ချစ်စနိုးပြုံးလို့၊ မျက်လုံးအစုံက ချစ်စနိုး နှင့်တောက်လက်ဖြာလို့။ မျက်နှာကြီးလည်း ဝင်းဝင်းလက်လက် ရှိလိုက်တာ။ စာရေးဆရာတွေ ပြောဖူးသည့် လမင်းကြီးလို မျက်နှာဆိုတာ ဒါမျိုးထင်ပါရဲ့။ မျက်လုံးတွေကလည်း ကြယ်ပွင့် ကြယ်ရောင်တွေလို တဖျပ်ဖျပ်။

တွယ်တာက စီးထားသော ဖိနပ်အိအိလေးကို ကော်ဖော

www.burmeseclassic.com



ပေါ်ချွတ်ကာ ခြေထောက်အစုံကိုပါ ဆိုဖာပေါ် ဒူးလေးကွေးတင်ပြီး ဂါဝန်ရှည်ရှည်လေးနှင့် ဖုံးပစ်သည်။

"တွယ်တာ့ကို အန်တီ ကလေးပေါက်စနလေးလို လိုက်ကြည့်စရာ မလိုတော့ဘူး... ချော်လဲမှာလဲ မပူနဲ့သိလား... အုဝဲလေးမှ မဟုတ်တော့တာ"

အန်တီစုပန်က ခေါင်းညိတ်ပြသည်။

"ချော်လဲမှာတော့ မပူပါဘူး... ဖျားနာ နေမကောင်းဖြစ်မှာပူတယ်"

"ဟာ... ပါးစပ်ပုပ်ကြီးနဲ့ ဘာလို့ဖြစ်ရမှာလဲ... မဖြစ်ပါဘူး... တစ်ခါမှဖျားတာမဟုတ်ဘူး"

"သမီးစားနေတာ အချဉ်ထုပ်တွေများနေပြီ... အဲဒါတွေ တော်တော့... တော်ကြာ ဗိုက်အောင့်နေမယ်လေ"

စားပွဲချွန်ချွန်လေးပေါ် တင်ထားသော မရမ်းပြားထုပ်တွေကိုကြည့်ပြီး တားမြစ်လာ၏။

"ဒါတွေက အကောင်းစားတွေပါ အန်တီစုပန်ရဲ့"

"အင်း"

"ဒီ မရမ်းပြားပေါင်းတွေထဲမှာ ဆေးသကြားလဲ မပါဘူး။ ဆိုးဆေးတွေလဲ မပါဘူး... ဘာအန္တရာယ်မှ မရှိနိုင်ဘူး"



"ဟုတ်ပါတယ်"

"ဒါနဲ့များ အန်တီစုပန်က တားနေရသေးတယ်"

"တားရတာပေါ့... တန်ဆေး လွန်ဘေးတဲ့... မတန်တဆ အများကြီးစားနေတော့ ကောင်းမလား... စဉ်းစားကြည့်"

ဆရာလုပ်ပြန်ပြီ။ စိတ်ထဲမှာ လုံးဝမခံချင်။

"တော်ကြာ... ဗိုက်အောင့်ရင် ကျုပ်ပဲ အိပ်ရေးပျက်မှာ... တစ်ညလုံး စောင့်နေရမှာ... ညည်းလေးဖြစ်တာက အကြောင်းမဟုတ်ဘူး... ညည်းအမေကလဲ ကျုပ်ကိုပဲလွှဲထားတာ... ကျုပ် ကြားထဲကအိပ်ရေးတွေပျက် ခေါင်းတွေမူးမယ့်ကိစ္စမို့ တားနေရတာပါ ဒေါ်တွယ်တာရယ်"

တွယ်တာက ခေါင်းလေး တဆတ်ဆတ်ညိတ်ကာ...

"ဪ... ဪ... ဒီလိုလား"

ဟု ရေရွတ်၏။

"တွယ်တာ့အပေါ် စေတနာတွေ ထားနိုင်လိုက်တာလို့ အံ့သြနေတာ"

ခနဲ့သံပါပါ စကားလေးတွေကို အန်တီစုပန်က ရယ်မော၏ တွယ်တာ မရမ်းပြားထုပ်ကို ဆောင့်ခနဲကောက်ယူကာ လုပ်ပလောင်းပင် ထပ်စား၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . တွေ့ပြီလား. . . တားဦး. . . တားဦးလေ"

"သမီး. . . ပြောမရရင် ဖေဖေကြီးနဲ့ကို တိုင်မှာ"

"ဟင်"

တွယ်တာက အဟဲဟု ပြောင်စပ်စပ်လုပ်ရင်း မရမ်းပြား ထုပ်ကိုချထား၏။ ဖေဖေနှင့် အတိုင်ခံရမှာတော့ တွယ်တာ ကြောက်မိပါသည်။ ဖေဖေက ထိုထိမိမိ နာအောင်ဆူတတ်တာ။

"တော်ပြီ. . . တော်ပြီ. . . မစားတော့ဘူး"

မျောက်အမည်းကြီးကို ဒေါသနှင့် နှံရှံဆီ ပေါက်မိပါ တော့သည်။ ဖုန်းခနဲပြုတ်ကျပြီး အင့်ခနဲမြည်သံ ထွက်လာတာ ကို တွယ်တာ တခစ်ခစ်ရယ်နေ၏။

ကားကို လမ်းထဲကွေ့ချရင်း သူမ နှုတ်ခမ်းတွေပြုံးနေ မိပါသည်။ သူမနှင့် အန်တီစုပန် ဘယ်တော့မှ မတည့်တတ်ပါ။

♛ ♛ ♛



အခန်း (၃)

"တွယ်တာ"

"ရှင်"

အိပ်ချင်မူးတူးသံကြီးနှင့် ထူးမိပေမယ့် မျက်လုံးတွေက တီဗွီဖန်သားပြင်မှာ။

"ညဥ့်နက်လှပြီ"

"ဟုတ်ကဲ့. . . ပြီးတော့မှာပါ"

အန်တီစုပန်က တွယ်တာတစ်ဦးတည်း ဖွချင်သိုင်းဖွ ထားသော နေကြာစေ့တွေ၊ ဆီးသီးစေ့တွေ၊ ပလတ်စတစ်တွေ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွတ်ကျွတ်အိတ်တွေကို ကောက်သိမ်းစုပုံ လှည်းကျင်းကာ ပစ်ရင်းမှ သတိပေးလာ၏။

''နာရီလဲကြည့်ဦး သမီး''

နံရံမှာ တိတ်တဆိတ်ကပ်နေသောနာရီကို ကြည့်မိတော့မှ တစ်နာရီကျော်ကျော်။

''အသံကလဲ သိပ်ကျယ်တာပဲ''

ရီမုတ်ကိုဆွဲယူပြီး အသံနည်းနည်းလျှော့၏။

''ဟောင်ကောင်ဂျက်မကားပါဆိုမှ ဒီလောက်တော့ ဆူမှာပေါ့. . . တိုးတိုးလေးဆို ပျင်းစရာကြီး. . . ဒီအခန်းထဲမှာကျယ်တာပဲ. . . တခြားအခန်းတွေ ကြားရတာမှမဟုတ်ဘဲ''

တွယ်တာက နည်းနည်း အတွန့်တက်လိုက်၏။

''စောစောကတည်းက ဖေကြီး ဝိတ်အိပ်နိုင်းတာနော်''

''တွယ်တာမှ မအိပ်ချင်သေးတာ''

''မနက်စောစော မနိုးဘဲနေမှာပေါ့''

''ဘာဖြစ်လဲ. . . တွယ်တာမှ သွားစရာမရှိတဲ. . . တစ်နေ့လုံး အားတယ်. . . ခု ပြီးအောင်ကြည့်လိုက်မယ်''

''အသံက အိပ်ချင်သံကြီး''

''ဟာ. . . အန်တီစုပန် တော်တော်ရှုပ်ပါလား''



တွယ်တာ ဘယ်လိုမှ သည်းမခံနိုင်တော့ပါ။

''မနက်မှ ကြည့်ပါလား. . . တစ်နာရီကျော်နေပြီ''

''ကျော် ကျော်''

လေပြေလေးနှင့် ချော့ပေမယ့် တွယ်တာက နားမထောင်ပါ။

''ဘာမှန်းလဲမသိဘူး. . . ဘာတစ်ခုမှ ကိုယ့်ဆန္ဒနဲ့ ကိုယ်မရှိဘူး. . . တကယ်ပါပဲ စိတ်ဆင်းရဲတယ်. . . သေချင်တယ်သိလား''

''ဖွ. . . မပြောကောင်း မဆိုကောင်း. . . မသေချင်ပါနဲ့ သမီးရယ်''

''ပြီးတဲ့အထိ ကြည့်မယ်''

စောစောက ဝိတ်အိပ်ဖို့ စိတ်ကူးရှိခဲ့ရင်တောင် အခု မရှိတော့ပါ။

''အင်း. . . ပြောမရရင်လဲ ကြည့်ကြည့်''

အန်တီစုပန်က အလျှော့ပေးလိုက်လျှောသည်။ တွယ်တာ ကျေကျေနပ်နပ်ကလေး ပြုံးရုံရှိသေး. . .

''သမီး မနက်မှဆက်ကြည့်လေ''

ဖေဖေ့အသံကို ကြားလိုက်ရ၏။ တွယ်တာ အံကြိတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အန်တီစုပန်ကို ကြည့်သည်။ အော်ကျယ်ကျယ်လုပ်လို့ ဖေဖေ ကြားပြီ။ တီဗွီကိုမပိတ်ဘဲ ဖုန်းခနဲထွက်လာ၏။ အခန်းထဲဝင်ကာ အိပ်ရာပေါ် ဖုန်းခနဲပစ်လှဲချသည်။

"သမီး...ရော့ နွားနို့သောက်ဦး"

"မသောက်ဘူး"

"သောက်လိုက်ပါ သမီးရဲ့"

"အချဉ်ထုပ်တွေ စားထားတယ်"

"အချဉ်ထုပ်စားတုန်းက နာရီကြည့်ထားပါတယ်... ရှစ်နာရီခွဲလောက်က... ခု တစ်နာရီဆိုတော့ ကြာလှပြီ... သောက်လို့ရပါတယ်... အိပ်ရာဝင်တိုင်း သောက်နေကျပဲဟာ"

"မသောက်ချင်ဘူး"

"သောက်ပါကွယ်"

"လုံးဝမသောက်ဘူး"

ကွယ်တာ့အသံကြီးက ဂျစ်တိုက် ဖယ်ကန်ခြင်းဟန်နှင့် လုံးလုံးထွေးထွေးကြီး။

အန်တီစုပန်က စားပွဲပေါ်ချပြီး အခန်းထဲက ထွက်သွားသည်။

တံခါးကိုလည်း စေ့ထားပေးခဲ့သည်။



"တောက်"

တောက်တစ်ချက် ဆူဝေစွာခေါက်ပြီး ခေါင်းအုံးကို မျက်နှာပေါ် တင်ထားမိ၏။

"သမီး...သမီးရေ"

"ရှင်..."

လာပြန်ပြီ။ ပွင့်သွားသော အခန်းတံခါးဆီ လှမ်းကြည့်မိ၏။

"ဂါဝန်ကပါးတယ်... လက်ပြတ်ဆိုတော့ ညကျ အအေးမိနေဦးမယ်... လက်ရှည်လေးတစ်ထည် ထပ်ဝတ်စမ်း"

"အင်းပါ"

နာခံလိုက်တာ အကောင်းဆုံးပါ။ တော်ကြာ ကိုယ်တိုင် ယူလာဝတ်ပေးနေမှာ။ သိတာပေါ့။ သိထားပြီးသား။ ငယ်ငယ်လေးကတည်းက လက်ပွန်းတတီး အရောတဝင် နေလာတာ။

"တစ်ရေးနိုးလာရင် ချမ်းကိုချမ်းမှာ...ထပ်ဝတ်ဖြစ်အောင်ဝတ်"

"အင်း...အင်း"

ကွယ်တာက မီးထပိတ်မည့်ပုံမရတာကြောင့် အန်တီ

www.burmeseclassic.com

www.burmeseclassic.com



စုပန်ကပဲ ပိတ်ပေးသွား၏။

သူမ မျက်လုံးတွေက အိပ်ချင်စိတ်နှင့် လေးနေပေမယ့် စိတ်ကတော့ ခေါင်းမှာမာနှင့် မအိပ်ဘဲနေဖို့ပဲ တွေးမိ၏။ ခုတင်ပေါ်ကဆင်းပြီး မီးခလုတ်ကိုပြန်ဖွင့်သည်။

စာကြည့်စားပွဲမှာ ထထိုင်ကာ မျက်စိရှေ့မြင်နေရသော စာအုပ်တွေ ဟိုလှန်သည်လှန် ဖတ်မိ၏။

လူဝင်စားအကြောင်း ရေးထားတာကို သူမ စိတ်ဝင်တစားဖတ်နေဖြစ်၏။

ခေါင်းထဲမှာလည်း လျှောက်စဉ်းစားနေမိပါသည်။

လူဝင်စားဆိုတာ တကယ်ပဲရှိသလား၊ ဟုတ်သလား။

အင်းလေ. . . မဆိုင်တာတွေ တွေးမနေပါဘူး။ ဆိုင်တာပဲ ဖတ်တော့မယ်၊ တွယ်တာက ဗေဒင်အကြောင်း ရှာဖတ်သည်။

"ဒေါ်တွယ်တာ"

"အမေ့"

အန်တီစုပန်အသံကြီး ဘေးနားကပ်ပေါ်လာတော့ မျက်လုံးလေးပြူးထွက်ကာ လန့်အော်မိသည်။

"အိပ်ဖို့ကောင်းပြီ"

ကိုယ့်အမှားကိုယ် ချက်ချင်းသိသည်။ တကယ်ဆို



အခန်းတံခါး လော့ခ် လုပ်ထားရမှာ။

"အင်းပါ. . . ခဏလေး ဗေဒင်ဖတ်မလို့"

"မလိုချင်ဘူး. . . မနက်ဆို နိုးရမှာမဟုတ်ဘူး"

"မနက်စောစောထမှာပါ အန်တီစုရဲ့"

"ရိုးနေပြီ. . . ဒီအပြောတွေ"

အန်တီစုက အကြောင်းသိတော့ မယုံပါ။

"ရော့. . . ဒါလေးသောက်. . . ပြီးရင် အိပ်တော့"

သူမ ဒေါသဖြစ်ဖြစ်နှင့် နို့ခွက်ကို မော့ချလိုက်သည်။ အသည်လို မလွတ်မလပ်နေရတာ ငြီးငွေ့ချင်ပါပြီ။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

''တောက်''

ညီညီဘမြင့်က မကျေမနပ်နှင့် ဆိုဖာပေါ် ဝုန်းခနဲထိုင်ချသည်။

''အစီပွာယ်မရှိဘူးကွာ''

သည့်စကားစုကိုပဲ ထပ်တလဲလဲ ရေရွတ်သည်။

''နေပါဦးကွာ. . . ငါ ဖုန်းထပ်ဆက်ကြည့်ပါ့မယ်''

အောင်သန့်က မျက်နှာငယ်ငယ်လေးနှင့် တောင်းပန်သည်။

''မင်းကွာ''



သူငယ်ချင်းကိုလည်း ဘယ်လိုအပြစ်တင်ရမှန်းမသိပါ။

''ငါ့အဖေက အခုသွားယူပေးလို့ ပြောတာ''

''အေးပါကွာ''

''ဖေဖေ့ အထက်အရာရှိက ကြည့်ချင်လို့ ငှားတာ. . . ဖေဖေကလဲ အိမ်မှာအဆင်သင့်ရှိနေတယ်ထင်ပြီး ခုပို့ပေးမယ်လို့ ပြောလိုက်တာ''

ညီညီဘမြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။

''ဖေဖေ့က အခွေကောဆိုတော့ ငါက မင်းဆီမှာ. . . ခုပဲ သွားယူပြီး ဖေဖေ့မိတ်ဆွေဆီ ပို့ပေးပါ့မယ်လို့ ပြောခဲ့ပြီးသား''

''ပြဿနာပဲကွာ''

အောင်သန့်နှင့် ညီညီဘမြင့်တို့နှစ်ဦးသား ခေါင်းချင်းရိုက်ကာ အကြံအိုက်နေရသည်။

''ယောက်ျားလေး သူငယ်ချင်းဆိုလဲ မနီးသေးဘူးဆိုလဲ အိပ်ရာထဲအထိ သွားနှိုးပေးလို့ရသေးတယ်. . . ခုဟာက. . .''

''မင်း ရှည်ပြီးငှားလိုက်တာကိုး''

''အေးကွာ. . . ငါ့ အပြစ်ပါပဲ''

အောင်သန့်က ဝန်ခံသည်။

''ကဲ. . . ဘာလုပ်ကြမလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းဆက်ကြည့်ဦးမယ်"

"မင်းဆက်တာ လေးငါးခါရှိပြီ"

"မတတ်နိုင်ဘူး"

ညီညီဘမြင့်က နာရီကိုလှမ်းကြည့်သည်။ နေ့လယ် ဆယ့်တစ်နာရီထိုးလုလု။

"ဒီအချိန်ထိအိပ်နိုင်တာ ငါ အံ့သြတယ်...စံပဲ"

တစ်ခါမှ မသိကျွမ်းဖူးသော မိန်းကလေးတစ်ယောက်ကို သူ အထင်တသေး ရှုတ်ချမိပါသည်။

"မင်းဟာမလေးက မိန်းကလေးဖြစ်ပြီး ဘောလုံးပွဲခွေ ငှားစရာလား...ငှားတယ်ပဲထား...အချိန်မှန်ပြန်ပေးသင့်တာ ပေါ့...သူ့အိမ်ကလဲ ကိစ္စရှိပါတယ်ဆိုမှ နိုးမပေးဘူး"

"ငါ့ဟာမလေး မဟုတ်ပါဘူး...သူငယ်ချင်းပါ"

သည့်ကောင်က ဖြေရှင်းနေသေး၏။

"သူက ဘောလုံးပွဲလဲ အရမ်းကြိုက်တယ်ကွ...သူ့ အိမ်က မနိုးပေးတာက အိပ်ပျော်နေတုန်း နိုးလိုက်ရင် သူက ခေါင်းမူးတတ်လို့တဲ့...သူ့အမေဆို နိုးပေးတာကွ...ခု ဖုန်း ကိုင်တာက သူ့အဒေါ်...သူ ငယ်ငယ်လေးကတည်းက ထိန်းခဲ့ ရတဲ့ နာနီပေါ့"



"ဪ"

"အဲဒီအန်တီက တစ်မျိုးပဲကွ...တွယ်တာ အိပ်နေလို့ ကတော့ လုံးဝနိုးမပေးဘူး...သေရေးရှင်ရေးလောက် အရေး မကြီးရင် နိုးမပေးနိုင်ဘူးတဲ့ကွ"

"ဟာ..."

ကြားရတာ နားကြားပြင်းကတ်လှ၏။

"ကြီးကျယ်လို့ကွာ...ဒီအချိန်ထိအိပ်နိုင်တာ မိန်းမပျင်းကွ...နာရီပဲကြည့်ပါဦး...ဆယ့်တစ်နာရီထိုးတော့ မယ်...ဒါ အိပ်ချိန်လားကွ...လွန်လွန်းအားကြီးတယ်"

အောင်သန့်က ညီညီ့ဒေါသကို ပြုံးချင်လာ၏။

"ဒါကတော့ သူ ညကအိပ်ရေးပျက်လို့နေမှာပါ"

"အိပ်ရေးပျက်ရအောင် သူက ဘာအလုပ်တွေများ ကြီးကြီးမားမား လုပ်နေလို့လဲ ပြော"

"ခွေကြည့်တာတို့...စာအုပ်ဖတ်တာတို့နေမှာပေါ့"

ညီညီက မျက်နှာကြီးမဲ့သည်။

"ငါ ပြန်မယ်ကွာ...ရှုပ်တယ်...ခွေရရင်သာ မင်း လာပို့လိုက်...ဒီအကုသိုလ်မလေးအကြောင်း မပြောတော့ဘူး"

"ခဏလေးပါကွာ...ငါ ဖုန်းတစ်ခါဆက်ကြည့်ပါရ

www.burmeseclassic.com

www.burmeseclassic.com



စေဦး. . . ခုလောက်ဆို နိုးနေမှာပါ''

''မထင်ပါဘူးကွာ''

အောင်သန့် ဖုန်းဆက်နေတော့ ညီညီက ခါးကြီးထောက်ပြီး ရပ်ကြည့်နေ၏။

''ဗျာ. . . မနိုးသေးဘူး ဟုတ်လား''

ညီညီ ချာခနဲ ကျောခိုင်းလှည့်ထွက်ခဲ့၏။ ကားဘေးရောက်တော့ အောင်သန့်က ပြေးလိုက်လာသည်။

''မနိုးသေးဘူးတဲ့ကွာ''

''ငါ ကြားသားပဲ''

''မင်း ပြန်တော့မလို့လား''

''အင်း''

''မင်းဖေဖေမေးရင် ဘယ်လိုဖြေမလဲ''

''ရပါတယ်''

''မင်း ပြဿနာဖြစ်နေဦးမယ်''

''ရပါတယ်''

ညီညီဘမြင့်က မျက်နှာပျက်နေသည်။

''ဆောရီးကွာ. . . ငါ ရှည်ပြီးငှားမိတာ''

အောင်သန့် စိတ်မကောင်းပါ။ ခုတလော ညီညီက



ဖေဖေနှင့် သိပ်ပြေလည်တာမဟုတ်။ အတိုက်အခံဖြစ်နေကြတာ။

''တွယ်တာ ခါတိုင်း ဒီလောက် အအိပ်မပုပ်ပါဘူး. . . ဆယ်နာရီအလွန်ဆုံးပဲ''

''တော်တော် ချီးကျူးစရာကောင်းပါတယ်''

ဆယ်နာရီထိုးသည်အထိ အိပ်တတ်တာများ ချီးကျူးရမှာလား။ တစ်ခါမှ မမြင်ဖူးပေမယ့် သူ ရွတ်ချမိပါသည်။

''မိန်းကလေးတဲ့. . . ဒီလောက် နေမြင့်အောင်အိပ်တာ''

''ဒါကတော့ကွာ. . . သူက အိမ်မှာ ကလေး. . , ပြီးတော့ အရမ်းလဲ ချမ်းသာပြည့်စုံတယ်. . . ဘာအလုပ်မှလဲ မနိုင်းဘူး. . . အလုပ်မရှိတော့ ပျင်းပျင်းနဲ့ခွေတာပေါ့''

''အဲဒါ အပျင်းစွဲသွားမှာ. . . အကျင့်ပါနေပါပြီကွာ''

''တွယ်တာက အရမ်းလှတယ်''

''သွားစမ်းပါ''

ညီညီဘမြင့်က မျက်မှောင်ကုတ်ကြီးနှင့်. . .

''သေအောင် လှပါစေ. . . အထင်မကြီးဘူး''

အောင်သန့်က ဘာပြောရမှန်းမသိအောင် ပါးစပ်ပိတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘောလုံးပွဲခွေ ငှားကြည့်တယ်. . . နေ့လည် ၁၁ နာရီထိအိပ်တယ်. . . သူ့အိမ်ကလဲ နိုးမပေးဘူး. . . သွားပြီ. . . တစ်ချက်ကလေးမှ မိန်းမကောင်းအင်္ဂါရပ်မရှိဘူး"

"ဘောလုံးပွဲကြည့်တာက အပြစ်မဟုတ်ပါဘူးကွာ. . . မင်းကလဲ သူကြိုက်လို့ပဲဟာ. . . ခုဆို အမျိုးသမီးတွေ ဘောလုံးကန်နေကြတာပဲ"

"အင်း. . . ထားပါတော့. . . ဒီအချိန်ထိ အိပ်တာကကော"

"ဒါက တစ်ခါတလေပါ"

"သေလိုက်"

ညီညီက ကားတံခါးဆွဲဖွင့်ပြီး ကားထဲဝင်ထိုင်သည်။

"မင်းကတော့ ကြိုက်နေတော့ အရာရာဟာ ချစ်စိတ်နဲ့ အမှောင်ဖုံးနေမှာပဲ. . . ငါကတော့ အရှိကိုအရှိအတိုင်း သုံးသပ်တာ. . . မင်းဟာမလေးကို ငါဝေဖန်တာလွန်သွားရင် ဆောရီးပဲသူငယ်ချင်း. . . ကဲ. . . ငါသွားမယ်"

"ဟ. . . ငါ့ကောင်မလေးမှမဟုတ်ဘဲ"

"ဒါဆို. . . မင်းသူ့ဘက်က ဖာထေးစရာမလိုပါဘူး"

"သူငယ်ချင်းတွေလေ လိုတာပေါ့"



"ကြောင်ပြန်ပြီ"

ညီညီစကားကို အောင်သန့် မသက်မသာခံလိုက်ရသည်။

"မျက်နှာလို မျက်နှာရလုပ်ပြီး ငါ့ခွေပါငှားလိုက်ကတည်းက မင်းစေတနာတွေ ဒလဟောပြူဆင်းနေတာ သိသာတယ်. . . မြေရှင်းမနေနဲ့တော့. . . အေး. . . တစ်ခုတော့ရှိတယ်. . . မင်းကောင်မလေးကို ငါနဲ့ မျက်နှာချင်းဆိုင်မဆုံအောင်တော့ထား. . . ဆုံလို့ကတော့ ငါက ညှာမှာမဟုတ်ဘူး. . . ပြောပစ်မှာ"

ညီညီက အပြတ်တွေးထား၏။

"ဟာ. . . မလုပ်ပါနဲ့ကွာ. . . အားနာစရာ"

"တကယ်ပြောတာ. . . သူ့ကြောင့် ငါပြဿနာတက်ရတာ. . . မကြေဘူး. . . မှတ်ထားရမယ်. . . အောင်သန့်လိုကောင်မို့လို့ မင်းလိုအိပ်ပုပ်မကို ကြိုက်တာ. . . ငါဆို ဝေးသေးထယ်လို့"

"ဟာ"

အောင်သန့် မျက်လုံးပြူး မျက်ဆန်ပြူးနှင့် လက်တတာကာ။

"မှားမယ်ကွာ. . . ငါ့ ကောင်မလေးမဟုတ်ဘူး. . . ချောလွန်းလို့ မင်းနဲ့ချိတ်ပေးမလားလို့ပါ. . . မင်းနဲ့ဆို အိပ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



မှာ''

"ဟိုး. . . ဟိုး. . . တော်ပါတော့. . . မောင်မင်းကြီး သားရယ်. . . ဒီလိုဟာလေးနဲ့ တွေ့ပေးမယ့်အစား အသေသာ သတ်လိုက်ပါလား သူဌေးချင်းကောင်းကြီးရဲ့. . . ငါက မနက်ဆို စောစောထ လမ်းလျှောက်ရင်လျှောက်. . . ဒါမှမဟုတ် ပြေးရင် ပြေး တစ်ခုခုလုပ်နေကျ. . . ငါနဲ့သူနဲ့ ဆန့်ကျင်ဘက်ကွာ. . . မလုပ်ပါနဲ့. . . တောင်းပန်ပါတယ်''

ညီညီ့အမြင့်က ပန်းတွန့်ရင်းပြော၏။

"ဒီကိစ္စပဲ ပြဿနာဖြစ်နေတာ. . . မင်းသိပါတယ်. . . ငါ မိန်းမမယူချင်သေးတာ. . . ငါ ယူချင်တဲ့တစ်နေ့ ငါ့စိတ်ကြိုက် ရွေးပြီး ငါ့သဘောတစ်ခုတည်းနဲ့ပဲ ဆုံးဖြတ်မှာ. . . အခု ဖေဖေ တို့သဘောကျတဲ့ ဖေဖေ့သူဌေးချင်းသမီးဆိုတာကို ဘယ်လိုမှ မချစ်နိုင်ဘူး. . . မဖြစ်နိုင်ဘူးလို့ သိတယ်ကွာ''

"မင်းဟာက သေချာလှချည်လား''

"သေချာတာပေါ့. . . ငါက မျက်လုံးချင်းဆုံရင် ရင်ခုန် တာကို ဦးစားပေးမယ့်ကောင်. . . ငါနဲ့လက်ထပ်ဖို့လို့ ရည်ရွယ် ပြီး လူကြီးမိဘတွေ စီမံရာနာခံပြီး ငါ့ရှေ့ရောက်လာမယ့် ဘယ် ကောင်မလေးကိုမှ ငါ စိတ်မဝင်စားဘူး. . . ဆောရီးပဲ''



အကြိမ်ကြိမ်ပြောပြထားလို့ နားလည်ထားပြီးသား ညီညီ့ အယူအဆတစ်ခုပါ။ သည်ကောင်က ခေါင်းမာလွန်းသည်။

"မင်းဖေဖေ ပြောပြတဲ့ဟာလေးကို မင်းတွေ့ဖူးလား''

"နိုး. . . နာမည်တောင်မသိဘူး''

သူ့စိတ်က ပြတ်ပြီဆို ရှင်းရှင်း။

"သိစရာလဲ လိုမှမလိုတာ''

"ကောင်းရောပဲ''

"ငါ့အတွက် မိန်းမမလိုဘူး. . . လိုအပ်လာရင် ငါ ရှာ တတ်ပါတယ်''

"မင်းကွာ. . . မိဘ စိတ်ဆင်းရဲအောင်''

"ဒါ. . . သူတို့ဘာသာရှာထုတ်လာတဲ့ ပြဿနာတွေ ကွ''

"မင်းတော့ ခက်တယ်''

အောင်သန့်က ဆံပင်တွေကုတ်ပစ်၏။

"မင်း အပြတ်ငြင်းလိုက်ပါလား''

"စကားအတိုင်း ငြင်းတာပဲ''

ညီညီက အဓိပ္ပာယ်ပါပါ ရယ်နေသည်။ သူ့ရယ်သံတွေ က သူ့ခေါင်းမာမှုကို ဖော်ပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



''နေရာချင်း လဲလိုက်ချင်တယ်ကွာ''

''မင်းဟာမလေးလဲ. . . ငါမကြိုက်ပါဘူး. . . ကြားရရုံနဲ့တင် စိတ်ပျက်တယ်. . . မိန်းမပီသမယ့်ဟာလေး မဟုတ်ဘူး''

''ညီညီရာ. . . အိမ်မှာ တံမြက်စည်းလေးတောင် မလှည်းရတာ. . .ဘယ်လိုလုပ် မိန်းမပီသနိုင်မလဲ. . . ဒါ သူ့အပြစ်မှမဟုတ်တာ''

''အင်း. . . မင်းကတော့ ရေရှည်မှာခက်မယ်''

''ဘာကိုလဲ''

''အဲဒီဟာလေးနဲ့ဆို မင်း စိတ်ညစ်ရမှာပေါ့''

သည်တစ်ခါတော့ ညီညီဘမြင့် စကားကို အောင်သန့်က တဟားဟားအော်ရယ်ပစ်သည်။

''ဘာရယ်တာလဲကွ''

''မင်းပြောတာ သဘောကျလို့''

''ဟင်. . .''

ညီညီ နားမလည်နိုင်ပါ။

''ဒီမှာ ညီညီ''

''အင်း. . . ပြောပါဦး''

''တွယ်တာက ငါ့ကို လက်ခံမယ်ဆို ငါ တစ်ရေးနိုး



ထ လက်ထပ်နိုင်တယ်. . . သူ့လို ကြွေရုပ်ကလေးနဲ့ ကျိုကျိုဆက်ချမ်းသာတာ ငါလိုလူက ငြင်းစရာကိုမရှိဘူး. . . တွယ်တာတာ ငါ့ကိုရှိတယ်လို့တောင် စာရင်းမသွင်းဘူး''

ညီညီဘမြင့်က မျက်နှာကြီး တည်သွားပြီး. . .

''ဒါဆို မင်းဟာမလေးက မာနကြီးကြီး. . . ဘဝင်မြင့်မြင့်. . . အောက်ခြေလွတ်ကလေးပေါ့. . . တော်ရုံလူကို လူမထင်ဘူးဆိုတာမျိုးလား. . . မင်း ချိုးမွမ်းရင်း ချိုးမွမ်းရင်း အပြစ်တွေထွက်တွက်လာတာ အံ့ဩစရာပဲ''

''သူက ငါ့ကို သူငယ်ချင်းတစ်ယောက်လိုပဲ သဘောထားတာ''

''ကျလောက်ပါရဲ့. . . မင်းဟာမလေးက သူ့ကိုယ်တိုင်တာအရည်အချင်းမှမရှိဘဲ ယူမယ့်ယောကျ်ားကျတော့ ရွေးချယ်ချင်တဲ့လား. . . ချမ်းသာတာ သူ့မိဘပဲ. . . ချောတယ်ဆိုတာလှရာပါကသိုလ်. . . သူ့အရည်အသွေးက ဘာများရှိလို့ မင်းကိုသူတာ စာရင်းထဲမထည့်ရမှာလဲ ပြော. . .''

''မင်း မကြားဖူးဘူးလား ညီညီ''

''ဘာကိုလဲ''

''မိန်းမတို့အချင်း အဆင်းတဲ့''

www.burmeseclassic.com

www.burmeseclassic.com



''အင်း. . . လှလို့ ဘဝင်မြင့်နေတယ် ဆိုပါတော့''

''တကယ် ချစ်စရာကောင်းတာကွ. . . မျက်လုံးလေ

တွေကို စိုင်းနေတာပဲ. . . စာဖွဲ့ချင်စရာ အလှလေး''

''မင်းတော့ ရူးနေပြီ''

ညီညီ မညှာမတာ ဝေဖန်၏။

''အေးပေါ့လေ. . . မင်းက မြင်မှမမြင်ဖူးသေးတာ''

''မြင်ဖူးလဲ မင်းလို မရူးပါဘူး''

''ပြောထားဦးပေါ့''

အနိုင်ပိုင်း ပြောလိုက်ရတာကို ညီညီ ကျေနပ်သည်

သည့်ကောင် အာချောင်လို့သာ ဟိုဟာမလေး၊ သိတာ။ သိ

ငှားတာ။ အမှန်တော့ တရားခံက အောင်သန့်။

''သွားမယ်ကွာ''

''အေးပါ. . . ခွေ လက်ထဲရောက်ရောက်ချင်း ငါ လ

ပို့မယ်''

''အင်း''

အောင်သန့်က သူ့ကို လက်ပြနှုတ်ဆက်ပြီး အိမ်

လှည့်ဝင်သွား၏။

ကားမောင်းလာရင်း ဖေဖေ့ကို ဘယ်လိုအကြောင်း



မလဲ တွေးနေမိပါသည်။

သူ့ကို ဖေဖေ အပြစ်ရှာတွေ့ပြီး ဟိုကိစ္စပါ တရှည်တ

လျား ထည့်ပြောဆူတော့မှာ သိနေသည်။

ဘာပဲဖြစ်ဖြစ် သူလည်း ငုံခံရုံပါပဲ။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"သားရေ"

အခန်းထဲဝင်ဖို့ တံခါးလေးလှပ်ရုံရှိသေး မေမေက ထမင်းစားခန်းမှ လှမ်းအော်ခေါ်သည်မို့ တံခါးလေးပြန်စေ့ကာ သူ လှည့်လျှောက်လာ၏။

ထမင်းစားခန်းမှာ မေမေနှင့် ကိုကိုပဲရှိသည်မို့ သူ ပေါ့ပါး သွား၏။

"ဖေဖေကော"

"အစည်းအဝေးရှိတယ်ဆိုလား. . . သွားတာပဲ. . . ည



နေမှ ပြန်ရောက်မယ်"

"ကောင်းတယ်"

ညီညီက ပြောပြောဆိုဆို ကိုကိုနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်သည်။

ကိုကိုက ကော်ဖီသောက်နေရာမှ မော့ကြည့်ပြီး. . .

"ဖေဖေ စိတ်အနှောင့်အယှက်ဖြစ်အောင် မင်းမလုပ်ပါနဲ့"

ခပ်တိုးတိုးဆို၏။

"ကိုကို"

"ဘာလဲ"

"ညီ စိတ်အနှောင့်အယှက်ဖြစ်အောင် ဖေဖေ ဖွတ်ဆိုက်တွန်းနေတာကော ဘာပြောမလဲ"

"ညီ့ကို ကောင်းစေချင်လို့ပါ"

"အဓိပ္ပာယ်မရှိဘူး"

"ကဲပါ သားငယ်ရယ်. . . ကော်ဖီသောက်. . . အဲဒါတွေ နောက်မှ ဖြည်းဖြည်းပြောကြတာပေါ့"

မေမေက တင်းမာကုန်မှာစိုးတော့ အချိန်မီ ဝင်ဖြန်း၏။ ကိုကိုက မေမေ့စကား နားထောင်ချင်ပုံနှင့် ခပ်ကြာကြာ

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်သွား၏။

နောက်တော့မှ ညီညီ့ကို တစ်ချက်ကြည့်ပြီး. . .

''ဟိုတစ်နေ့ညနေက ဖေဖေ့မိတ်ဆွေတစ်ယောက် ညစာကျွေးလို့ ငါပါလိုက်သွားရတယ် ညီညီ''

ဟု စကားပြန်စသည်။

''အဲဒါ ဘာဖြစ်သလဲ''

''အဲဒီ ညစာစားပွဲကို ဖေဖေ့သူငယ်ချင်း မင်းယောက္ခမ လော်င်းကြီးလဲ လာတယ်. . . မိသားစု စုံစုံလင်လင်ပဲ''

''ဪ''

''မင်းနဲ့ ဖေဖေတို့ သဘောတူထားတဲ့ ကောင်မလေး လဲပါတယ်. . . ဖေဖေက ငါ့ကိုပြတယ်''

ညီညီက မျက်နှာကြီးသုန်မှုန်ပြီး ဘာတစ်ခွန်းမှ ပြန်မမေး တော့ပေ။

မေမေက သားငယ်ကိုကြည့်ပြုံးနေ၏။

''အစက ငါလဲ မြင်မှမမြင်ဖူးတာ. . . မြင်ဖူးသွားတော့ ဘာဖြစ်သလဲ သိလား ညီညီ''

''ဘယ်သိမလဲ. . . ညီညီက ကိုကို့စိတ်ကို ဝင်ကြည့် နိုင်တာမှမဟုတ်ဘဲ. . . ကိုကိုကလဲ ကတ်သီးကတ်သတ်''



ဘုကျကျဖြေသော ညီညီ့ကို ကိုကိုက ခွင့်လွှတ်ပြုံးက သားနှင့်. . .

''သေချာနားထောင်နော် ညီညီ''

ဟု တလေးတနက် ဆိုသည်။

''ပြောမှာသာ ပြောပါဗျာ''

သူ စိတ်မရှည်နိုင်ပါ။

''ငါ. . . တိုက်တွန်းချင်လာတယ် ညီညီ''

''ဘာ. . .''

''ဟုတ်တယ်. . . ဒီကောင်မလေးက အရမ်းချစ်ရာ ကောင်းတယ်. . . မျက်နှာလေးက အပြစ်ကင်းစင်တယ်. . . ဖြူစင်စင်လေး''

''ညွှန်းလှချည်လား''

''ငါ့မှာ ရည်းသွယ်မရှိသေးရင် ဖေဖေ့ကို ငါ ပူဆာ မှာ''

ကိုကိုက စိတ်ပါလက်ပါဆို၏။

''မင်း. . . ကံကောင်းတယ် ညီညီ. . . သူ့ပုံစံက ငယ့်ကို သန့်သန့်စင်စင်ကလေး. . . ပြီးတော့ သူ့အပြော စကားကို သူက နားထောင်မယ့်ပုံလေး. . . မင်းကို ငြင်း

www.burmeseclassic.com

www.burmeseclassic.com



မှာမဟုတ်ဘူး''

''စိတ်မဝင်စားပါဘူး ကိုကိုရာ''

''မြင်ဖူးတယ်ရှိအောင် ကြည့်လိုက်ပါဦး''

ကိုကိုက ရယ်သံနှင့် ခပ်ရွှင်ရွှင်နောက်သည်။

''မေမေ''

''ဘာလဲ သားကြီးရဲ့''

''မေမေ့သားငယ်ကို သူ့ကောင်မလေးလိပ်စာ ပေးလိုက်ပါဦး''

''မလိုပါဘူးဗျာ''

မေမေနှင့် ကိုကိုက သူ့ကိုရယ်ချင်နေကြသည်။

''လိုပါတယ်ကွာ''

''လုံးဝမလိုဘူး''

''မင်း တစ်ခါလောက်တော့ မြင်ဖူးသင့်တယ်''

''မမြင်ဖူးချင်ပါဘူး''

''မြင်ဖူးသင့်တာပေါ့''

''တော်ပြီဗျာ''

ကော်ဖီပန်းကန်လုံးကို ဆောင့်ချပြီး ခုံကိုနောက်ဆုတ်ကာ ဝုန်းခနဲထမိ၏။



''သားကြီးရယ်...သားလေး မကြိုက်တာကို''

''မေမေ့သားက သည်းကိုသည်းတယ်''

သူ ခြေလှမ်းကျဲနှင့် လျှောက်လာမိ၏။ ကာထားသော လိုက်ကာစကို ဒေါနှင့်မောနှင့် ဘေးဖယ်ပစ်သည်။

''မေမေရာ... ဒီကောင် အလကား ကြီးကျယ်နေတာ...တွယ်တာက ဘယ်လောက်ချစ်စရာကောင်းလဲ... မေမေလဲ တွေ့ဖူးသားပဲ...ဒါကိုများ ဒီကောင်က ငြင်းနေရတယ်ရှိသေး''

လွင့်လာသော ကိုကို့အမြင့် စကားကြောင့် တလှမ်းလှမ်း လှမ်းနေသော သူ့ခြေထောက်အစုံ တုံ့ခနဲရပ်လိုက်သည်။

ကိုယ်ကြီးမတ်သွားပြီး မျက်ခုံးနှစ်ဖက်သည်လည်း မြင့်တက်သွား၏။

တွယ်တာ...

အဲသည်နာမည်ကို တစ်မနက်တည်းမှာ ကြားရတာ နှစ်ကြိမ်ရှိပြီ။ တစ်ယောက်တည်းလား၊ နှစ်ယောက်လားတော့ မသိပါ။

တွယ်တာတစ်ခုက ချစ်စရာကောင်းခြင်း ဆိုတာပဲ။

အောင်သန့် ပြောသော တွယ်တာကလည်း ချစ်စရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်။ ကိုကိုပြောသော တွယ်တာကလည်း ချစ်စရာကောင်းသည်။

ညီညီဘမြင့် ခဏစဉ်းစားလိုက်၏။ ပြီးတော့ ထမင်းစားခန်းဘက် ပြန်လှည့်သည်။

ကိုကိုနှင့် မေမေက သူ့ကို တအံ့တသြကြည့်နေ၏။

"မေမေ"

"ဘာလဲ သားငယ်"

"အဲဒီ တွယ်တာဆိုတာ အင်းလျားမြိုင်ထဲမှာနေတာ မဟုတ်လား...(...)လမ်းမှာ ကွန်ပျူတာတက်နေတဲ့ ဗစ်ယောက်ရှလား"

"ဟိုက်..."

"ဟင်..; သားလေးက သိလို့လား"

မေမေရော ကိုကိုပါ အတော်လေး အံ့အားသင့်ကြ၏။

"သိပါတယ်...အခုတောင် အိပ်ရာကမထသေးဘူး...ဘာမှအသုံးကျတဲ့ဟာလေး မဟုတ်ဘူး...ကောင်လေးတွေက ရှုပ်ကလေးကြည့်ပြီး ဝိုင်းနေတာ...သား လုံးဝကြည့်မရပါဘူး...အဲဒီဟာလေးဆို အခါတစ်ရာငြင်းတယ်...သိလား မေမေ"



မေမေက မျှော်လင့်တကြီးဖြစ်နေရာမှ သူ့စကားတွေကြောင့် လက်လျှော့သွား၏။ ကိုကိုက မေမေ့ကို လှမ်းကြည့်သည်။

"မေမေ...ဖေဖေ့ကို ပြောလိုက်ပါ...အဲဒီဟာလေးဆို သားက ဒီတစ်သက်မဟုတ်ဘူး...နောက်တစ်သက်တောင် စဉ်းစားဘူးလို့"

သူက ချာခနဲလှည့်ထွက်လာခဲ့သည်။

ကြဲကြဲဖန်ဖန် သည်လောက်ပဲ တိုက်ဆိုင်ရသတဲ့လား။ အခုကတည်းက သူ့ကိုဒုက္ခပေးသော ကောင်မလေး။ သူနှင့်စိဉ်ချင်တာ အဲသည်ဟာလေးမှန်း အစကမသိခဲ့ပါ။

သူ ခေါင်းကြီးကြီးနှင့် ငြင်းနိုင် ရှောင်နိုင်ပါမှ။ အစတုန်းကတော့ ဘယ်သူမှန်းမသိ၊ ဘာမှန်းမသိဘဲ ငြင်းနေရတာ။ ခုတော့ ခါးသီးမှုနှင့် ငြင်းကိုငြင်းရမှာ။

အောင်သန့် သိရင် အော်ရယ်မလား။ စိတ်ထိခိုက်မသွား မသိနိုင်ပါ။

သည်ကိစ္စကို မပြောဘဲထားလိုက်တာ အေးသည်။ ခေါင်းထဲမရှိသော အကြောင်းအရာကို စကားထဲ ထည့်မပြောချင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



နဂိုကတည်းက သေချာနေသော ကိစ္စတစ်ခု။ အပြီး အပြတ်ကို သေချာသွား၏။

သည်ကောင်မလေးနှင့် သူ ဘယ်လိုမှမဖြစ်ပါ။ နောက် တစ်ခါ ဖေဖေ သည်ကိစ္စပြောကြည့်၊ သူ့ဘက်က နိုင်နိုင်လုံလုံ ငြင်းစရာတွေ ရှိနေပါပြီ။



## အခန်း (၆)

အားနာတယ် ကိုအောင်ရာ တကယ်ပါ"

တွယ်တာက အသံတိုးလေးနှင့် ဆိုမိ၏။

"ငါ ညက အနိတ်စကိုရွှဲပြီး မအိပ်ဘဲ နေလိုက်လို့ . . . မနက် ဘယ်လိုမှမနိုးဘူးဖြစ်သွားတယ် . . . ဆောရီးနော်"

"ရပါတယ်"

"ငါ့ကြောင့် မျက်နှာပျက်စရာဖြစ်ရတာ . . . ငါ စိတ် ကောင်းပါဘူး"

"အင်း . . . ဖြစ်ပြီးတော့မှ ဘာတတ်နိုင်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်"

"ပြော"

"နင့်သူငယ်ချင်း ငါ ပြောပေးရမလား"

"မလိုပါဘူး ရပါတယ်...ငါ ခွေလာယူမယ်လေ"

"အင်းပါ...ငါ နင့်သူငယ်ချင်းကို တောင်းပန်ပေးမ
မယ်"

ရေချိုးခန်းတံခါး လှစ်ခနဲပွင့်သွားတော့ တွယ်တာက
မျက်လုံးလေး ဝေ့ကြည့်သည်။

"သမီး တွယ်တာ...မြန်မြန်ပြောကွယ်...ရေချိုး
ရင်းတန်းလန်း အအေးမိမယ်...နောက်မှ ပြန်ဆက်ပြောချ
ပြော"

"အင်းပါ"

အန်တီစုက တံခါးဝလာရပ်သတိပေး၏။

"ဒါပဲနော် ကိုအောင်...နင်လာခဲ့လေ"

တွယ်တာက ခလုတ်လေးနှိပ်ပြီး ကော့ဒ်လက်စ်ကို အန်
စုထံ လှမ်းပေး၏။

"အန်တီစု ဘာမှန်းလဲမသိဘူး...တစ်ဖက်ကလူ အား
နာစရာ"



"အားနာရင် ညည်းလေး မြန်မြန်ပြောပေါ့"

"ပြောနေတာပဲ"

"ဘာ အားနာစရာလဲ...သူငယ်ချင်းတွေပဲ"

"ဒါတော့ ဒါပေါ့"

"ဒီမှာ ရေချိုးရင်းမတ်တပ် တရှည်တလျား လျှောက်ပြောနေရင် နေမကောင်းဖြစ်မယ်...နေမကောင်းဖြစ်ရင် အဲဒီကောင်လေးက ကော်ဖီတစ်ခွက် ဖျော်တိုက်မှာမဟုတ်ဘူး...ဆေးတစ်လုံး လာတိုက်မှာမဟုတ်ဘူး...အိပ်ရေးပျက်ခံ လာထိုင်စောင့်ပေးမှာမဟုတ်ဘူး"

"နားငြီးတယ်"

တွယ်တာ ရေချိုးခန်းတံခါးကို ဆွဲပိတ်ပစ်၏။ မျက်နှာသုတ်ပဝါကို ဖယ်ပစ်ရင်း ရေပန်းပိုက်ကလေးကို ဖြုတ်ယူ သည်။

မျက်နှာလေးမော့ပြီး မျက်နှာပေါ် ခပ်ဖြည်းဖြည်း ဖျန်းရင်း နှုတ်ခမ်းလေး ကိုက်မိ၏။ အိပ်ရာနိုးတာနှင့် စိတ်မကြည်စရာ စတင်တွေ့ရပြီ။

ရေချိုးခန်းတံခါး လာမထုခင် မြန်မြန်ချိုး မြန်မြန်ထွက် မြန်မြန်အဝတ်အစားလဲပြီး ဆင်းလာတာတောင်မှ...

"ကြာလိုက်တာ...ကော်ဖီတွေ အေးကုန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုသေး၏။

"အေးလေ ကောင်းတာပဲ"

"ပြီးရော"

အန်တီစုက တွယ်တာစားဖို့ ထမင်းကြော်နှင့် ကြက်ဥကြော်ကို ကျကျနန ပြင်ဆင်ပေးထားပါသည်။

"ညကတည်းက ပြောတယ်"

ထမင်းကြော်တစ်ဇွန်း ခပ်စားရုံရှိသေး ကြားရပြီ သည်အသံတွေ။

"စောစောအိပ်ပါလို့ . . . ခု ကြည့်စမ်း. . . ဆယ့်တစ်နာရီထိုးပြီ. . . ဒီကြားထဲ လာလိုက်တဲ့ တယ်လီဖုန်း. . . အဲဒီမောင်အောင်သန့်ဆို ခုနစ်ကြိမ်လောက်ရှိနေပြီ. . . ဘာတွေဒီလောက်အရေးကြီးနေလဲ မသိဘူး"

"သမီး သူ့ဆီက ခွေတစ်ခွေငှားထားလို့"

"အောင်မလေး. . . ပြန်မပေးမှာကျနေတာပဲ"

"သူ့ညစ္စာမဟုတ်ဘူး အန်တီစုရဲ့. . . မသိဘဲ ပြောမနေနဲ့"

"သူ့ဟာမဟုတ်ဘဲ သူက ဘာလို့ငှားလဲ"

"တွယ်တာက ဖွတ်ယူလာတာ"



"ဒါကြောင့် ပြောတာ. . . အရင်းစစ်တော့ အမြစ်မြေတာ"

"ဒါကြောင့်ပြောတာ. . . အရင်းစစ်တော့ အမြစ်မြေက"

တွယ်တာ နှုတ်ခမ်းလေး စူထော်လာ၏။ အန်တီစုက လှမ်းကြည့်ပြီး စကားတစ်ခွန်းမှ မဆိုတော့ဘဲ မီးဖိုဆောင်ဘက်လှည့်ဝင်သွား၏။ ဆက်နေလျှင် ဆက်ပြောလျှင် တွယ်တာ ပေါက်ကွဲတော့မှာ။ အော်ဟစ်မိတော့မှာ တွယ်တာ့မျက်နှာရိပ်ကို အန်တီစုက သိသည်ပေါ့။

အလိုလိုမှ ခေါင်းတွေက အုံခဲနေတာ။ နိုးနေတာ ကြာပေမယ့် မျက်လုံးတွေက မထချင်။ ဆက်အိပ်ချင်သေးသည်။ ည ဘယ်လောက်ပဲ အိပ်ရေးပျက်ပျက် မနက်ဆို မိုးလင်းတာနှင့်နိုးရော။ ပျင်းပျင်းနှင့် ဆက်ခွေချင်သာ ခွေနေမှာ။ နှစ်နှစ်ခြိုက်ခြိုက် ပြန်အိပ်မပျော်တော့တာ ဘာကြောင့်မှန်းမသိပါ။

အိပ်ရေးပျက်လျှင် တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်လျှင် တစ်နေ့လုံး ခေါင်းမူးတတ်တာ သူမ အကျင့်ဝါ။ ခေါင်းမူးတော့ ရင်ထဲပြည့်ကာ အန်ချင်သည်။

ဒါတွေကို အန်တီစုက သိလို့လည်း အိပ်နေလျှင် လုံးဝနှိုးမပေးတတ်ပါ။ သည်တစ်ခုတော့ အန်တီစုပန်ကို တွယ်တာ

www.burmeseclassic.com

www.burmeseclassic.com



သဘောကျပါသည်။

ထမင်းကြော်ကို စိတ်အေးလက်အေးစား၊ ကော်ဖီသောက်နေတော့ အန်တီစုပန်က ကိတ်မုန့်ပန်းကန်လေး လာချပေး၏။

''တော်ပြီ. . . တွယ်တာ မစားချင်တော့ဘူး''

အန်တီစုက တဖျပ်ဖျပ်လျှောက်သွားပြီး ဘီစစ်ပုလင်းထဲက ဘီစစ်တစ်လုံး ထုတ်ယူလာ၏။

''ရော့. . . ကော်ဖီနဲ့ သောက်ချလိုက်. . . ခေါင်းကြည်သွားအောင်''

သည်တစ်ခါ ဆန့်ကျင်ဘက်မဆိုနိုင်ဘဲ ယူသောက်သည်။

''ဒီအချိန်ထိအိပ်တော့ ခေါင်းအုံ့မှာပေါ့''

မှန်နေတော့ ငြိမ်နေလိုက်သည်။

သိပ်မကြာလိုက်ဘဲ အောင်သန့် ရောက်လာ၏။ တွယ်တာက အောင်သန့်ဖို့ ကော်ဖီတစ်ခွက် ငှဲ့ထည့်ပေးဖို့ပြင်တော့. . .

''နေ နေ. . . အန်တီ လုပ်ပေးမှာပေါ့''

ဟုဆိုပြီး တွယ်တာကို တစ်ချက်ကြည့်၏။ အန်တီစုက



ကော်ဖီပန်းကန်ကို အောင်သန့်ဘက် တိုးပေးသည်။

''သောက်ကွယ်. . . သားလေးက ခွေကိစ္စလို့မှမပြောဘဲ. . . အန်တီစုပန် ရှာပေးမှာပေါ့. . . တခြားကိစ္စမှတ်လို့''

''ဟုတ်ကဲ့. . . ရပါတယ် အန်တီ''

စောစောတုန်းက သူ့အလုပ်သူလုပ်နေတာ။ အောင်သန့်ရောက်လာမှ တွယ်တာ့အေး ဝင်ထိုင်ပြီး စကားဆိုနေတော့ နားပင်မလည်နိုင်အောင်ပါ။ အန်တီစုပန် ကြည့်ရတာ အောင်သန့် မပြန်မချင်း ထိုင်နေတော့မည့်ဟန်။ တွယ်တာ မျက်ခုံးလေး ရှုံ့သွားရသည်။

အန်တီစုပန် စိတ်သဘောထားက ဘယ်လိုပါလိမ့်။ အောင်သန့်နှင့် တွယ်တာ လွတ်လွတ်လပ်လပ် ပြောဆိုကြမှာ မလိုလားဘူးလား။ သူငယ်ချင်းတွေဆိုတာလည်း အားလုံးအသိ။

သည်အရွယ်သာ ရောက်လာရော ဖေဖေနှင့် မေမေ တွယ်တာ့ကို ဒါမျိုး အဟန့်အတား တစ်ခါမှမလုပ်ခဲ့ပါ။ တွယ်တာ့ကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ပေးထားခဲ့သည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိအောင် လေ့ကျင့်ပေးခဲ့သည်။

သူငယ်ချင်းကလွှာမှာလည်း ကိုယ့်ဆန္ဒ။ ကြိုက်တဲ့ရာလူကို ပေါင်းစေသည်။ ဖေဖေ မေမေတို့က ခေတ်ပွင့်လင်းသ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ကြီးစုက တံခါးကို ဖွဖွကလေး နှစ်ချက်ခေါက်ပြီး ေ
နေလိုက်၏။

တွယ်တာက တံခါးလာဖွင့်ပေးသည်။

''ဘာလဲ''

''နို့ရပြီ သမီးရယ်''

အငွေ့တွေ တထောင်းထောင်းထနေတော့ တွယ်တာ
မျက်နှာလေးမဲ့သည်။

''ဒီလောက်အပူကြီး ယူလာရသလား''



''သမီးက အေးမှကြိုက်တာလား''

''ပူပူနွေးနွေးလေးပေါ့. . . ဒီလောက် ပူခြစ်နေရင် လျှာ
ကျက်မှာ''

''အင်း. . . အင်း. . . နည်းနည်း အေးအောင် ပြန်လုပ်
မယ်''

ကြီးစုက နို့ခွက်လေးကိုင်ပြီး ပြန်ထွက်သွား၏။

ခဏကြာတော့ တစ်ခေါက်ပြန်ရောက်လာပြီး တံခါး
ခေါက်သည်။

''ရပြီ သမီးလေး. . . ရော့''

''အင်း. . . ပေး. . . ပေး''

တွယ်တာက လှမ်းယူပြီး တံခါးပိတ်လိုက်၏။

နို့ခွက်လေးကို စားပွဲပေါ်တင်ရင်း ကြိတ်စုပန်ကို ဖျတ်
ခနဲ သတိရမိသည်။

ညတိုင်းညတိုင်း တစ်ညမပြတ် အမြဲတိုက်တော့ အိပ်ရာ
ဝင်ခါနီးဆို နို့တစ်ခွက်မသောက်ရသေးလျှင် တစ်ခုခုလိုနေသ
လိုလို အိပ်မပျော်ချင်ပါ။

ကြီးစု ဖျော်ပေးသော နွားနို့ကိုလည်း စိတ်တိုင်းမကျ။
ကျက်ပုံကိုက မတူတာနေမှာ။

www.burmeseclassic.com

www.burmeseclassic.com



ရင် တော်တော်နဲ့ ပြန်မှာကိုမဟုတ်ဘူး။

မျက်လုံးနှစ်စုံ ဆုံကာ စကားတွေအချေအတင် ဖြစ်ရသည်။

အန်တီ တွယ်တာ စိတ်မရှည်ဘူးနော်။ ဟွန်း. . . ဘာမှတ်လဲ။ ခြံထဲဆင်းပြီး ဒန်းပေါ်သွားထိုင်ပြောပစ်လိုက်မှာ။ မလုပ်ဘူးမထင်နဲ့။ တွယ်တာ့ မျက်လုံးတွေက ဒေါသရိပ်နှင့် တလက်လက်ပြာလဲ့လာ၏။

''သမီး''

အန်တီစုပန်က အကြည့်မလွှဲသေးဘဲခေါ်၏။

''ခဏနေရင် သမီးမေမေနဲ့ အပြင်လိုက်သွားရမှာ. . . ပြင်ဆင်ရဦးမှာဆိုတော့ စကားမြန်မြန်ဖြတ်ကြရအောင်. . . သမီးလေး မေ့နေမှာစိုးလို့. . . တော်ကြာ မေမေ ဆူနေမှာ''

''အင်းပါ''

တွယ်တာ့အကြည့်ကို နားလည်တော့ အန်တီစုပန်က တစ်ဆင့်လျှော့ချသည်။

ဒါတောင် အကြာကြီး စကားဖောင်ဖွဲ့မနေဖို့ မှာခဲ့သေးတာ။

အန်တီစုပန် ထွက်သွားတော့မှ တွယ်တာက ကျေနပ်စွာ



ပြုံးပြီး ကော်ဖီပန်ကန်လုံးလေးကို ကောက်ယူမော့သောက်သည်။

''တွယ်တာ''

''ဟင်. . .''

''အဲဒီမိန်းမကြီးက ဘာလဲဟ''

အောင်သန့်က မအောင့်နိုင်ဘဲ ချက်ချင်းမေးသည်။

''မသိပါဘူးဟာ''

''နင့်ကို အရိပ်တကြည့်ကြည့်ပဲ''

''အလကားပါ''

''သူ့ပုံစံက တင်းတင်းကြီးချစ်ပုံလဲ မရပါဘူး''

''ခေါင်းရှုပ်ပါတယ်ဟာ. . . ထားစမ်းပါ. . . နေဦး. . . ဒီ ခွေသွားယူခဲ့မယ်. . . ခဏစောင့်''

တွယ်တာက ဗီဒီယိုခွေလေးကို အပေါ်ထပ်တက်ယူပေးသည်။

ဂါဝန်ဖြူဖြူလေးနှင့် သူမသဏ္ဌာန်လေးက မြင်သူစွဲမက်လောက်ပါသည်။ ဘယ်လို အသည်းယားစရာလေးမှန်းမသိ။

စိတ်လွတ်ကိုယ်လွတ် လိုက်ကြည့်မိပြီးမှ အောင်သန့်အတီဝင်ကာ အကြည့်လွှဲမိတော့ စူးစူးစိုက်စိုက် ကြည့်နေသော မျက်လုံးတစ်စုံနှင့် တန်းတိုးသည်။ ရင်ထဲမှာ ဒုန်းခနဲမြည်အောင်

www.burmeseclassic.com

www.burmeseclassic.com



လန့်သွားမိဏ်။

အန်တီစုပန်က သူ့ကို အကဲဖမ်းစောင့်ကြည့်နေတာ။

အောင်သန့် ခေါင်းငုံ့ထားမိ၏။ တစ်ခါကြည့် တစ်ခါမိဆိုတာမျိုးဖြစ်ရသည်။

"ရော့လေ. . . ခေါင်းကြီးငုံ့လို့ဟဲ့. . . နင်က သတို့သားလောင်းမို့ ရှက်နေတာလား. . . ဟ. . . ဟ. . . ရယ်ရတယ်"

တွယ်တာက ပွင့်ပွင့်လင်းလင်း နောက်သည်။

"ဟာ. . . ဘာတွေလျှောက်ပြောနေတာလဲ"

လှမ်းပေးသော ခွေကိုယူပြီး ကျွတ်ဟု ရေရွတ်လိုက်၏။

"ပြန်မယ်ဟာ"

"ဟောတော့. . . မြန်လိုက်တာ"

"နောက်မှပဲ လာမယ်"

"ဘယ်တော့လဲ. . . ဘယ်နေ့လဲ. . . ပြောခဲ့ပါဦးမောင်တော်ရယ်"

အောင်သန့်ကို စနေကျ။ တွယ်တာက သူ့ကိုဆိုကောင်မလေး သူငယ်ချင်းတွေလိုပဲ။

သူ့ရှေ့မှာ ရှက်ရွံ့အနေခက်ဖို့ဝေးလို့ ဟာသမြောက်အောင် လျှောက်လောင်နေတတ်တာ။



"တွယ်တာ. . . မနောက်နဲ့ဟာ"

"ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း"

အောင်သန့် တစ်ချိုးတည်းထလစ်တော့ မနည်းပြေးလိုက်ရသည်။

"ဟဲ့. . . ဟဲ့. . . ဟဲ့. . . နေပါဦး. . . လိုက်လာရတာလျှာထွက်တော့မယ်. . . ပြောစရာလို့ ခဏရပ်ပါဦး"

ခြံတံခါးနားရောက်မှပဲ အောင်သန့်က ရပ်တော့သည်။ တွယ်တာက လျှာထွက်ပြ၏။

"ပြော. . . ဘာလဲ"

"နင့်သူငယ်ချင်းကို ငါ တောင်းပန်ပေးရမလား. . . ဖုန်းနံပါတ်ပေးလေ"

"ရပါတယ်. . . နင်နဲ့မှ မသိတာ"

"မသိလဲဘာဖြစ်လဲဟဲ့"

"မဆက်ပါနဲ့"

"ဘာလို့"

"နင် ရှည်လှချည်လား"

"ဘာလို့ မဆက်ခိုင်းတာလဲ"

"နင့်ကို ဒီကောင် ဒေါပွသွားတာ. . . ဆယ်ခါစ်နာရီ

www.burmeseclassic.com

www.burmeseclassic.com



အဆီအိပ်နိုင်တဲ့ ကောင်မလေးဆိုပြီး အပျင်းထူလို့ ယူဆသွားတာ. . . တော်ကြာ ဖုန်းဆက်ရင် နင်နဲ့ စကားများရမှာအတိအကျပဲ''

''အောင်မယ်. . . သူ့မျက်စိ ငါ ငှားအိပ်တာကျနေတာပဲ''

တွယ်တာက နှုတ်ခမ်းလေးမဲ့သည်။

''ငါ့ဟာငါ ဘယ်အချိန်နိုးနိုး သူ့ကိစ္စမှမဟုတ်တာ. . . နင့်သူငယ်ချင်းက ကြီးကျယ်လှချည်လား. . . နာမည် ဘယ်သူလဲ''

''ညီညီဘမြင့်တဲ့''

''ဪ''

တွယ်တာက ခေါင်းကလေးတဆတ်ဆတ်ညိတ်သည်။

''နင့်ကိုတွေ့ရင် အပြတ်ပြောမယ်လို့ ဒီကောင်က တေးသွားတာဟ. . . ဒါကြောင့် မဆက်နဲ့လို့တားတာ''

''ပြီးရောလေ''

အောင်သန့်က တွယ်တာကို ငဲ့ကြည့်၏။

''နင် တစ်နေ့တစ်ခြား လှလာတယ်''

''အဲဒါ နင်နဲ့ ဘာဆိုင်လဲ''



''မျက်စိထဲမြင်တာ ပြောတာပါ''

''နင်ဟာလေ ဟုတ်လဲဟုတ်တယ်''

''ဘာဟုတ်တာလဲ''

''အန်တီစုပန်က နင့်အကြောင်းသိလို့ အနားလာထိုင်နေတာ''

အောင်သန့် ပခုံးတွန့်သည်။

''ငါ တကယ်လန့်တယ်. . . နင့်ဆီ သိပ်မလာရဲတော့ဘူး''

''ကောင်းတယ်. . . ကောင်းတယ်''

''သူ့မျက်လုံးကြီးတွေက ငါ့ကို စားတော့ ဝါးတော့မလို[illegible]''

တွယ်တာ တခစ်ခစ် ရယ်နေမိပါသည်။

''ဒီလို ကြောက်ရတဲ့သူလဲ ရှိဦးမှပေါ့''

ခြတံခါးပိတ်ပြီး အိမ်ပေါ်ပြန်တက်လာတော့ အန်တီစု[illegible] အနားရောက်လာပြီး. . .

''စကားနောက် တရားပါ. . . ဘာလို့ ပေါက်ကရတွေလျှောက်ပြောနေတာလဲ သမီး. . . ကိုယ်က မိန်းကလေး''

''ဒီလိုပဲ စနေကျ''

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူး"

တွယ်တာက လေ့ကားကို တဒုန်းဒုန်းတက်ပစ်၏။ အန်တီစုပန်က ထပ်ကြိမ်မကျွာ လိုက်လာသည်။

"ဟိုက ယောက်ျားလေး"

"သိသားပဲ"

"ဒါမျိုး စ,စရာလား သမီး"

"ရွှေယ်တာ ဘာပြောမိလို့လဲ"

"မောင်တော် ဘယ်တော့လာမလဲ ဆိုတာလေ"

"ဟာ. . .နောက်တာ. . .နောက်တာ. . . နောက်လိုက်တာ. . .နောက်တာပါဆို ဘယ်လိုပြောမလဲ အန်တီရယ် . . .အဲဒါ တွယ်တာ နောက်တာ"

တွယ်တာ ထပ်တံလဲလဲ ရေရွတ်ပြသည်။

"နောက်တာဆိုလဲ ဒါမျိုး မနောက်သင့်ဘူး"

"အမြဲနောက်နေကျ. . .အပြင်မှာဆို ဒီထက်ဆိုးတာတွေတောင် အားမနာတမ်းပြောနေကျပဲ. . .ဘာမှ အဆန်းမဟုတ်ဘူး"

နောက်က ကျားလိုက်လာသလို ခလုတ်တိုက်မတတ်ဆိုပြီး အခန်းထဲဝင်ကာ တံခါးပိတ်မိ၏။



"တွယ်တာ"

အန်တီစုပန်အသံက ခပ်ပြင်းပြင်းထွက်လာ၏။

"တံခါး ခဏဖွင့်စမ်း"

"မကုန်သေးဘူးလား ဆူစရာ"

အန်တီစုပန်က တွယ်တာ့ကို ခြေဆုံး ခေါင်းဖျားကြည့်သည်။

"ဂါဝန်က ပါးတယ်"

"ပါးတယ်"

တွယ်တာက သူ့ကိုယ်သူ ငုံ့ကြည့်၏။

"ဘာမြင်ရလို့ ပါးတာလဲ. . . မပါးပါဘူး"

"ဒီဂါဝန်ကို ညအိပ်ရာဝင်ချိန်ပဲ ဝတ်ရမယ်"

"ပြီးရော. . .ပြီးရော"

"ဟိုတစ်ယောက် မျက်လုံးကျွတ်ကျတော့မယ်"

အန်တီစုပန်က တွယ်တာ့ကို ခပ်တင်းတင်းကြည့်ပြီး လှည့်ထွက်သွား၏။

တွယ်တာက တံခါးလေးကိုပိတ်ဖို့ အဆင်သင့်ကိုင်ထားရင်း သွားတွေကို အချင်းချင်း ကျလိကျလိမြည်အောင် ကိုက်ပစ်၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုလွန်းလို့ပါ။

တံခါးပိတ်ပြီးမှ လှစ်ခနဲသတိရ၏။

မေမေနဲ့ လိုက်သွားရမယ်ဆိုလား။ အန်တီစုပန်ပြော လိုက်တာ။ အခန်းထဲကထွက်ပြီး မေမေတို့အခန်းဆီ ကူး

"မေမေ"

"ဟော. . . သမီး လာ. . . လာ. . . အနုမှုန်းလား. . . အိပ်ပုပ်မလေး"

တွယ်တာက မေမေ့ကို ကိုယ်ကြီးနှင့်ကပ်တိုက်ကာ ထိုင်ချတော့ ပါးဖောင်းဖောင်းလေးကို ချစ်စနိုး မွှေးသည်။

"သမီးလေး"

"ရှင်. . ."

"ညက စိတ်ဆိုးပြီး မအိပ်ဘူးဆို. . . မနက်ကျတော့ မနိုးဘူးဆို. . . ဖုန်းတွေလာလိုက်တာ အကြိမ်ကြိမ်ပဲဆို. . . တစ်ခွေငှားထားပြီး ပြန်မပေးလို့ဆို. . . အဲဒီကောင်လေးလာတော့ ပါးစပ်ထဲ တွေ့ကရာနောက်တယ်ဆို. . . ဂါဝန်ကလဲ ပါးတယ် တဲ့. . . ထရပ်စမ်း မေမေကြည့်ရအောင်"

အင်း. . . စုံစုံစေ့စေ့ရှိပါပေ့။ တွယ်တာ ပြောပြ တစ်ခုတလေများ ချန်ထားပါတော့လား အန်တီစုပန်ရယ်။



"ကလေးလေး"

"ဘာလဲ မေမေရဲ့"

"မတ်တပ်ရပ်စမ်း. . . မေမေ ကြည့်ရအောင်"

"အဟင်း"

တွယ်တာက ရှက်စနိုးရယ်ပြီး မေမေ့ရှေ့မှာ လက် ကားရားကလေးနှင့် ချာလပတ်ယမ်းအောင် ကိုယ်လေးနှစ်ပတ် သုံးပတ်လှည့်ပြသည်။

"ကဲ. . . ပါးလား. . . ကြည့်. . . ကြည့်"

မေမေက ပြုံးတုံ့တုံ့နှင့် ခေါင်းညိတ်ပြီးမှ. . .

"စက စိုးရိမ်လွန်းတာပါ. . . ဂါဝန်က မထူပေမယ့် မပါး ပါဘူး"

"အင်းလေ. . . အသားလွှတ်ကြီး. . . ပိုကိုပိုတယ်"

"လူကြီးကို မပြောကောင်းဘူး သမီးရဲ့"

"သမီး မှန်းလာပြီ. . . တကယ်ပဲ"

"သမီးကို အန်တီစုက ချစ်ပါတယ်ကွယ်"

"ဟင့်အင်း. . . နေရာတကာ သည်းပြနေတာ သူ ရှိ တ်တယ်ပေါ့. . . လူသိအောင် လုပ်ပြနေတာ"

"အိုး. . . သမီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



မေမေက တွယ်တာ့နှုတ်ခမ်းလေးကို လက်ချောင်းလေးနှင့်ပိတ်၏။

"ငရဲကြီးအောင် အလကား လုပ်နေတယ်ကွယ်"

"မေမေ့လူက ကောင်းမှမကောင်းတာ"

"သမီးရယ်. . . မဆိုးချင်စမ်းနဲ့. . . ဒီလိုမျိုး ကိုယ့်အပေါ်ကောင်းတဲ့လူ. . . အလိုက်သိတဲ့ နားလည်တဲ့လူ. . . သမီးကို ငယ်ငယ်လေးကတည်းက ထိန်းကျောင်းလာခဲ့တဲ့သူ. . . သမီးအကြိုက် သမီးသဘောကို သမီးပြီးရင် နားအလည်ဆုံးသူ. . . အနွံတာခံတာ စိတ်ရှည်တာ ပူပန်တတ်တာ. . . ကျေးဇူးတရားတွေ မနည်းဘူး သမီးရဲ့"

"တော်ပါပြီ မေမေ"

"အန်တီစုသာ သမီးအနားမရှိရင် သမီး ဘယ်လောက်ဒုက္ခရောက်မယ်ထင်သလဲ. . . မေမေက ကျန်းမာရေးကောင်းတာမဟုတ်ဘူး. . . အိပ်ရာထဲအနေများတာ. . . အလုပ်ကိစ္စတွေကလဲ ရှုပ်သေးတာ"

"ဟုတ်ပါပြီ. . . တွယ်တာကကော ဘာပြောနေလို့လဲ"

"သမီးက ရိုင်းရိုင်းပျပျ မပြောရဘူး. . . မလုပ်ရဘူး"

"တစ်ခါတလေ စိတ်တိုလွန်းလို့ပါ"



"ငရဲကြီးမယ် သမီးရဲ့"

"မေမေကလဲ"

တွယ်တာ ခြေဆောင့်ပြီး လှည့်ထွက်ဖို့ပြင်တော့. . .

"သမီး မေမေနဲ့လိုက်ရမယ်. . . အဝတ်အစားသွားလဲ"

ဟု လှမ်းပြော၏။

"ဘယ်လဲ မေမေ"

"မေမေ့ မိတ်ဆွေတစ်ဦးဆီကိုပါ. . . သမီး လိုက်ခဲ့မှဖြစ်မယ်"

"ဟုတ်ကဲ့"

"လိုက်ခဲ့ပြီး ဂျီကျလို့မရဘူးနော်. . . ကြားမှာ"

"ဟာ"

တွယ်တာက လေ့ကားမှဆင်းလာပြီး ထမင်းစားခန်းဘက် လှမ်းကြည့်၏။

"သမီး ဘာလိုချင်လို့လဲ"

အန်တီစုက အလိုက်တသိလှမ်းမေး၏။

"ဘာမှမဟုတ်ပါဘူး"

ပြောင်စပ်စပ်မျက်နှာလေးနှင့် တွယ်တာ ခေါင်းယမ်း

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကိုယ့်ကိုလိုက်ကြည့် အပြစ်ရှာနေတာဆိုတော့ သတိ
ထားနိုင်အောင် ကိုယ်ကလည်း ပြန်ရှာကြည့်ထားရတာ။

တွယ်တာ့အပြစ်ကို တွယ်တာ ရယ်ချင်မိပါသည်။

♛ ♛ ♛



## အခန်း (၇)

အောင်သန့် စကားတွေဆုံးတော့ ညီညီ့ဘမြင့်က ပြုံး၏။

"ရော့. . . ဒီမှာ မင်းရဲ့အသက်တမျှ အရေးကြီးတဲ့ခွေ"

"မဟုတ်ပါဘူးကွာ. . . ဖေဖေနဲ့ ရင်ဆိုင်ရမယ့်ကိစ္စမို့ပါ"

"အင်းပါ. . . ငါကလဲ စတာပါကွာ"

ညီညီက အောင်သန့်ဘေးမှာ ဝင်ထိုင်သည်။

"အဲဒီ အနိတ်ဖတ်တာ အမျိုးတော်လား"

"မတော်ပါဘူး. . . ဒါပေမယ့် တွယ်တာ့ကို ဆိုးဘေး
လာရပ်မှာတောင် မလိုလားတဲ့ပုံပဲ. . . ယောက်ျားလေးတွေနဲ့

www.burmeseclassic.com



ကင်းကင်းရှင်းရှင်း နေစေချင်ပုံမျိုး''

''ဩော်. . . ဩော်''

''သူစိမ်း ယောကျ်ားတစ်ယောက်ရဲ့ အရိပ်ကျမှာတောင် စိုးရိမ်နေပုံပဲ. . . သည်းသည်းလှုပ်လှုပ်. . . ငါကွာ. . . အသည်းယားလွန်းလို့ အဲဒီအဘွားကြီးရှေ့ ဖက်နမ်းပြချင်တယ်''

ညီညီ မျက်ခုံးကြီး မြင့်တက်သွား၏။

''စိတ်လျှော့ပါဦးကွာ''

''ငါ တွယ်တာကိုချစ်တာတော့ အမှန်ပါပဲ. . . ဒါပေမယ့် ငါ့ကို မယုံသင်္ကာသလို လာကြည့်နေတော့ ငါ့စိတ်တွေ ပိုပြီး မရိုးမရွဖြစ်လာတာ. . . ဒါပေမယ့် ငါ လှုပ်တောင်မလှုပ်ရဲပါဘူးကွာ''

''အဲဒီ ကောင်မလေးကကော''

ညီညီက မသိမသာမေးမိ၏။ အဲသည်ကောင်မလေး အကျင့်စာရိတ္တကို အနည်းငယ်တော့ သိထားသင့်သည်။

''တွယ်တာလား''

''အင်းလေ''

''တွယ်တာက တစ်မျိုးပါပဲ. . . ဒါပေမယ့် ယောကျ်ားလေးတွေနဲ့ပတ်သက်လို့တော့ ဘာသံမှမကြားဖူးဘူး. . . ငါတို့က



လဲ တကယ်ရိုးရိုးသားသားပါပဲ. . . သူ့အဘွားကြီးကသာ ပူစရာမရှိ ပူနေတာ''

''ရည်းစားမရှိဘူးလား''

''အတိအကျတော့ မသိဘူး. . . ကြားတော့ မကြားမိဘူး. . . မင်းက ဘာလို့မေးနေတာလဲ. . . စိတ်ကူးပြောင်းသွားလို့လား''

''မဟုတ်ပါဘူး''

''ယောကျ်ားလေး သူငယ်ချင်းတွေတော့ ပေါတယ်''

''အင်''

ညီညီ ဖွဖွပြုံးလိုက်၏။ ရပြီ နောက်တစ်ချက်။ ယောကျ်ားလေး အပေါင်းအသင်းများတယ်လို့ ပြောရမယ်။

''မင်းကို ဖုန်းဆက်ပြီး တောင်းပန်မလို့တဲ့. . . ငါက ရပါတယ်ဆိုလို့သာ. . . မင်းက အားမနာတမ်းပြောချမှာ''

''ပေးလိုက်ရောပေါ့''

''ဘာလဲ. . . မင်းပြောချင်လို့လား''

''ဒါပေါ့. . . အပြတ်ပြောပစ်မှာ''

''မလုပ်ပါနဲ့''

www.burmeseclassic.com



အောင်သန့်က တားမြစ်လေ သူက ပိုမိုတင်းပစ်လေ ပါပဲ။

♛ ♛ ♛



## အခန်း (ဂ)

''ဟင်''

ဖေဖေ့စကားကြောင့် စားမလို့ပြင်နေသော ထမင်းလုတ် သား လမ်းခုလတ်မှာ ရပ်တန့်သွားရ၏။ ဇွန်းနှင့်ခက်ရင်းကို ချထားပြီး ဖေဖေ့ဘက် ငဲ့ကြည့်မိသည်။

ဖေဖေက သဘောကျပြီး မေမေ့ကိုပြောပြ ရယ်မောနေ ား။ တွယ်တာ မသိမသာ နှုတ်ခမ်းကိုက်မိသည်။ ဖေဖေ့စကား ကို နားထဲအကြိမ်ကြိမ် ကြားနေမိသည်။

''မိန်းကလေးဖြစ်ပြီး အိမ်မှုကိစ္စနိုင်နင်းမှာ မဟုတ်ဘူးတဲ့

www.burmeseclassic.com

www.burmeseclassic.com



. . . ညသန်းခေါင်အထိ လုပ်ချင်ရာလုပ်နေပြီး မနက်လင်းတော့ စောစောမထတဲ့ ဆယ်နာရီ ဆယ့်တစ်နာရီမှ ထတယ်ဆိုတော့ သူနဲ့မကိုက်ဘူးတဲ့. . . ယောက်ျားလေး အပေါင်းအသင်းများ တာလဲ ဆိုးတယ်တဲ့''

တွယ်တာ မျက်နှာလေး ရှုပုပ်လာရသည်။

ကြီးကြီးကျယ်ကျယ် ယောက်ျားဖြစ်ပြီး မိန်းမဆန်ဆန် လျှောက်ပြောနေတာ သူမို့ အရှက်မရှိတယ်။ သည်ကကော တွယ်တာကကော သူ့ ကြိုက်နေလို့လား။ ဝေးသေး။ သမီး အလိမ္မာလေးဖြစ်ချင်လို့သာ ဟွန့်. . . အရေးမပါတာ။

တွယ်တာ နှာခေါင်းလေး ရှုံ့သည်။ မုန်းလိုက်တာ မမြင်ဖူးသေးခင် မုန်းသွားမိ၏။

''ဖေဖေ''

''ဘာလဲ သမီး''

''သမီး မနက်အိပ်ရာထနောက်ကျတာ သူက ဘယ်လို သိလဲ''

''ညီညီက အောင်သန့်နဲ့ ခင်တယ် သမီးရဲ့. . . ဟို တစ်ရက်က ခွေတစ်ခွေငှားပြီး သမီးက ပြန်မပေးလို့ ဖုန်းဆက် တော့ အိပ်နေတာနဲ့တိုးလို့ဆို. . . ဟုတ်လား သမီး''



တွယ်တာ ငြိမ်ကျသွားမိသည်။

နင့်ကို အိပ်ပုပ်မလေး. . . အပျင်းထူမလေးလို့ ယူဆ သွားတာဆိုသော အောင်သန့်စကားကို ပြန်ကြားယောင်မိ ပါသည်။

''အဲဒီနေ့က သမီး ခေါင်းမူးပြီး အိပ်ပျော်သွားတယ်''

ဖေဖေ့ကိုတော့ ဖြေရှင်းချက်ပေးမိသည်။

''မနက်ဖြန်ညနေ သူတို့မိသားစုကို ထမင်းစားဖိတ် ထားတယ်''

''ရှင်. . .''

တွယ်တာ မျက်လုံးလေးဝိုင်းသွား၏။ သူက ငြင်းထား တာကို သူ့မိဘတွေက ဖွတ်ခေါ်လာမလို့တဲ့လား။ သူကကော ငြင်းပြီးမှ ဘာလို့ပြန်ခေါင်းညိတ်တာလဲ။ မတတ်သာလွန်းလို့ ရှုံ့မဲ့ပါလာရမှာ သနားစရာ။

တွယ်တာက ဝမ်းသာအားရ ပြုံးမိသည်။ ထမင်းစားပြီး တော့ သူ့ဆီ ဖုန်းဆက်ကာလီချင်စိတ်က အလုံးအရင်းဝင်လာ၏။

တွယ်တာ့ကိုများ သူက ငြင်းရတယ်လို့။

ဖေဖေ့ ဖုန်းနံပါတ်စာအုပ်ကို လှန်ကာ ဦးဘမြင့် ဖုန်း နံပါတ်ကိုရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘမြင့်ဆိုတော့ အင်္ဂလိပ်အက္ခရာ ဘီနဲ့စမှာမို့ ဘီရှိရာ စာမျက်နှာကို ဖွင့်လိုက်သည်။

ဟော...တွေ့ပါပြီ။

ဖုန်းနံပါတ်ကို စိတ်ထဲအလွတ်မှတ်လိုက်၏။ ညွှန်ခန်းကို ထွက်လာတော့ တစ်ယောက်မှမရှိဘဲ ရှင်းလင်းတိတ်ဆိတ်နေသည်။

ဟိုဟိုသည်သည် မျက်လုံးဝေ့ကြည့်ရင်း အန်တီစုကို ရှာမိသည်။ အန်တီစု ရှိမနေပါ။

တွယ်တာ ကံကောင်းတာပါပဲ။

''ဟဲလို''

ဖုန်းထူးသံကတော့ ခပ်ယဲ့ယဲ့ ယောကျ်ားလေးအသံ တစ်ခုပါပဲ။ သို့ပေမယ့် ညီညီဘမြင့်လို့ ဘယ်အတတ်ပြောနိုင်မှာလဲ။

''အခုပြောနေတာ ဘယ်သူလဲ''

''ဗျာ...''

တစ်ဖက်လူ အူကြောင်ကြောင် ဖြစ်သွားပုံ။

''ဘယ်သူနဲ့ ပြောချင်တာလဲ...ဘာကိစ္စရှိလို့လဲ ခင်ဗျာ''



မေးသံက ယဉ်ယဉ်ကျေးကျေး၊ ညင်ညင်သာသာ။

''အခုပြောနေတာ ဘယ်သူလဲ သိချင်တယ်''

''မင်းကကော ဘယ်သူလဲ''

''ရှင် သိစရာမလိုပါဘူး''

''ဟင်...''

တွယ်တာက နှုတ်ခမ်းလေး မဲ့ပစ်လိုက်၏။

''ညီညီဘမြင့်နဲ့ ပြောချင်တယ်''

''မရှိဘူး''

''ရှင်ပြောတိုင်း ကျွန်မက ယုံရမှာလား''

''မယုံရင် လဲသေလိုက်ပေါ့''

ခစ်ချဉ်ချဉ်ရှိလှသည်။ သည်လောက် မာကျောရင့်သီးတာမျိုး မကြုံဖူးခဲ့ပါ။

သူကလည်း စဆက်သေး။ သူကပဲ အထက်စီးက မာရေကျောရေ။ သူ ပိတ်ပြောလိုက်တော့ အသာပိတ်သွား၏။ ခဏဆို ခဏလေးပါပဲ။ ချက်ချင်းပဲ သူမက...

''ရှင်ပဲဖြစ်မှာ''

ဟု အငြိုးအတေးရှိသံလေးနှင့် ဆို၏။

''မင်း သိလျက်နဲ့ ဘာလို့ လျှာရှည်မေးနေသေးလဲ''

www.burmeseclassic.com



"ရှင် ရိုင်းလှချည်လား"

"မင်းကိုယ်မင်းလဲ မေးကြည့်ဦး...ငါ ယဉ်ကျေးရဲ့လားလို့"

"သွားစမ်းပါ"

"မင်းကပဲ ပြောရသေးတယ်"

"ရှင့်ဆီ ဆက်ချင်လွန်းလို့ ထင်နေလား"

"ဒါတော့ မင်းအကြောင်း မင်းသိမှာပေါ့"

"ရှင် မနက်ဖြန် လိုက်လာရမှာ မရှက်ဘူးလား"

"ဘာ"

တွယ်တာက သဲ့သဲ့ကလေး ရယ်လိုက်၏။

"မင်း ဘာပြောတာလဲ...နားမရှင်းဘူး"

"ရှင် မနက်ဖြန်ညနေ ကျွန်မတို့အိမ်မှာ ထမင်းလာစားမယ်လေ...အဲဒီကိစ္စရှင့် အဲဒီကိစ္စ"

"အဲဒါ ဘာဖြစ်လဲ"

"ရှင့်ကို သနားတယ်"

သူက အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ...

"မင်းက တွယ်တာလား"

ဟု ပြန်မေးသည်။



"ရှင် ဒီလောက်ညံ့မယ် မထင်ပါဘူး"

"နေပါဦး...ဖုန်းဆက်ရအောင် မင်းနဲ့ငါ သိလို့လား"

မေးလိုက်ပုံက မညှာမတာ၊ စာနာမှု ကင်းမဲ့လွန်းပါသည်။

"မသိပါဘူး"

"ဘာလဲ...မင်းက ကောင်လေးတွေဆီ ဒီလိုပဲ ဆက်နေကျလား...ဟုတ်လား...အံ့ပါရဲ့ကွာ...စ်ပဲ"

"ရှင်...ဆင်ဆင်ခြင်ခြင်ပြောပါ"

"အရှိကို အရှိအတိုင်း သုံးသပ်တာပါ"

"တော်ရုံလဲ ဘဝင်မြင့်ပါ...ရှင့်ကိုကြိုက်လို့ စိတ်ဝင်စားလို့ ဆက်တာမဟုတ်ဘူး...ကျွန်မကို ရှင် သွားပုပ်လေလွင့်ပြောစရာလား...အိပ်ပုပ်တယ်တို့...ယောကျ်ားလေး သူငယ်ချင်းများတယ်တို့ဆိုတာ ရှင်နဲ့ ဘာမှဆိုင်တဲ့ကိစ္စမဟုတ်ဘူး"

"မတတ်နိုင်ဘူး...ဖေဖေ့ကိုငြင်းဖို့ အကြောင်းပြချက်ရှာရတာပဲ...ဒါပေမယ့် မဟုတ်မတရား စွပ်စွဲတာမဟုတ်ဘူး"

"ရှင် သိထားဖို့က ကျွန်မလဲ ရှင့်ကို လုံးဝစိတ်မဝင်စားဘူး...စိတ်ကူးထဲတောင် မထည့်ဘူး"

"ဝမ်းသာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ကျွန်မက မေမေတို့စကား နားထောင်ဖို့ ဆုံးဖြတ်ထားတယ်. . . ကျွန်မက သမီးလိမ္မာပဲဖြစ်ချင်တယ် လေ"

"ဘာ"

"ရှင် ကြားမှာပါ"

"ကြားတယ်. . . ပြီးရောလေ. . . မင်း စောင့်ကြည့်"

တစ်စုံတစ်ရာကို ချက်ချင်း ဆုံးဖြတ်ချက်ချနိုင်သလို ခပ်ပိုင်ပိုင် ဆိုလိုက်၏။

တွယ်တာလည်း မျက်လုံးလေးဝိုင်းကာ ဘာဆက်ပြော ရမှန်းမသိတော့။ ပြောစရာလည်း ကုန်ပြီ။

"ရှင်. . . ကျွန်မအကြောင်း နောက်ကွယ်မှာ မပြောပါ နဲ့. . . ဒါပဲ. . . ရှင့်ဟာရှင် တခြားအကြောင်းပြောပေါ့"

"မလိုတော့ပါဘူး"

"ဟင်. . ."

"မင်းကို ငါ့ဘက်ကလဲ မငြင်းတော့ပါဘူး"

"ဘာရယ်"

"မင်း ကြားမှာပါ"

"ရှင် ဘာလုပ်မလို့လဲ"



"ပြောပြီးပြီလေ. . . စောင့်ကြည့်လို့"

တွယ်တာ နှုတ်ခမ်းလေးကိုက်မိ၏။

"ဒီမှာ"

"ပြော"

"ရှင်းရှင်း ပြောစမ်းပါ"

"ရပါတယ်"

ရယ်မောထေ့ထေ့အသံကို နားကြားပြင်းကတ်လိုက်တာ အရမ်း။

"ငါလဲ သားလိမ္မာ လုပ်တော့မယ်"

"ဟာ. . . အဓိပ္ပာယ်မရှိဘူး"

သူက ကျေနပ်လွန်းစွာ အားတက် ဝမ်းမြောက်စွာ ပီပီ သသ ထအော်ရယ်နေပါသည်။

"သမီး တွယ်တာ"

"ရှင် အန်တီစု"

ဖြုန်းဆို အန်တီစုပန် ဘေးနားရောက်လာတော့ တွယ်တာ ထိတ်ခနဲဖြစ်ရ၏။

"ဘယ်သူနဲ့ပြောနေတာလဲ. . . ကြာပြီ"

"ဟို. . ."

www.burmeseclassic.com

www.burmeseclassic.com



တွယ်တာ အခက်တွေ့သွား၏။

"ဘယ်သူတုန်း သမီး"

"ညီညီဘမြင့်ဆိုတဲ့ လူပါ အန်တီ"

"ဩော်"

ညီညီက တစ်ဖက်မှ အသံအားလုံး ကြားခွင့်ရနေသည်။

"မြန်မြန် စကားဖြတ်တော့...အန်တီစုနဲ့ မြို့ထဲဆင်း လျှောက်ရအောင်...ကြားလား သမီး"

"တွယ်တာ မလျှောက်ချင်ဘူး"

"လျှောက်မှဖြစ်မယ် သမီးရဲ့...ကန်စွန်းရွက်ကြော် တွေ သမီးအစားများတာ အန်တီ သိတယ်...သမီးနဲ့ သိပ် တည့်တာမဟုတ်ဘူး...စားနေတုန်း မတားချင်လို့သာ... အစာမကြေဖြစ်ပြီး အန်နေရင်အခက်...လမ်းလျှောက်မှဖြစ် မယ်"

"ကျွတ်...စိတ်ညစ်တယ်"

တွယ်တာက ဖုန်းခွက်ကို ဆောင့်ခနဲချလိုက်သည်။

"သမီးပဲ ဖုန်းပြောနေတဲ့ဟာ"

"အင်းလေ...အန်တီပဲ သတိပေးတာပဲဟာ"

"သိပ်ရှုပ်တာပဲ"



"မနက်ဖြန်ညနေတွေ့မှ ဆက်ပြောကြပေါ့"

"မပြောချင်ပါဘူး...မုန်းလို့"

"သမီး ရန်တွေ့နေတာ ကြားပါတယ်"

"သူ့ကို ကြည့်လို့မရပါဘူး"

"ဒါနဲ့များ ဖုန်းဆက်ရသေးလား"

တွယ်တာက လှည့်ထွက်လာခဲ့၏။

အန်တီစုကို ဆက်ရှင်းပြနေလည်း အပိုပါပဲ။ နားလည် ပေးနိုင်မှာလည်း မဟုတ်ပါ။

"သမီး...မြန်မြန်ဆင်းခဲ့နော်"

"ဟုတ်ကဲ့"

ညီညီဘမြင့်က ဖုန်းခွက်ချပြီး ခပ်ငြိမ်ငြိမ် စဉ်းစားနေ မိသည်။

အန်တီစုဆိုတာက တွယ်တာ့ကို အရိပ်လိုလိုက်ကြည့် စောင့်ရှောက်တတ်သူလား၊ စိတ်အနှောင့်အယှက်ဖြစ်သံလေးနှင့် ညည်းလိုက်တာကို ပြန်ကြားယောင်မိသည်။

"စိတ်ညစ်တယ်"တဲ့။

ညီညီ ဖွဖွလေး ပြုံးလိုက်မိ၏။ အဲသည် ကောင်မလေး ကို မမြင်ဖူးသေးပေမယ့် ခပ်ပါးပါးကလေးတော့ စိတ်ဝင်စားမှု

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ထွန်းသွားရပါသည်။

ထူထူပျစ်ပျစ် စိတ်ဝင်စားမိလျှင်လည်း သူ့ အခက်တွေ နိုင်သည်။ ကြားထားရသော သူမ စရိုက်တွေက သူနှင့်မကိုက် ညီလှပါ။

သမီးအလိမ္မာ ဖြစ်ချင်တယ်ဆိုပဲ။ သူ့ကို သူမဘက်က လက်ခံခေါင်းညိတ်ဖို့ တွေးထားပုံရသည်။

သူကကော. . .

သူ ဘယ်လိုမှ တွေးလို့မရနိုင်။

သူမသတ္တိကို သူ ချီးကျူးရမလား။ လေးစားရမလား သူ့ကိုလည်း မမြင်ဖူးသေး။

သူ့စိတ်ကိုလည်း မသိသေးဘဲ ဆုံးဖြတ်ရဲစိတ်ရှိနေတာ မယုံနိုင်စရာပါဘဲ။

အဖေ အမေတို့ကသာ သဘောတူလို့ကတော့ ဘယ်လို ပုဂ္ဂိုလ်ဖြစ်ဖြစ် လက်ခံမှာပဲလို့ အိမ်ထောင်ရေးဆိုတာကို ပေါ့ဆဆ သဘောထားခဲ့ပုံပါလား။

သူမ စိတ်ကြိုက် ရွေးချယ်မှုဆိုတာကို လျစ်လျူရှုထား ပုံရသည်။

အိမ်ထောင်ဖက်ဆိုတာ ဘဝတစ်ခုလုံး ပုံအပ်ပြီး အစစ



အရာရာ အားကိုးမှီတွယ်နေရမယ်ဆိုတာ တစ်သက်လုံးအတွက် အဖော်ကောင်းဖြစ်ဖို့ လိုအပ်တယ်ဆိုတာ အများကြီးပါပဲ။

ဒါတွေကို ဘာတစ်ခုမှမတွေးဘဲ မျက်စိမှိတ်ပြီး ထိုးသလိုလုပ်ပစ်တာကတော့ လွန်လွန်းရာကျပါသည်။

လက်ထပ်ပြီးမှ စိတ်ညစ်ရမှာ သူမ တွေးထားသင့်သည်။ ကြောက်တတ်ဖို့ ကောင်းသည်။

ဘယ်လိုမိန်းကလေးလဲ။

သူ အတွေးရကျပ်သွား၏။

ထူးဆန်းနေတာတော့ အမှန်။

တကယ်ဆို သူမလည်း လူသားတစ်ဦးပါပဲ။ ခံစားချက်ဆိုတာ ရှိရမည်။

ဟုတ်သည်။ ရှိကိုရှိသင့်သည်။ ရမ်းသန်း ဖွတ်တိုးဖို့ မိုက်မိုက်မဲမဲ ဘယ်တုန်းက အသင့်ရှိနေခဲ့သလဲ။

ဟာ. . . မင်း မှားနေပြီ တွယ်တာ။

မဟုတ်သေးဘူး။ အနီးအနားရှိ ဆိုဖာပေါ် သူ ထိုင်ချသည်။

ကိုကိုက သူ့ရှေ့ လာရပ်၏။

"ဘာတွေ ခေါင်းတယမ်းယမ်း ဖြစ်နေတာလဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . ."

သူ ခေါင်းယမ်းနေမိတာ သူပင် သတိမပြုမိပါ။

"ညီ. . . ဘာတွေ တွေးနေတာလဲ. . . ဆိုစမ်းပါဦး"

"ဟိုကောင်မလေး အကြောင်းပါ"

"ဘယ်ကောင်မလေးလဲ"

"တွယ်တာ"

"ဪ"

ကိုကိုဘမြင့်က ပြုံးချင်သလိုလို ဘာလိုလို။

"ဘာလို့လဲ"

"ဖုန်းဆက်တယ်"

"တယ်ဟုတ်ပါလား"

"ဟုတ်သလားတော့ မမေးနဲ့"

ညီညီက ခပ်မိုက်မိုက်ပြင်ထိုင် လက်ပိုက်၏။

"ကျွန်တော့်ကို အပြတ်အမိန့်ပေးသွားတာ. . . သူ့အကြောင်း ကွယ်ရာမှာမပြောနဲ့တဲ့. . . သူကတော့ မိဘစကားနားထောင်မယ်တဲ့. . . စိန်ခေါ်သွားတယ်. . . ဟား. . . ဟား"

"ကောင်းတာပေါ့"

"ဗျာ. . ."



"မင်းက ကြီးကျယ်နေတော့ ဟိုဘက်က ရွဲ့တာပေါ့"

"ရွဲ့တာ ဟုတ်မယ်မထင်ဘူး"

"ဟ. . . ရွဲ့တာပေါ့"

"သူ တကယ်ပြောပုံရတယ်. . . သူ နောက်တာမဟုတ်ဘူး"

"မင်းကို ကြည့်မရလို့ပါကွာ"

"ဟုတ်ပုံမလား"

"ဟုတ်တာပေါ့. . . သူ့မိဘ သဘောတူတိုင်း ခေါင်းညိတ်မှာတဲ့လား. . . သူလဲ တွေးကြည့်ဦးမှာပေါ့. . . မိန်းကလေးပဲ"

"မထင်ပါဘူး. . . စကားပြောပုံက ပစ်စလက်ခတ်ကြီး"

"မင်း. . . စိတ်ပျက်သွားလား"

"အစကတည်းက စိတ်မပါတာ"

"နောက်တော့ မင်း သူ့ကိုချစ်လာမှာပါ"

"သေချာလုချည်လား"

"သူက ချစ်စရာလေးပဲ. . . ဖြူဖြူစင်စင်လေး"

"အင်းလေ. . . မနက်ဖြန် တွေ့ဖူးတယ်ရှိအောင် ကြည့်ထားမှ"

www.burmeseclassic.com

www.burmeseclassic.com



"သေချာကြည့်ရင် မင်း စွဲသွားမှာ"

"ဒီလောက်လဲ မဟုတ်နိုင်ပါဘူး"

ညီညီက လက်မခံချင်ပုံနှင့် ဆန့်ကျင်ဘက်ဆိုပြီး ထ ထွက်သွားသည်။

♛ ♛ ♛



## အခန်း (၉)

ဖေဖေက အဆင်သင့် ညှော်ခန်းထဲက ဆင်းကြိုစောင့် နှင့်နေရမည်ဟု ဆိုတာကြောင့် မကြည့်တကြည် မျက်နှာပေး လေးနှင့် ဆိုဖာပေါ် ငြိမ်သက်သက်ထိုင်နေမိပါသည်။

သိပ်မကြာလိုက်။ ပေါ်တီကိုအောက်တည့်တည့်မှာ ကား တစ်စီးရပ်လိုက်တာ မြင်ရပါသည်။

ဖေဖေနှင့်မေမေက ပျာပျာသလဲနှင့် နစ်ဆင့်သုံးဆင့် ရှိသောလှေကားကို ဆင်းကြိုပေမယ့် သူမက ငုတ်တုတ်။

မမြင်ချင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျောပေးပြီး ထိုင်နေမိ၏။

"လာကြပါရှင်. . . လာ. . . ထိုင်ကြနော်"

ခြေသံတွေ တဖျပ်ဖျပ်ကြားပေမယ့် မကြည့်မိပါ။ ကြည့်ချင်စိတ်လည်း မရှိ။

"သမီး"

မေမေက တွယ်တာ့ကို မနစ်သက်ကြောင်း မျက်လုံးလေးနှင့်ပြော၏။

မျက်စိရှေ့ ရောက်လာကြတာက ဖေဖေ၊ မေမေရယ်၊ နောက်ထပ် လူကြီးနှစ်ယောက်ရယ်၊ အမျိုးသမီးကြီးတစ်ဦးရယ်၊ လူငယ်လေး တစ်ယောက်မှမပါ။ ဘယ်မှာလဲ ညီညီဘမြင့်။

"သမီး. . . လူကြီးတွေကို နှုတ်ဆက်စမ်းကွယ်"

"ဟုတ်ကဲ့"

တွယ်တာ ဖျတ်ခနဲ ထရပ်မိသည်။ သူမ အရှိုင်းအစိုင်းမှမဟုတ်တာ။

မကျေနပ်တာကလည်း ညီညီဘမြင့်ကို။

မေမေက တွယ်တာ့ပခုံးလေးဖက်ပြီး ရှွန်းရှွန်းဝေအောင် မိတ်ဆက်ပေးပါ၏။ တွယ်တာ မျက်လွှာချနေမိပါသည်။

"သမီး"



"ရှင်"

"မောင်ညီညီကို သွားခေါ်ပါဦး. . . ကားထဲမှာ"

"ဟင်"

သူမ မျက်နှာလေး ဖြူရော်ကာ မျက်လုံးလေးပြူးသွား၏။

ရာရာစစ သူမကိုယ်တိုင် သွားပင့်ရအောင် သင်းက ဘာမို့လို့လဲ။ မကျေနပ်စိတ်က ရင်ကို အလုံးအရင်း ဆောင့်တက်သည်။

"သွားခေါ်လိုက်ဦးနော် သမီး"

မေမေက ထပ်တစ်ကြိမ် တိုက်တွန်းသည်။ တွယ်တာ မပြေးရုံတစ်မည် လျှောက်လာ၏။ ကားထဲကို ငုံ့ကြည့်တော့ ထိုင်အပြည့်နှင့် ခပ်အေးအေးထိုင်နေသော လူတစ်ယောက်ကို မြင်ရပါသည်။

ဟွန့်. . . ပုံစံကျိုက။

အညိုအနက်နှင့် အဖြူစင်းကျား စပို့ရှပ်နှင့် ဆံပင်တွေက အစွန်တရာ သပ်ရပ်နေပါသည်။

ဖျတ်ခနဲ တစ်ချက်ကြည့်ရုံနှင့် ရုပ်မဆိုးဘူးဆိုတာ လောက်တော့ မှန်းချရနိုင်၏။ စေ့စေ့ကြည့်လို့ကော ကောင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



တဲ့လား။ လက်ကလေးနှစ်ဖက် ရှေ့ယှက်ထားရင်း ခေါင်းငုံ
မျက်လွှာချကာ ဘာလုပ်ရမှန်းမသိသေးဘဲ ခဏလေးငြိမ်နေ
လိုက်၏။

တစ်ခုခုကို ဆုံးဖြတ်စမ်း တွယ်တာ။

ကိုယ့်ကိုယ်ကို သတိပေးမိ၏။

နင် လုပ်လိုက်တာဟာ သူကြိုတင်မျှော်လင့်မထားတဲ့
ပုံမျိုးဖြစ်ရမယ်။ သူ အံ့သြသွားရမယ်။ မယုံနိုင်အောင်ဖြစ်မယ်
မှန်းထားသလို၊ ထင်ထားသလို၊ တွက်ထားသလို လုံးဝမဖြစ်စေ
ရဘူး။

ဒါဆိုရင်. . .

သူ ဘယ်လိုထင်ထားမလဲ၊ ရှင်းလွန်းပါတယ်။ တွယ်တာ
က သူ့ကို မတတ်သာလို့သာ ကားဘေးအရောက်လာခေါ်ရမှာ
အောင့်သက်သက် ဖြစ်နေမှာပဲ။ ရှုပုပ်နေမှာပဲ။

ရန်စကား တစ်ခွန်းခွန်းတော့ မမြှုသိပ်နိုင်ဘဲ ဆိုမှာပဲ

တွယ်တာ ခေါင်းလေးမော့မိသည်။ အားပါးတရပြုံးမိ
သည်။ ကျွန်မရဲ့ လှိုက်လှဲမှုကို ရှင် မူးမေ့မတတ်ဖြစ်စေရမယ်
ညီညီဘမြင့်ရယ်။

သူမက ကားထဲကို လှမ်းကြည့်၏။ ညီညီဘမြင့် မသိ



သာ အကြည့်လွှဲမိပါသည်။

သူက စေ့စေ့စိုက်စိုက် တဝကြီး ကြည့်ပြီးသွားပြီ။ ဖိနပ်
မြင့်လေးနှင့် ဆင်းကတည်းက တည့်တည့်မတ်မတ် ကြည့်နေ
ိက်တာ။

ချစ်စရာ ကောင်းလွန်းတာတော့ လက်ခံလိုက်ရပါသည်။

တကူးတက အလှပြင် ခြယ်သထားပုံလည်းမရ၊ အင်္ကျီ
နက်ပါးပါးကလေးနှင့် ပန်းဆီရောင်ဖျော့ဖျော့ နှုတ်ခမ်းဆိုးဆေး
သားပင် မထင့်တထင်ရှိနေသော မျက်နှာလေးက သူ့အတွက်
တစ်စုံတစ်ရာ ကြိုတင်ပြင်ဆင်ထားတာ ရှိခဲ့ပုံမရ။

အိမ်မှာနေရင်း ပုံစံလေးနှင့် တကယ့်ကိုသာမန်။ မျက်လုံး
လေးတွေက ဝိုင်းစက်ပြီး အရောင်တလက်လက်။ နှုတ်ခမ်းဖောင်း
ဖောင်းလေးက ထူထူစုစု။ မျက်ခုံးမည်းမည်းတန်းတန်းလေးက
ထင်းသား။

ဒါကြောင့်လည်း မြင်ဖူးသူတိုင်း သူမ ချစ်စရာကောင်း
တာ အံသြအမှတ်ပြုရတာ။

“ကိုညီညီ”

ညှင်သာသော နူးညံ့သော ချိုမြိန်လွန်းသော အသံ
လေးကြောင့် မျက်လုံးရွှေကြည့်မိတော့ လက်ကလေး တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးဆီ ရွှေ့လာတာမြင်ရသည်။

"ဆင်းတော့လေ . . လူကြီးတွေ စောင့်နေကြတာ"

အလွန်တရာချိုသော အပြုံးတစ်ခုကို သူ တအံ့တဩ ငေးနေမိပါသည်။ ညက်ညောလှချည်လား။ ဖော်ရွေလှချည်လား။ သာမန်ထက် ပိုမိုနွေးထွေးနေတာ ဘာအဓိပ္ပာယ်လဲ။ သူ နား မလည်နိုင်ပါ။

သူ မျှော်လင့်ထားတာက ရှုပုပ်ပုပ် မကျေမနပ်မျက်နှာ မခံချင်ဖြစ်နေမည့် မျက်ဝန်းတစ်စုံ။ နွေးထွေးမှုမပါသော စကား အေးစက်စက် ကြိုဆိုမှု။

ခုတော့ ဆန့်ကျင်ဘက်ပါလား။

သူမ ဖွင့်ပေးသော တံခါးပေါက်မှ ဆင်းလိုက်တော့ သူမက ခြေလှမ်းတစ်လှမ်း နောက်ဆုတ်သွားသည်။ ဒါတောင် အင်မတန် နီးကပ်လွန်းသွားတာ။ ခြေတစ်လှမ်း မဆုတ်လိုက တော့ ဝင်တိုက်မိမှာမလွဲ။ စွဲအားရှိသော ရနံ့မွှေးမွှေးလေးတစ်ခု က သူ့အာရုံမှာ သတိပြုမိလောက်အောင် စွမ်းဆောင်သည်။

သူမက သူနှင့်အတူ လှေကားထစ်တွေကို ယှဉ်တက် သည်။ နောက်မှာလည်း မချန်ရစ်။ ရှေ့မှလည်း ကြိုမတက်နှင့်။ သူ့ခြေလှမ်းတွေနှင့်အညီ သူမက လိုက်လျှောက်သည်။



"တွယ်တာ စောင့်နေတာ ကြာလှပြီ"

ကိုယ့်လက်မောင်းတစ်ဖက်ကို ဖမ်းတွဲဆုပ်ပြီး ခေါင်းလေး ဆိုတော့ သူ့ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်းမသိပါ။

သူမကို တစ်ချက်ငဲ့ကြည့်မိ၏။ သူမ နှုတ်ခမ်းလေးတွေ မှာ ပြုံးယောင်သမ်းနေပါသည်။

"ကိုညီညီတို့က အရမ်းနောက်ကျတာပဲ"

ရှုတုတုမှုတုတု အီတီတီစကားများသည် ချစ်ရင်လည်း ချစ်စရာလေး။ ကြည့်မရစိတ် ဝင်မယ်ဆိုလည်း ဝင်စရာလေး။

အင်း . . . ဧည့်ခန်းဝ ရောက်ပါပြီ။ နှစ်ယောက်စလုံး ဖိနပ်ချွတ်ရတော့မည်။ သူမက သူ့လက်မောင်းကို မလွှတ်ဘဲ ကြိုးသိုင်းဖိနပ်လေးကို ခြေမြှောက်ဖြုတ်ပြီး အလွယ်တကူ ချွတ် လိုက်၏။

သူကတော့ စွပ်ရုံစွပ်ထားသော ရှူးဖိနပ်မို့ ထိုင်ချွတ် ရာပင်မလို။

သူမက သူ့ကို မျက်ခုံးလေးပင့်ပြပြီး ဖရိုဖရဲဖြစ်နေသော ဖိနပ်နှစ်စုံကို ငုံ့ကြည့်၏။

ပြီးတော့ ဆတ်ခနဲထိုင်ချကာ ဖိနပ်စင်၏ လွတ်နေသော နေရာလပ်မှာ သပ်သပ်ရပ်ရပ် နေရာချ၏။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်အချိန်မှာ ကိုယ့်လက်ကို သူမ လွှတ်လိုက်မယ်လို့ ကိုယ်ကထင်တာ။ ဘယ်ဟုတ်လိမ့်မလဲ။

သူမ လက်ကလေးက လက်မောင်းမှတစ်ဆင့် တဖြည်းဖြည်းလျှောဆင်းကာ ကိုယ့်လက်ဖျားကို အမိအရဆုပ်ထားပြီးမှ ထိုင်ချတာ။

လက်တစ်ဖက်က ဖိနပ်လေးတွေ ကောက်တင်နေချိန်မှာ ကျန်လက်တစ်ဖက်က ကိုယ့်လက်ကို တင်းတင်း ပြန်ဆုပ်ထားလိုက်၏။

ကိုယ် သူမလက်ကို တင်းတင်းပြန်ဆုပ်ထားလိုက်၏။ သူမ နှုတ်ခမ်းတွေက လှပစွာ ပြုံးပွင့်သွား၏။

သူမ မတ်တတ်ပြန်ရပ်တော့ ကိုယ်က တွဲထူမိလျက်သား လက်ကလေးဆုပ်ပြီး ထိန်းထားမိပြီးသား။

"ကျေးဇူး"

မပွင့်တပွင့်အသံလေးက ကြည်နူးစိတ်အပြည့်။

"လာလေ. . . မေမတို့ဆီ သွားရအောင်"

"နေပါဦး"

ညေ့ခန်းထဲရောက်ဖို့ ခြင်ဆန်ခါတံခါးတစ်ထပ်ရယ် မှန်တံခါးတစ်ထပ်ရယ် ဖြတ်ဖို့ကျန်ပါသေးသည်။



"မင်း ဘာသဘောနဲ့ ဒီလိုလုပ်တာလဲ"

ညီညီ သည်းမခံနိုင်စွာ ဖွင့်မေးမိသည်။

"ရှင့်ကို မုန်းလွန်းလို့"

"ဘာ"

စောစောက ချိုသာနေသော အပြုံးလေးတွေ အပြောလေးတွေအားလုံး လွင့်ပြေးကုန်ပြီ။

ရင်ထဲမှာ စောစောက အချိန်လေးကို နမြောတမ်းတစိတ် ကြီးကြီးမားမား ဝင်လာမိ၏။

သူမ တော်တော်ဆိုးပါလား။ ကိုယ့်ကို အရူးလုပ်ချင်တာ၊ သင်ခန်းစာပေးချင်တာ၊ လှောင်ပြောင်သရော်ချင်တာ။

"တွယ်တာ"

သူမ ပခုံးနှစ်ဖက်ကိုဆုပ်ကိုင်ပြီး သူ့ဘက် ဆွဲလှည့်ကာ မျက်နှာကို သေချာကြည့်မိ၏။

"မင်း ငါ့ကို လှောင်ချင်တာလား"

သူမက စူးစူးရဲရဲ ပြန်ကြည့်ပြီး. . .

"ရှင် ယောကျ်ားပီသစမ်းပါ. . . ဖယ်"

ဟု လက်တွေကို ဆွဲချဖယ်၏။

"မင်းကို ငါ လက်ထပ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဟင်း. . ."

သူမက မအောင့်နိုင်သလို ပွင့်ထွက်ရယ်၏။

"ကျွန်မ နူးညံ့မှုတွေကို ရှင် မက်မောသွားပြီ မဟုတ်လား"

"ဟင်. . ."

သူ့မျက်နှာကြီး တင်းမာခက်ထန်ကာ မှိုင်းညို့လာ၏။

"ရှင် မညာချင်ပါနဲ့. . . ကျွန်မရဲ့ ဖော်ရွေမှုနဲ့ ကြိုဆိုမှုကို ရှင် နစ်ဝင်သွားခဲ့တယ် မဟုတ်လား"

"တောက်"

သူက ခံပြင်းနာကြည်းလှသလို ဒေါသဖြစ်ရင်း ညေ့်ခန်းမှန်တံခါးကို ဝုန်းခနဲဆွဲဖွင့်ကာ ဝင်ရောက်သွားတော့၏။

တွယ်တာ လက်ကလေးပိုက်ရင်း ခေါင်းမော့် ရယ်မိပါသည်။

ဦးညီညီဘမြင့်. . .

တွယ်တာ့ဘဝမှာ ယောကျ်ားတစ်ယောက်ရဲ့ လက်မောင်းကို ပထမဆုံးအကြိမ် တွဲခဲ့မိတာရယ်၊ ယောကျ်ားတစ်ယောက်ရဲ့ဖိနပ်ကို ပထမဆုံးအကြိမ် ကောက်ယူသိမ်းဆည်းပေးခဲ့တာရယ် သည်နှစ်ခုကို ရှင်သိရင် အခုထက် အဆများစွာ



ထုတ်ယူကျေနပ်နေတော့မှာပါ။

ဒါပေမယ့် ရှင့်ကို တွယ်တာ မုန်းချင်နေတယ်။ ရှင်ဟာ ကြီးကျယ်လွန်းတဲ့ ယောကျ်ားတစ်ယောက်ပဲ။

ရှင့်ဘေးမှာ တစ်သက်လုံး နေသွားရမယ်ဆို ကျွန်မ ပျော်ရွှင်သာယာပါ့မလားဆိုတာ သေချာ စဉ်းစားရတော့မယ်။

"သမီး. . . တွယ်တာ"

"ရှင်"

အန်တီစုပန် ဘွားခနဲပေါ်လာတော့ လန့်တောင်လန့်သည်။

"ညေ့်သည်တွေ ထမင်းစားတော့မယ်. . . လာလေ"

"တွယ်တာ မဆာသေးပါဘူး"

"မဟုတ်တာဘဲ"

"မဆာသေးပါဘူးဆို"

"ဘယ်ကောင်းပါ့မလဲ. . . လာပါ သမီးရဲ့. . . မဆာလဲ ထိုင်နေလိုက်"

အန်တီစုပန်နောက် ယက်ကန်ယက်ကန်ပါလာရင်း ထမင်းစားပွဲမှာ ဝင်ထိုင်မိ၏။

ညီညီဘမြင့် လှမ်းကြည့်တာကို မသိချင်ယောင်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



နေလိုက်၏။

"မစားပါဘူးဆိုမှ"

အန်တီစုပန်က ထမင်းပန်းကန် ရှေ့လာချတော့ တွယ်တာအသံ စူးရှနဲ့ထွက်လာရပါသည်။

"သမီး"

မေမေ့ခေါ်သံ၏ အဓိပ္ပာယ်ကို တွယ်တာ နားလည်သည်။ နှုတ်ခမ်းလေးကိုက်ရင်း ငြိမ်နေမိ၏။

"နည်းနည်း စားလိုက်နော် သမီး"

တွယ်တာက အန်တီစုပန်ကို စားတော့ ဝါးတော့မလို မျက်လုံးထောင့်ကပ် ကြည့်လိုက်၏။ အန်တီစုက ချစ်မဝလွန်း သလို သူမကို ငေးကြည့်နေပါသည်။

သူမက အန်တီစုကို မျက်လုံးကြီး ပြူးပြ၏။ မကျေနပ်တာကို ပြနေတာ။ လူကြီးတွေရှေ့မို့ အောင့်အည်းသည်းခံနေပုံမျိုး၊ ကွယ်ရာဆို တော်တော်အနိုင်ကျင့်မည့် ရုပ်ကလေး။

ညီညီ မသိမသာ အကဲခတ်ရင်း ထမင်းကို ဖြည်းဖြည်း ဆွဲစားနေလိုက်၏။

လူကြီးတွေက စားသောက်ပြီး ထထွက်သွားတော့ သူမ နှင့် သူပဲ ကျန်ရစ်သည်။



"တွယ်တာ"

သူ ခေါ်တာကို သူမက လှမ်းမကြည့်ပါ။ ကြားပုံတော့ ရသည်။

"အန်တီစု . . . လာ . . . ဒီမှာထိုင် . . . အန်တီစုပဲ စားတော့လေ"

အန်တီစုပန်က ချစ်စနိုးရယ်၏။

"စေတနာတွေ ပိုနေလိုက်တာ သမီးရယ်"

ဟုလည်း ဆိုပါသည်။

သူနှင့် စကားမဆိုချင်တာကြောင့် အန်တီစု၏ [illegible] မှာနေစေမှန်း သူ သိ၏။

"အပြင်သွားဖို့ ခွင့်တောင်းလိုက်မယ်"

"ဘာ . . . ဘာ"

စွာတာတာ မေးလိုက်ပုံလေးက ဒေါ်သ[illegible] ရန်လိုမှုတော့ ပါနိုင်သည်။

"အပြင်သွားမယ်"

"မသွားပါဘူး . . . မလိုက်ပါဘူး"

"ဘာလို့လဲ"

"ရှင်နဲ့ ကျွန်မ ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းပဲ ပြောထားပြီး မေ့နေလား"

"အဲဒါ အတည်ပြောတာမှမဟုတ်ဘဲ"

"ရှုချည်နှစ်ချည် နိုင်လှချည်လား"

"ဒီမှာ ကိုညီညီဘမြင့်"

"ဟုတ်ကဲ့"

"ရှင့်ကို ကျွန်မ လုံးဝလက်မခံသေးဘူး. . . ခေါင်းမညိတ်သေးဘူးဆိုတာ မြဲမြဲမှတ်ထား. . . ရှင့်ကို ဘာတစ်ခုမှ မလိုက်လျောနိုင်သေးဘူး"

"ဟုတ်ပါပြီ. . . ခုဟာက စကားပြောရုံပါ"

"ပြောစရာလဲ မရှိပါဘူး"

"မင်း မရှိပေမယ့် တစ်ဖက်လူက ရှိချင်ရှိမှာပေါ့"

"ရှင်နော် ကျွန်မကို မနှောင့်ယှက်နဲ့"

"အင်း. . . မင်း ခြံထဲဆင်းခဲ့. . . ဆင်းမလာလို့ကတော့ အပြင်သွားခွင့် တောင်းလိုက်မယ်. . . ကြားလား"

ညီညီက ခပ်ထေ့ထေ့ကြည့်ပြီး အထက်စီးကဆို၏။ ပြီးတော့ ခုံကိုနောက်ဆုတ်ကာ ထွက်သွား၏။

"အနိတီစ"

"ဟင်. . ."



"အဲဒီလူကို တွယ် မုန်းလာပြီ သိလား"

"လူကြီးတွေ စိတ်ဆင်းရဲအောင် မလုပ်ချင်ပါနဲ့"

"ကြည့်လို့မရတော့ဘူး"

"သဘောကောင်းပုံလေးပါ. . . သမီးလေးကို ချစ်ပုံပါပဲ"

"အောင်မယ်လေး"

တွယ်တာ လက်နှစ်ဖက်မြှောက်ပြ၏။

"ကြောက်လွန်းလို့"

အနိတီစပနိက တွယ်တာ လုပ်ပြပုံလေးကို သဘောကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ဟိုးမှာ တွေ့လား သား. . . အဲဒီတိုက်ပဲ"

"ဟုတ်ကဲ့ပါ ဖေဖေ"

နိုင်စွမ်းက ဖေဖေပြသော တိုက်ကြီးဆီ လှမ်းမျှော်ကြည့်လိုက်၏။

"ဖေဖေ ငှားမယ်ဆိုတာက"

"အဲဒီအိမ်ကြီးနဲ့ကပ်လျက် တိုက်ပုပုလေးပဲ"

"ဪ. . . ဖေဖေ စကားပြောပြီးပြီလား"

"အင်း. . . အဆင်ပြေမှာပါ"



"ခြောက်လငှားမှာလား"

"ဒါပေါ့. . . လုံလောက်တယ်မဟုတ်လား"

ဦးစွမ်းနိုင်က သားကို မေးဆတ်မေး၏။

"ကြိုးစားရမှာပေါ့"

"သား အစွမ်းအစကို ဖေဖေ ယုံပါတယ်"

"အင်း. . . သားက ခပ်လန့်လန့်"

နိုင်စွမ်းက ပခုံးတွန့်သည်။

"ကောင်မလေးက သိပ်လှပါတယ် သားရဲ့"

"ဟုတ်ကဲ့. . မာနလဲ ကြီးမှာပဲ"

"ဒါတော့ ဒါပေါ့. . . ဒီလောက်ချမ်းသာတာ"

"သားကို ရိုးရိုးသားသားပဲလို့ သူ ယုံဖို့အရေးကြီးတယ်"

"ဒါတော့. . . သားရဲ့ ပိရိမှုပေါ့"

"အင်း"

နိုင်စွမ်းက စဉ်းစား ငြိမ်သက်နေ၏။

"ဖေဖေတို့အတွက်တော့ ပွဲပေါက်ကြီးပဲ သား"

"သား နားလည်ပါတယ် ဖေဖေ"

"ဒီကောင်မလေးရဲ့ ပိုင်ဆိုင်မှုတွေဟာ မှန်းဆကြည့်ဖို့ မလွယ်ဘူး. . . သားစဉ်မြေးဆက် သုံးကုန်မှာလဲမဟုတ်ဘူး. . .

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သားကို အစွမ်းအစအကုန်ထုတ်သုံး ကြိုးစားစေချင်တယ်. . . သားဘဝအတွက်ပါ''

''ဖေဖေ့စေတနာကို သား နားလည်ပါတယ်''

နိုင်စွမ်းက ခေါင်းညိတ်တော့ ဦးစွမ်းနိုင်က ကျေနပ်သွားသည်။

''ကောင်မလေးရဲ့ အဖေက တစ်ဦးတည်းသောသား. . . ကောင်မလေးရဲ့အမေကလဲ တစ်ဦးတည်းသောသမီး. . . မိဘနှစ်ဖက်စလုံးရဲ့ အမွေဆက်ခံပိုင်ခွင့်က ဒီကောင်မလေးတစ်ယောက်တည်းမှာပဲရှိတယ်. . . အဘိုး အဘွား လေးဦးစလုံးက ဒီကောင်မလေးကိုပဲ အမွေအားလုံးပေးခဲ့မှာ''

''ဟုတ်ကဲ့ပါ''

စုံစုံစေ့စေ့ပြောထားပြီးသားပေမယ့် ဖေဖေက ထပ်ပြီး ရှင်းပြနေ၏။

''ကောင်မလေးအဖေကလဲ ငွေရှာတော်တယ်. . . သူ့လက်ထက်မှာလဲ စီးပွားရေးက ကောင်းမှကောင်း''

နိုင်စွမ်းက အားပါးတရ ပြုံးလိုက်၏။

''ဒါတောင် ဟိုဘက်နှစ်ဖက်က မပါသေးဘူးနော်''

''အင်း''



သားအဖနှစ်ယောက် မျက်လုံးချင်းဆုံ ပြုံးမိ၏။

''ဒါ့သားက လူချောပဲ. . . ကောင်မလေးက ကြိုက်မှာပါ''

''ဖေဖေက ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြန်ပြီ''

''တကယ်ပါကွ''

ဖေဖေက နိုင်စွမ်း ပခုံးကို ခပ်ဖွဖွပုတ်၏။

''သား''

''ဗျာ''

''ဖေဖေ့အလှည့်တုန်းက စုပန်လေးကို လက်လွှတ်ဆုံးရှုံးခဲ့ရတယ်. . . သားအလှည့်မှာတော့ သား အောင်မြင်မှုရပါစေလို့ ဖေဖေ ဆုတောင်းပါတယ်ကွာ''

''ဒါနဲ့ ဖေဖေ အန်ကယ်တီစုက သူ့သမီးအနားမှာ အရိပ်လိုပဲဆို''

''အဲဒါ အရေးမကြီးပါဘူး''

''ဗျာ''

နိုင်စွမ်း နားမလည်နိုင်ပါ။

''အဓိကက တွယ်တာပဲ. . . တွယ်တာကသာ မင်းမင်းဆို သူတို့ ဘာတတ်နိုင်မှာလဲ. . . မဟုတ်ဘူးလား''

''အင်း. . . ဟုတ်ပါတယ်''

www.burmeseclassic.com

www.burmeseclassic.com



"သား"

"ပြောပါ ဖေဖေ"

"ဒီတိုက်ပုလေးကို တစ်လ သုံးသောင်းခွဲနဲ့ရအောင် ကြိုးစားငှားထားရတာ. . . ရင်းထားရတဲ့အရင်းက အများကြီး . . . သားနဲ့ တွယ်တာ အမြန်ဆုံးနီးစပ်စေချင်တယ်. . . အဲဒါ ဖေဖေ့ဆန္ဒပဲ"

"သား နားလည်ပါတယ် ဖေဖေရာ"

"သား ပေါ့ဆမှာစိုးလို့ ထပ်မှာရတာပါ"

"ဖေဖေကိုယ်တိုင် အံ့ဩသွားအောင် သား လုပ်ပြမယ်"

"ဒီလိုမှပေါ့ကွ"

"အဲဒီကောင်မလေးမှာ ရည်းစားမရှိဘူးနော်"

"မရှိပါဘူး. . . ဒါပေမယ့် ဘမြင့်သားနဲ့ စေ့စပ်မယ်လို့ လို ဘာလိုလို သတင်းပြေးနေတယ်. . . ဒါပေမယ့် ကောင်မလေး နဲ့ အဲဒီကောင်လေး ပတ်သက်မှုမရှိသေးပါဘူး. . . ဒါက လူကြီး တွေအစီအစဉ်ပါ"

ဦးဘမြင့်က အန်တီစုသမီးလေးမှန်း သိလားဖေဖေ

"မသိဘဲ နေပါ့မလားကွ. . . သူလဲ စုကို ဖေဖေ့ အပြိုင်ပိုးပန်းခဲ့တာပဲ. . . ကောင်းကောင်းသိမှာပေါ့"



"ဒါဆို တစ်ခုစဉ်းစားစရာပဲ"

"ဘာများလဲ သားရဲ့"

"ဦးဘမြင့်က အန်တီစုသမီးနဲ့ သူ့သားကို သဘောတူ တယ်. . . ဟုတ်ထယ်နော် ဖေဖေ"

"အင်းလေ"

"တွယ်တာပန်းကို အဖေမဲ့ မွေးခဲ့တယ်ဆိုတဲ့ မျိုးရိုးကို ဦးဘမြင့် ဘာလို့ ထည့်မတွက်တာလဲ. . . သူလဲ ဆွေကြီးမျိုးကြီး ခဲ့"

"သားရယ်. . . ခေါင်းရှုပ်ခံလို့. . . လောလောဆယ်မှာ တွယ်တာဟာ အန်တီစုသမီးမဟုတ်ဘဲ မိစုံဖစုံနဲ့ ဒီလောက် ဖြည့်စုံဂုဏ်တင့်နေတာ အတိတ်ကို ဘယ်သူသိတာမှတ်လို့"

"ဩော်. . . ဒီလိုလား. . . သားရှင်းပါပြီ ဖေဖေ"

နိုင်စွမ်းက စီးကရက်ကို ဆူတ်ခမ်းမှာတေ့ထားပြီး ခေါင်း တဆတ်ဆတ်ညိတ်၏။ ဖေဖေက ကားကိုဖြည်းညင်းစွာမောင်း ထွက်သည်။

ရင်ထဲမှာတော့ ကျေနပ်မှုကိုယ်စီ။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ သား"

ဖေဖေ့ရှေ့မှာ ဝင်ထိုင်ပြီး ညီညီဘမြင့်က ရေသန့်ဘူးကို ဦးဆုံးဆွဲယူသောက်ကာ ဖန်ခွက်ထဲလောင်းထည့်သည်။

ရေအေးအေးကို သုံးခွက်လောက် ဆင့်သောက်ပြီးတော့မှ ဖေဖေ့ကို မော့ကြည့်၏။

"သား ရေငတ်လာတယ်ထင်ပါရဲ့"

"ရင်မူးတာပါ ဖေဖေ"

"ဖြစ်ရမယ်ကွာ. . . ဖေဖေက စကားမစသေးဘူး. . . သားက ရင်မူးနေပြီလား. . . အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့"

ဦးဘမြင့်က သားဖြစ်သူကို ကြည့်နေမိ၏။

သည်ကောင် တော်တော်ချောသား။ သားအဖပေမယ့် ကိုယ်နဲ့တခြားစီ။ ဆံပင်ပုံစံကအစ ခေတ်နှင့်အညီ။

"ပြောပါ ဖေဖေ. . . သား နားထောင်နေပါတယ်"

စိတ်ပျက်သံကြီးနှင့်ဆိုပြီး ခေါင်းငိုက်စိုက်ချထား၏။



"တွယ်တာ့ကို သား တွေ့ဖူးသွားပြီ"

"ဟုတ်ပါတယ်"

"သားရဲ့အမြင်ကို ဖေဖေ သိချင်တယ်"

"ကြောက်တယ်"

ညီညီဘမြင့်က လက်နှစ်ဖက်ကာပြပြီး မပွင့်တပွင့်ဆို၏။

"ကြောက်တယ်. . . ဟုတ်လား သား"

ဖေဖေက အတော်ကြီးမျက်နှာပျက်၏။ စိတ်မကောင်းဖြစ်သွားပုံလည်း ရပါသည်။

"သားနဲ့ အဆင်မပြေဘူးလား"

"အဆင်မပြေတာ မဟုတ်ဘူး. . . အဆင်မပြေတာက ပြေလည်နိုင်စရာရှိသေးတယ်. . . ခုဟာက သူ့ဘက်ကတစ်မျိုးကွဲ့"

"သူက မိန်းကလေးပဲ သားရယ်. . . သားကို ချက်ချင်းကြီး ဘယ်နွေးထွေးပါ့မလဲ. . . ဘယ်လိုလားပါ့မလဲ"

"အဲဒါ ခက်နေတာ. . . သူက ချက်ချင်းကြီး သိပ်နွေးထွေးနေတယ်. . . လိုလားနေတယ်. . . လွန်လွန်းအားကြီးလောက်အောင် အရောတဝင်ဖြစ်နေတယ်"

"ဟာ. . . ဒီလိုဆို ဖေဖေတို့ စိတ်အေးစရာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ မျက်နှာကြီးက ပြန်လည်ဝင်းလက်လာ၏။

''သားကို သူ အပြုံးရှိသွားပြီ ဖေဖေ''

''ဟေ''

''သသားက သူ့ကိုငြင်းတယ်. . . သူ့စရိုက်တွေကို မကြိုက်လို့ဆိုတာ သူ ပြန်သိသွားပုံပဲ. . . ဒါကြောင့် သူက သားကို အပြတ်ပညာပေးမယ့်ပုံဗျ''

''သားရယ်. . . တွယ်တာလေးက အေးပါတယ်''

''သား တွေ့ရသလောက်တော့ တော်တော်စွာတယ်''

''ဘယ်အချိန်ထိ ဖေဖေ့စကားကို သား ငြင်းနေမှာလဲ''

''ခင်ဗျာ. . . သား တွယ်တာကို ငြင်းနေမိလား''

''ဒါတွေက အငြင်းစကားတွေ မဟုတ်ဘူးလား''

''ဖေဖေက သားကို တွယ်တာနဲ့ သဘောတူတယ် မဟုတ်လား. . . မေမေရော ကိုကိုရော''

''အင်း. . . ဟုတ်တယ်လေ''

ညီညီဘမြင့်က မတ်တတ်ရပ်လိုက်၏။

''သား အားနာပါးနာနဲ့ လက်ခံလိုက်ပါတယ်. . . သား က မိသားစုထဲမှာ သုံးမဲတစ်မဲနဲ့ အပြတ်အသတ်ရှုံးပြီး သူ့ရှေ့ မှောက် ရောက်လာရတာကိုတော့ တွယ်တာသိအောင် ပြောထားပေးပါ''



ဖေဖေက ပြုံးပြုံးကြီးကျန်ရစ်၏။ သူလိုချင်နေသော အနေအထားတစ်ခုကို ရရှိလိုက်ပါပြီ။

တွယ်တာလေးဟာ အင်မတန် ချစ်စရာကောင်းတာမို့ သား မြင်ဖူးသွားရင် တစ်နည်းနည်းနဲ့ စိတ်ပြောင်းလဲတန်ကောင်း ပါရဲ့လို့ ယုံကြည်ထားခဲ့တာ မှန်သွားခဲ့သည်။

တွယ်တာလေးကို တော်ရုံကောင်လေးတွေ ဘယ်လိုလုပ် ခေါင်းခါနိုင်မှာလဲ။ မျက်နှာလေးဖောင်းအိပြီး စကားသံချိုချိုလေး နှင့် စွဲမက်စရာပုံစံလေး။

စုပန် သမီးလေးဟာ စုပန်ငယ်ငယ်ကလိုပဲ သိပ်ချစ် စရာကောင်းနေခဲ့တယ်ကွာ. . . အံ့သြစရာပဲ။

ကျစ်ဆံမြီးလေးနှစ်ချောင်းနဲ့ စုပန် ပုံသဏ္ဌာန်လေးဟာ ဆံပင်ဖောင်းဖောင်းလုံးလုံးနဲ့ တွယ်တာ့သဏ္ဌာန်လေးနဲ့ ခွဲမရ အောင် တူလှပါတယ်။

ကိုယ့်တုန်းက စုပန်လေးကို လက်လွှတ်ဆုံးရှုံးခဲ့ရပေမယ့် သားလေးညီညီနဲ့တော့ စုပန်သမီးလေးကို ရစေချင်တယ်။

ဒါဟာ ကိုယ့်ရဲ့ လောဘလား၊ မေတ္တာလား၊ အတ္တ လား စုပန် ပြောပါဦး။

www.burmeseclassic.com

www.burmeseclassic.com



စုပန်ကိုယ်တိုင်လည်း ကိုယ့်သားငယ်နဲ့ သမီးလေး တွယ်တာကို သဘောတူပုံပါပဲ။

သားရေးသမီးရေးကိစ္စ စတိုင်ပင်ကတည်းက တွယ်တာ့ ဖေဖေနဲ့ မေမေက စုပန်ကို သတိပေးခဲ့မှာပါ။ စုပန် သဘောထားကိုလည်း မေးခဲ့မှာပါ။ ညီညီဟာ ကိုယ့်သားဆိုတာကိုလည်း ပြောခဲ့မှာပါ။ ကိုယ် ယုံကြည်ထားခဲ့ပါတယ်။

စုပန်ကလည်း သဘောတူပါတယ်လို့ ပြောလို့သာ သားနဲ့ တွယ်တာ့ကိစ္စ အထမြောက်လာရတာပါ။

ညီညီဘမြင့်ကိုလည်း စုပန် လေ့လာသင့်သလောက် လေ့လာခဲ့မှာပါ။

တွယ်တာလေးသာ ဒါတွေမသိရှာတာ။ ကျန်လူတွေကတော့ သိသင့်သလောက် သိနေကြတာ။

သားလေးကလည်း ဘာမှမသိရှာဘဲ တွယ်တာလေးကို စိတ်ဝင်စားမှု ဖြစ်သွားရှာတာ။

ကိုယ့်တုန်းက မျက်နှာသာမပေးခဲ့သည့်ကံက သားတို့ လက်ထက်မှာတော့ သိပ်ကို သဘောကောင်းလွန်းသည်။

အဖုအထစ်ဆိုတာ ခုထက်ထိ ဘာတစ်ခုမှမရှိသေး။

အစစအရာရာ ချောမွေ့ပြေလည်လွန်းလှပါသည်။



တွယ်တာလေးကလည်း သားအပေါ် ခါးခါးသီးသီး ငြင်းစရာပါ။

မိဘစကားတွေ နားထောင်ဖို့ တွေးထားပုံရပါသည်။

အတိတ်အကြောင်းကို ရေရေရာရာ သိထားကြသူဆိုဆို တွယ်တာ့ဖေဖေ မေမေရယ်၊ အန်တီစုဆိုတဲ့ စုပန်လေးရယ် ကိုယ်ရယ် သည်လေးယောက်ပဲ ပိပိရိရိ သေသေသပ်သပ် ထုပ်ကိုင်ခဲ့ကြတာ။

ကိုယ်ကတော့ စကားတွေ ပွမှာစိုးလို့ ရှင်းစရာတွေဖြစ်မှာစိုးလို့ ဇနီးသည်ကိုပင် အသိမပေးဘဲ ထိမ်ချန်ထားမိပါသည်။

အိမ်ပွတာ ရှင်းရလွယ်သည်။

စကားပွလျှင်လည်း ရှင်းရမလွယ်။

ဒါကြောင့် တွယ်တာလေးအကြောင်း ဘာမှအသိမပေးခဲ့တာပါ။

သား မေမေကလည်း တွယ်တာလေးကို ချစ်စရာလေးမို့ လွတ်သွားမှာတောင် နှမြောစိုးထိတ်နေတာ။ ကိုယ့်အတွက်တော့ အဘက်ဘက်က ဝမ်းသာစရာချည်းပါပဲ။

"ရှင် ပြုံးနေပါလား ကိုဘမြင့်"

မြင့်က ကော်ဖီပန်း စားပွဲပေါ်ချပြီး မေးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလို့ပါ မြင့်ရာ"

"ဘာကိုလဲ ကိုဘမြင့်"

"မင်းရဲ့ သားတော်မောင်က ခေါင်းညိတ်လိုက်ပြီ"

"ညိတ်မှာပေါ့ အဆန်းလား"

မြင့်က ကြိုမြင်တွက်ဆထားပုံပါလား။ ကိုယ့်ထ
တောင် အကဲခတ်ကောင်းသေး။ ကိုယ်ကဖြင့် ညှံ့လိုက်တာ
သားကိုမေးမြန်းဖို့။

"မြင့်က သိလို့လား"

"သိသားပဲ. . . ရှင့်သားက အိုက်တင်ခံနေတာ. .
ကောင်မလေးကို မြင့်ကတည်းက တင်းထားသမျှ လျှော
သား. . . ဒါပေမယ့် သူက အသာစီးလေး လိုချင်နေတာ"

"ဒါကတော့ကွာ"

"သူက အင်တင်တင်လုပ်တော့ မြင့်ကလဲ အပြတ်
ပစ်တယ်. . . မိသားစုစည်းကမ်း သိတယ်မဟုတ်လား. .
အသာတကြည် စည်းရုံးတိုက်တွန်းမရရင် မဲခွဲဆုံးဖြတ်ပစ်မှာ
တော့ သူက သူ့အစ်ကိုဘက်လှည့်ပြီး ကိုကို ကျွန်တော့်ဘက်
လားလို့ မဲဆွယ်ကြည့်သေးတာ. . . အစ်ကိုလုပ်သူက နီးဆို
ရှင့်သားက မှုန်တင်းတင်းနဲ့ လက်ခံတာ ဘာမှတ်သလဲ"



"ဟုတ်လား"

ဦးဘမြင့် သွားတွေပေါ်အောင် ကျေနပ်စွာပြုံးလိုက်၏။

"မြင့်က သားကို ခြိမ်းခြောက်လိုက်တာကိုး"

"သတိပေးလိုက်တာပါ"

"ကောင်းပါတယ်. . . ဘာပဲဖြစ်ဖြစ် ကောင်းတာပေါ့"

မြင့်က ကော်ဖီကရားလေးထဲမှ ကော်ဖီပန်းကန်လုံးလေး
ထဲ ငုံ့ထည့်ပေးပြီး. . .

"သောက်ဦး. . . ကိုဘမြင့်"

မြင့်က သူ့ကိုထားရစ်ပြီး ပန်းပင်တွေရှိရာဘက် ခြေလှမ်း
ပြီးမှ ခြော် ဟု တစ်ခုခုသတိရသလို ပြန်လှည့်လာသည်။

"ကိုဘမြင့်"

"ဘာလဲ မြင့်ရဲ့"

"စောစောတုန်းက အန်တီစုပန် ဖုန်းဆက်ဂယ်"

"ဟုတ်လား"

တွယ်တာ ခေါ်သံလို လိုက်ခေါ်မိကြသည်လေ။

"ဘာကိစ္စတဲ့လဲ"

"တွယ်တာ့မေမေ နေမကောင်းဘူးတဲ့"

"ဟုတ်လား. . . ဒါဆို သွားကြည့်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး ပြောသေးတယ်. . . သူတို့ခြံဘေးက တိုက်ပုပုလေးကို လူသစ်တစ်ယောက် ပြောင်းလာတယ်တဲ့. . . ပြောင်းလာတဲ့ကောင်လေးက ချောချောလေးတဲ့"

"ဟုတ်လား"

ဦးဘမြင့် ကော်ဖီမှသောက်ရင်း စဉ်းစားမိ၏။

အစတုန်းကတော့ တွယ်တာတို့ ခြံဘေးက ခြံကျယ်ကြီးပါဘဲ။

နောက်တော့ ခြံရောင်းရင်း ရောင်းရင်းနဲ့ ခြံကျဉ်းကျဉ်းလေးတွေ ဖြစ်ကုန်တာ။

မြင့် အခုပြောတာ ဘယ်ခြံလေးပါလိမ့်။ မျက်စိထဲ တွေးကြည့်ပေမယ့် ပေါ်မလာခဲ့ပါ။

"မြင့်ရေ"

"ရှင်"

"လာကွာ. . . ခဏ သွားကြရအောင်"

"ဟင်. . . ချက်ချင်းကြီး"

မြင့်က တအံ့တသြဖြစ်ရှာသည်။

"ကောင်လေးက ချောချောလေး ဟုတ်လား"

"အမယ်လေးနော်. . . သူ့မိဘတွေ ပူဖို့လဲထားဦး"



မြင့်က အဖြစ်သည်းလိုက်တာဟု ဆို၏။

"သူတို့က ဆိုင်ရုံဆိုင်တော့တာ. . . လူကြီးချင်းစကား ပြောထားပြီးသားဆို တွယ်တာက တို့သမီး ဖြစ်နေပြီကွ"

"ဟုတ်ပါတယ်. . . ဒါပေမယ့် ရှင့်ဟာက လွန်လွန်းပါ တယ်. . . ပြောမိတာ မှားပြီ"

မြင့်က ပါးစပ်ကသာ ရေရွတ်နေတာ။ လူကတော့ အိမ်ပေါ်တက် ပိုက်ဆံအိတ်ယူ၊ မှာစရာရှိတာ မှာပြီးသား။

"ဒီလောက် စိုးရိမ်စရာလဲမလိုပါဘူးရှင်. . . အဲဒီ ကောင်မလေးမှာ ယောက်ျားလေး သူငယ်ချင်းတွေ အများကြီး ဆို. . . ဒါကျတော့ ရှင် မစိုးရိမ်ပါလား. . . ရှင့်ဟာက ဘယ်လို ထဲ"

"မင်း မသိဘူးနော် မြင့်. . . တွယ်တာလေးက သိပ် ကြွယ်ဝလွန်းတော့ အကြံနဲ့ကပ်ဖို့ကြံရင် ခက်မှာကွ. . . ရိုးရိုး အသားဆို အကြောင်းလား. . . အဲဒါပဲ စိတ်မအေးတာ. . . သဘောရိုးနဲ့ ပြောင်းလာတာဆို ကိစ္စမရှိဘူး"

"ဖြစ်ရလေရှင်. . . ရှင့်သားနဲ့ နောက်လထဲမှာ တရား ဝင်စေ့စပ်တော့မယ့် ရှင့်ချွေးမလောင်းကို ဘယ်သူမှ ဖွတ်နိုး ဘူး. . . ခက်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



မြင့်က ဦးဘမြင့်ကို မျက်စောင်းရွယ်သည်။

"ဖေဖေတို့ ဘယ်သွားမလို့လဲ"

ညီညီဘမြင့် ဂစ်တာတစ်လက်ကိုင်ရင်း အိမ်ပြင်ထွက်လာ မေးလိုက်၏။

ဖေဖေ မေမေတို့ကြည့်ရတာ အလောသုံးဆယ် အပြင် သွားမည့်ပုံပါ။

ဘာတွေများ အရေးတကြီးဖြစ်ကုန်ပါလိမ့်။

ဂစ်တာကို လှေကားအတက်အဆင်းမှာ မှေးထောင်ပြီး သူလည်း ကားဘေးရောက်သွား၏။

"တွယ်တာလေ. . . တွယ်တာ"

မေမေက ဖေဖေ့ဘက် မျက်စောင်းရွယ်ရင်း ထေ့ငေါ့ ဆိုတော့ ညီညီ မျက်မှောင်ကုတ်သွား၏။

"တွယ်တာ ဘာဖြစ်လို့လဲ ဖေဖေ"

"တွယ်တာက ဘာမှမဖြစ်ပါဘူး. . . ဖြစ်နေတာ ဦးဘမြင့်"

"ဩော်. . . မြင့်ရယ်. . . မင်းက ငေါ့နေသေးတယ်"

ဖေဖေက သူ့ဘက်လှည့်လာ၏။

"သား"



"ဟုတ်ကဲ့"

"တွယ်တာတို့ အိမ်ဘေးကို လူငယ်ချောချောတစ်ယောက် ပြောင်းလာတယ်တဲ့"

ဖေဖေ့စကားကို ပြုံးရမှာအားနာလှပေမယ့် သူမနေနိုင်ဘဲ ပြုံးမိပါသည်။

"ဘာများလဲလို့ ဖေဖေရာ"

ညီညီက တစ်ဖက်လှည့်ကာ ရယ်မိသည်။

"ကြဲကြဲဖန်ဖန် စိုးရိမ်လိုက်တာဗျာ. . . ဖေဖေ့မှာသာ သမီးမိန်းကလေးရှိရင် ဘယ်နေရာထားရမှန်း မသိဘဲ ရှူးတော့မှာ"

"အင်းလေ. . . မေမေ အဲဒါပဲပြောနေတာ"

"ဩ စိတ်ပူလို့ပါ မြင့်ရာ"

"ကဲ. . . ကြွ. . . ကြွ"

မေမေက အရှုံးပေးလိုက်သလို ကားပေါ်တက်ထိုင်၏။

"ဖေဖေ"

"ဟေ. . . ဘာလဲသား"

"ဒီလောက်စိတ်ပူနေရင် တစ်ခါတည်း ခေါ်လာလိုက်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းဖို့ပြင်နေသော ဖေဖေ့ကို ကားအမိုးပေါ် လက်ထောက်ကာ ငုံ့ကြည့်ရင်း ပြောင်စပ်စပ်မေးမိ၏။

ဖေဖေက အေး. . . ကောင်းတယ် ဟု ဘု ဆတ်ဆတ် ဆို၏။ မေမေနှင့် ညီညီ ပြုံးတူရယ်မိကြပါသည်။

ဖေဖေ ဘာကိုစိုးရိမ်နေမှန်း နားကိုမလည်နိုင်ပါ။

♛ ♛ ♛



တွယ်တာက အိပ်ရာပေါ်လှဲချရင်း နဖူးပေါ် လက်က လေးတင်ကာ စဉ်းစားမရအောင်ဖြစ်နေမိ၏။

မေမေ မူးလဲသွားလို့ အလိုလိုမှ စိတ်ရှုပ်နေတာ။ အန်ကယ်ဘမြင့်စကားကြောင့် ပိုပြီးခေါင်းနောက်လာရသည်။

''သမီးနဲ့ခင်လား''

''မခင်ပါဘူး. . . မမြင်ဖူးသေးဘူး. . . တစ်ရက်ပဲလာ နေပြီး ပိတ်ထားတာ ကြာပြီပဲ. . . အဲဒီလူကို အန်တီပဲ မြင်ဖူး လိုက်တာ''

''သေချာလား သမီး''

''သေချာတာပေါ့''

အန်ကယ်ဦးဘမြင့် ခပ်တွေတွေစဉ်းစားနေ၏။

တွယ်တာ့ကို မသင်္ကာဖြစ်နေတာများလား။ သည် လောက်တော့ အထင်မသေးကောင်းပါဘူး။

ဘာလို့ လာစစ်ဆေးနေတာလဲ။ အန်တီရော့ကော

www.burmeseclassic.com

www.burmeseclassic.com



တွယ်တာတို့ အိမ်ဘေး လူသစ်ပြောင်းလာတာ သတင်းပေးစရာ လား။ အလုပ်မရှိ အလုပ်ရှာလို့။

''သမီး''

''ရှင်''

''အဲဒီအိမ်ရဲ့ မူလပိုင်ရှင်ကိုကော သမီး သိလား''

''အိမ်ရှင်ကို. . .''

''အင်း''

''အိမ်ရှင်က. . . ဩော် ဟုတ်သားပဲ. . . မာလာတို့ အိမ်ပါ အန်ကယ်''

''မာလာ. . . ဟုတ်လား''

''ဟုတ်ပါတယ်. . . တွယ်တာနဲ့ ခင်ပါတယ်. . . သူတို့ အဘွားဆုံးတော့ သူတို့အဘွားခြံကျယ်ကြီးထဲ ရွှေ့နေကြတာ . . . ဒီခြံလေးကို ပိတ်ထားခဲ့တယ်လေ. . . အခု ငှားလိုက်တာ လား. . . ရောင်းလိုက်တာလား မသိပါဘူး''

''ဒီလိုလုပ်ပါလား သမီးရဲ့''

''ဟုတ်ကဲ့''

တွယ်တာ နည်းနည်း စိတ်ဝင်စားသွားမိသည်။

''အဲဒီ မာလာရဲ့ ဖုန်းနံပါတ်နဲ့ လိပ်စာကို အန်ကယ့်ကို [illegible]း''

''ရှင်''

လုံးဝထင်မထားသောကိစ္စမို့ မျက်လုံးလေးပင်ပြူးသွား [illegible]ပြီ။

ဘာတွေလဲ။ ဘာတွေဖြစ်နေကြတာလဲ။ ဘာကိုပူနေ ကြတာလဲ။ ဘာအတွက် သည်လောက်သိချင်နေကြတာလဲ။

''သမီးမှာ သူတို့ဖုန်းနံပါတ် မရှိပါဘူး''

တွယ်တာ ညာမိပြီ။

''အဆက်အသွယ်ပြတ်နေတာလဲ ကြာပြီ''

''ဟုတ်လား''

''အန်ကယ်က ဘာကိုသိချင်တာလဲဟင်''

စိတ်ထဲမှာ မှန်းခြေနှင့်သိထားပေမယ့် ရေရာအောင် [illegible]ပ်မေးမိ၏။

''ကိုယ့်ခြံဘေးကို လူသစ်ပြောင်းလာတာဆိုတော့ ဘယ် [illegible]လူစားလဲဆိုတာ သိထားဖို့လိုတယ် သမီးရဲ့''

''နောက်တော့ သိမှာပဲလေ''

''အင်း. . . အစကတည်းက သိထားရင် ပိုမကောင်း [illegible]လား''



www.burmeseclassic.com

www.burmeseclassic.com



တွယ်တာက စိတ်ရှုပ်ဟန်လေး အထင်းသားပေါ်လာတော့ အန်တီမြင့်က အားပေးသလို ပြုံးပြသည်။

ဖေဖေ့ကိုကြည့်မိတော့ ဘာတစ်ခွန်းမှ ဝင်မပါဘဲ ငြိမ်သက်စဉ်းစားနေတာ တွေ့ရ၏။ အန်တီစုကလည်း တွယ်တာ့နောက်မှာ ရပ်နေ၏။

"တွယ်တာ မသိလို့မေးပါရစေ"

"မေးလေ သမီးရဲ့"

အန်ကယ်ဘမြင့်ကပဲ တွယ်တာ့ကို မေးမြန်းနေတာဆိုတော့ သူ့ကိုပဲ ပြန်မေးရတော့မည်။

"အန်ကယ်တို့က ဘာကိုစိုးရိမ်နေကြတာလဲဟင်"

"သမီးအတွက်ပေါ့"

"ရှင်"

တွယ်တာ့မျက်နှာလေး မဲ့ကာ စိတ်ဆိုးချင်မိ၏။

ညီညီဘမြင့်တို့ဘက်က နေရာတကာ ပါလွန်းမနေဘူးလား။ တွယ်တာ့ကို သူတို့ပိုင်ပစ္စည်းတစ်ခုလို သဘောထားလွန်းတာလား။ ဘာမှမဆိုင်ခင်ကတည်းက သည်လောက် ချယ်နေမယ်ဆို တွယ်တာ စိတ်ကျဉ်းကျပ်ရတော့မှာ အမှန်

မဟုတ်သေးပါဘူး။ အဓိပ္ပာယ်လည်းမရှိပါဘူး။



ဒါ အန်တီစုပန် လုပ်တာ။ သူ ဘာတွေသွားပြောလိုက်လဲ။ အန်ကယ်ဘမြင့်တို့ သံသယဝင်အောင် ဘာတွေလုပ်ကြံပြောလိုက်တာလဲ။

အန်တီစုဟာ နေရာတကာ ဝင်ပါလျှာရှည်တာတော့ သိထားပြီးသားပါ။ သို့ပေမယ့် ခုကိစ္စကျတော့ တရားလွန်ပါသည်။

တွယ်တာ ခွင့်မလွှတ်နိုင်ပါ။

တွယ်တာ့မှာ တစ်စုံတစ်ရာ အမှားအယွင်းရှိလို့ဆိုထားတော့။ အသားလွတ်ကြီး စစ်ဆေးခံရတာ ရှက်စရာ။ ဖြေရှင်းရအောင်လည်း ဘာအကြောင်းတရားမှ မရှိ။ အခြေအနေအရပ်ရပ်ကို တွယ်တာ နားမလည်တော့ပါ။

"ကဲပါကွယ်. . . ကိုဘမြင့်ကလဲ ရှင် စိတ်ပူပြီး မေးနေတာ သမီး စိတ်အနှောင့်အယှက်ဖြစ်သွားပြီ. . . ထားပါတော့"

အန်တီမြင့် တွယ်တာ့မျက်နှာရိပ်ကလေးကို အကဲခတ်မိပုံနှင့် ဝင်ရောက်ဟန့်တား စကားလွှဲ၏။

အန်တီစုပန်လည်း ရပ်နေရာမှ လှည့်ထွက်သွားသည်။

"ဒီတစ်ခါ မာလာနဲ့ကြုံရင် သူတို့ဖုန်းနံပါတ် မေးထားပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



တွယ်တာက တွံ့ဆိုင်းဆိုင်းဆိုပြီး နေရာမှထ၏။

အန်တီစုအပေါ် မကျေညက်စိတ်တွေနှင့် မဆုံ့အောင် ရှန်းကြွလာပေမယ့် မေမေ နေမကောင်းဘူးဆိုပြီး ကြိတ်မှိတ် မျိုချလိုက်၏။

မေမေ နေကောင်းသွားလျှင်တော့ ခုကိစ္စရှင်းမှကိုဖြစ်တော့မည်။

အန်တီစုကို တွယ်တာ အလိုမရှိတော့ပါ။ သေးသေးဖွဲဖွဲ ကအစ အပြင်ကိုသတင်းလွှင့်တတ်တာ မုန်းပါသည်။ အယုံအကြည်လည်း တစ်စက်ကလေးမှ မရှိတော့ပေ။

ပြီးတော့ ညီညီဘမြင့်ကို တွယ်တာ လက်မခံချင်တော့ပေ။ ဟိုတုန်းကတော့ မေမေတို့ဆန္ဒကို မငြင်းချင်လို့ ခေါင်းညိတ်ထားတာ။ ဘာပြဿနာမှလည်း မရှိလောက်ဘူးထင်လို့။

အဲသည်လို ကတ်သီးကတ်သတ် ဗီဇာချဲ့တတ်မှန်းသိရင် အစေးကြီးကတည်းက ငြင်းလိုက်ပါတယ်။

ဟုတ်တယ်၊ မှားကိုမှားတာ။

ညီညီဘမြင့်ကိုယ်တိုင်ကလည်း၊ ခနဲ့ချင်သလိုလို၊ ထေ့ချင်သလိုလို၊ လူပါးက ခပ်ဝဝ။

ပြောပုံဆိုပုံက အထက်စီးဆန်ဆန်။



မေမေတို့ရယ်. . .

သမီးအတွက် ဘယ်လိုလူစားကို ရွေးပေးလိုက်တာလဲ။ သမီး ဘယ်လိုလုပ် အဲသည်မိသားစုထဲ ဝင်လို့ရနိုင်မှာလဲ။

အသံလေးသဲ့သဲ့ကြားရုံနှင့် ရေဆုံးမြေဆုံးလိုက်ကြမယ့်ပုံမျိုး။ မဖြစ်သေးဘူး။ ယောကျ်ားလေးသူငယ်ချင်းထားလို့ရဖို့ နေနေသာသာ သူစိမ်းယောကျ်ားလေး လှမ်းကြည့်မိတောင် ဘာကိစ္စကြည့်မိပါတယ်ဆိုတဲ့ အစီရင်ခံစာတင်ရမယ့်အဖြစ်မျိုး။

တွယ်တာ တွေးရင်း အတော်နှင့်အိပ်မပျော်။ အိမ်ထောင်မှုရမှာပင် လန့်လာမိသည်။

အစကတော့ သည်လောက် နက်နက်ရှိုင်းရှိုင်း မတွေးမိတာ အမှန်ပါပဲ။ တွေးမိပြီဆိုတော့လည်း အတွေးတွေက ရှည်လျားလွန်းတာ အစသတ်လို့ပင်မရတော့ပေ။ မပြေလည်မှာတွေ တစ်ပုံတစ်အောကြီး တွေ့လာ၏။

"သမီး"

အန်တီစုက ဝတ္တရားမပျက်ဘဲ နွားနို့လာပို့ပါသည်။

"သမီး စိတ်ညစ်သွားလား. . . ဟုတ်လား"

လုံးဝ မဟာချင်သော အကြောင်းအရာ မေ့ထားပါရစေလော။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးကိုက်ရင်း ငြိမ်နေလိုက်၏။

"အန်တီစုက ဖုန်းဆက်ရင်း ဘာရယ်မဟုတ် ပြော တာပါ... သူတို့ ဒီလောက်စိတ်ပူတတ်မှန်းလဲ မသိလို့ပါ"

ဘာမှမမေးဘဲ လာရောက်ဖြေရှင်းနေတော့ ဝုန်းဒိုင်း ပစ်ချင်စိတ် ဝင်လာ၏။

"အန်တီစုက ဒီလိုဖြစ်လာမယ် မထင်တာနဲ့... သ စိတ်ထဲမထားနဲ့နော်... နောက်တစ်ခါဆို ဒါမျိုးဝင်မပါတော့ ဘူးကွယ်"

လူကြီးသူမက ကိုယ့်အပေါ် သည်လိုဖျောင်းဖျောင်း ဖျပြောဆိုလာတော့လည်း တွယ်တာ ပင့်သက်ရှိုက်မိပါသည်

"သမီး သောက်လေ"

ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်ပြီး အန်တီစုပန်ကို မျက်လုံး သေတွေနှင့် စိုက်ကြည့်မိသည်။

တစ်ခုခုကို နာကျင်မိပြီဆို အဲသည်လိုပဲ ကြည့်တတ် တာ ငယ်ငယ်လေးကတည်းကပါပဲ။

"သမီးလေးရယ်"

အန်တီစုပန် မျက်နှာက ရုတ်ခြည်းညှိုးကျသွား၏။

"အန်တီစု စိတ်မကောင်းပါဘူး"



"ရပါတယ်... ထားလိုက်ပါတော့"

တွယ်တာက ခုတင်ပေါ်မှဆင်းပြီး နို့ခွက်ကို မော့သောက်၏။

"ကျွန်မ အိပ်ချင်ပြီ"

ခါတိုင်းလိုမဟုတ်ဘဲ အေးစက်စက် စိမ်းပြတ်ပြတ်နိုင်လှသော အသံလေး။

သူမ သိပ်စိတ်ဆိုးလျှင် စကားကို အဲသည်လိုပဲ ဆိုတတ်ပါသည်။

တော်ရုံတန်ရုံ စိတ်ဆိုးတာလောက်ဆို ဒါမျိုးတွေမလုပ်တတ်။

အန်တီစုက အလိုက်တသိ အခန်းထဲမှ ထွက်သွား၏။

တွယ်တာလည်း ပြတင်းပေါက်တစ်ဖက် ဆွဲဖွင့်ကာ အကြောင်းမဲ့ ရပ်နေမိပါ၏။

လုံးဝ အိပ်ချင်စိတ်ကိုမရှိ။

မေမေ အမြန်ဆုံးသက်သာပါစေဟု စိတ်ထဲမှာ ဆုတောင်းနေမိပါသည်။

အန်တီစုပန်က ကျန်းမာသလောက် မေမေက ချူချာတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တွယ်တာ သိတတ်စအရွယ်ကတည်းက အန်တီစုပန် တစ်ခါမှ နေထိုင်မကောင်းတာမျိုးမကြုံဖူးခဲ့ပါ။

ဘာကြောင့်ဖြစ်ဖြစ်လေ တွယ်တာ့ကိုယ်ရေးကိုယ်တာ တွေမှာ အရမ်းပတမ်း ဝင်ရောက်ပြောဆိုတာမျိုးတော့ ခွင့်မပြု နိုင်ပါဘူး။

ဟုတ်တယ်. . . လုံးဝခွင့်မပြုနိုင်ဘူး။

တင်းတင်းကျပ်ကျပ် သတိပေးထားမှလည်း အန်တီစု ကနားလည်နိုင်မှာ၊ ကိုယ့်နေရာ ကိုယ်သိမှာ။

တွယ်တာ့မှာ ဉာဏ်ရှိပါတယ်၊ ဦးနှောက်ရှိပါတယ်၊ အနီး ကပ်ထိန်းကျောင်းစရာလည်း မလိုပါဘူး။

ဖေဖေ့ မေမေတို့ဟာ သည်ကိစ္စနဲ့ပတ်သက်ရင် သိပ် တွေဝေ အားနည်းလွန်းတယ်။

တွယ်တာ့ဘက်က လုံးလုံး မကြည့်ပေးကြဘူး။

တဖြည်းဖြည်းနှင့် ဒေါသက ဖေဖေ မေမေတို့အပေါ်ပါ ရောက်လာမိသည်။

အန်တီစုကိုများ ဘာလို့ မပြောရက် မဆိုရက်ဖြစ်နေ ရတာလဲ။

စေ့စေ့တွေးလေ အဖြေမထွက်လေပါဘဲ။ လိုတာထက်



ပိုပြီး အလေးထားနေကြတာလဲ အမှန်ပါပဲ။

တံခါးချပ်က ကျွီဟုမြည်ကာ ဟဟကလေး ပွင့်သွား တော့ တွယ်တာ လှစ်ခနဲလှမ်းကြည့်မိပါသည်။

"ဟင်"

အန်တီစုက တစ်ခေါက် လာပြန်ချောင်းတာ။ တွယ်တာ တကယ်အိပ်ရဲ့လားဆိုတာ။

အမြဲလည်း ခုလိုကြည့်နေကျပေမယ့် သည်ညတော့ ခါတိုင်းထက်ပိုပြီး စိတ်တိုမိပါသည်။

"ဘာလဲ. . . ဘာကိစ္စရှိလို့လဲ"

"သမီး အိပ်ပြီလားလို့ပါ. . . မီးပိတ်ပေးမလို့"

"ဒီမှာ အန်တီစုပန်"

တွယ်တာက ခပ်ရဲရဲ ရင်ဆိုင်လိုက်တော့သည်။

"ဒီနေ့ကစပြီး တွယ်တာ့အခန်းထဲကို ဝင်စရာမလိုဘူး . . .ဘာမှလဲ လုပ်ပေးစရာမလိုဘူး. . . မေမေ သက်သာလာ တာနဲ့ တွယ်တာ ပြောမယ်. . . ရှင်းမယ်"

"အို. . . သမီးရယ်"

အန်တီစုပန် မျက်နှာက တော်တော်လေးအိုစာသွားသည်။

"ဟုတ်တယ်. . . တွယ်တာ သည်းမခံနိုင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အန်တီ တောင်းပန်ပါတယ်ကွယ်"

"အိုး. . . မရဘူး. . . မရဘူး. . . ရှင် ကျွန်မအခန်းထဲ က အခုထွက်သွားပေးပါ. . . ကျွန်မ စိတ်မထိန်းနိုင်ရင် မကောင်း ဘူး"

တွယ်တာက လက်သီးလေးနှစ်ဖက် တင်းတင်းဆုပ်ပြီး စိတ်ကို မရအရ ချုပ်တည်းထားရသည်။

အန်တီစုပန် လှည့်ထွက်သွားတော့ တွယ်တာက တံခါး ကို ဝုန်းခနဲပိတ်ပြီး သော့ပါပိတ်လိုက်၏။

ခုတင်စွန်းမှာ ဝုန်းခနဲထိုင်ချပြီး ဒေါသရှိန်နှင့် မျက်ရည် လေး ပြုံးထွက်နေသည်။

တိတ်ဆိတ်လွန်းသော ညမှာ သူမတစ်ဦးတည်း ပေါက်ကွဲနေမိသည်။

♛ ♛ ♛



## အခန်း (၁၁)

"ဟာဗျာ. . . မကောင်းပါဘူး. . . အားနာစရာ"

မေမေ့စကားဆုံးတော့ ညီညီဘမြင့် စိတ်အိုက်သွားမိ သည်။

"သားဖေဖေက အစိုးရိမ်လွန်တာလေ. . . ဟိုခမျာလေး မျက်နှာကိုပျက်လို့. . . မေမေလဲ သနားတာနဲ့ ဝင်တားပေးရ တယ်"

"ကိုက စိုးရိမ်လွန်းလို့ပါ မြင့်ရာ"

"ရှင် စိုးရိမ်လဲ ရှင့်ဝမ်းထဲထားပေါ့. . . သွားပြီး စစ်စပ်

www.burmeseclassic.com

www.burmeseclassic.com



စုစုမေးစရာလား. . . သားနဲ့ တရားဝင်စေ့စပ်ရသေးတာလဲ မဟုတ်ဘူး. . . ပြီးတော့ သူ့မှာ သွန်သင်ဆုံးမမယ့် မိဘလဲရှိသေးတယ်''

''ဒါတော့ ဒါပေါ့. . . ကိုကလဲ ရင်းနှီးတဲ့သဘောမျိုးနဲ့ မေးတာပါ''

''ကောင်မလေးက မျက်နှာပျက်တယ်. . . တော် သိရဲ့လား ကိုဘမြင့်''

''အေးပါကွာ. . . အဲဒါကြောင့် မြင့် တားတော့ ဆက်မမေးတာပါ''

''အင်း. . . ကျေးဇူးတင်ရမလိုပါလား''

''မင်းမသိပါဘူး မြင့်ရာ. . . မင်း ဘာမှမသိဘူး''

''ဘာကို မသိရမှာလဲ''

''အားလုံးပဲပေါ့ကွာ''

''ဟုတ်ပါ့. . . ရှင်ပဲသိ. . . ရှင်ပဲတတ်. . . ထားပါတော့''

''မဟုတ်ပါဘူးကွာ''

ညပိုင်း ကော်ဖီဝိုင်းမှာ ၊ကော်ဖီသောက်ရင်း သားအမိ သားအဖ လေးယောက်ပြောနေဖြစ်ကြတာ။ ကိုကိုဘမြင့်က နှုတ်ထိ တစ်ခွန်းတစ်ပါဒမှ ဝင်မပြောသေး။



''ဖေဖေ''

''ဘာလဲ သားကြီး''

ကိုကိုဘမြင့်က သောက်လက်စ ကော်ဖီခွက်ကို ပြန်ချထားပြီး ဖေဖေနှင့် မျက်လုံးချင်းဆုံကြည့်၏။

''သား တစ်ခုမေးမယ် ဖေဖေ''

''မေးလေ''

''သား နားမလည်ဘူး''

ကိုကိုဘမြင့် မေးပုံက တွေးတွေးဆဆ ရေရေရာရာတွေးထားပုံ။ တလေးတနက်ရှိနေတော့ မေမေရော ညီညီပါ နားထောင်နေမိကြသည်။

''ညီညီနဲ့ တွယ်တာ့ကို ဖေဖေ သဘောတူထားတယ် . . . ပေးစားမယ်''

''ဟုတ်တယ်လေ''

''ဒါပေမယ့် ဖေဖေ့မှာ တခြားအကြောင်းတစ်ခုခုရှိနေသလိုပဲ. . . အတိအကျရှိနေပါတယ်. . . သားတို့ သိခွင့်မရဘူးလား''

''သိခွင့်ရပါတယ် သားရယ်''

www.burmeseclassic.com



ဖေဖေ သက်ပြင်းရှိုက်၏။ ပြီးမှ. . .

"တွယ်တာက သိပ်ပိုက်ဆံချမ်းသာတဲ့ မိန်းကလေး"

"အဲဒီတော့ ဘာဖြစ်လဲ"

"စည်းစိမ်ကိုမက်မောပြီး တစ်ယောက်ယောက်က ချဉ်းကပ်လာမှာ သိမ်းသွင်းစည်းရုံးမှာ စိုးလို့ပါ သားကြီးရယ်"

"ဖေဖေ အဲဒီအတွေးမျိုးဖြစ်ပေါ်လာတဲ့ အရင်းခံအကြောင်းတရားကို သားက သိထားချင်တာပါ ဖေဖေ. . . ဖေဖေ ဘာကိုမသင်္ကာဖြစ်နေသလဲ. . . ဘာမသင်္ကာစရာ တွေ့ထားလဲပြောပါလား ဖေဖေ"

ဖေဖေက ခေါင်းယမ်းပြပါသည်။

"မရှိပါဘူး သားကြီးရဲ့. . . အတွေးထဲကလာတဲ့ စိုးရိမ်မှုပါ သားကြီးရယ်"

"ဒီလောက် မလိုအပ်ပါဘူး"

"မဟုတ်သေးဘူးကွ. . . လိုတော့လိုအပ်တယ်"

"ဘာကြောင့်လဲ ဖေဖေ"

ဖေဖေကလည်း ရှင်းရှင်းလင်းလင်း မဖြေချင်သလို ကွေ့ကွေ့ဝိုက်ဝိုက်။ ကိုကိုဘမြင့်ကလည်း မရအရမေးမည့်ပုံ။ ညီညီလည်း သည်ကိစ္စကို စိတ်ဝင်စားလာရတော့သည်။



"ဖေဖေ့ စီးပွားပြိုင်ဘက်တစ်ဦးက ဝင်ရှုပ်မှာစိုးလို့ပါ"

"ကြဲကြဲဖန်ဖန်ဗျာ. . . ဒီလိုဆို သား ကောင်မလေးကို ကျတော့ မစိုးရိမ်ပါလား. . . တွယ်တာ့ကိုမှ ရွေးပြီး"

ဖေဖေက မတ်တပ်ရပ်ပြီး လှည့်ထွက်သွား၏။ ကိုကိုဘမြင့်မေးတာကို မဖြေပါ။ စကားကို ဆုံးအောင်ပင်နားမထောင်။

မေမေရော ညီအစ်ကို နှစ်ယောက်ရော တအံ့တဩဖြစ်ရ၏။

"သားကြီး"

ဖေဖေက အပေါ်ထပ်တက်ခါနီး လှေကားနားမရောက်တရောက်မှာ ခေါ်၏။

"ဖေဖေရဲ့ အဲဒီ ကောက်ကောက်ကျစ်ကျစ် မိတ်ဆွေကို တွယ်တာလေးတို့နေတဲ့ လမ်းတစ်ပိုက်မှာ မမျှော်လင့်ဘဲတွေ့ခဲ့ရတယ်"

"ဗျာ"

ကိုကိုက ချက်ချင်း ဖေဖေ့ဘေးနား လျှောက်သွား၏။

"ဒါဆိုရင်တော့ ဖေဖေထင်တာ မမှားဘူးပေါ့. . . စိုးရိမ်သင့်တာပေါ့"

ကိုကိုဘမြင့် ထောက်ခံလိုက်တာကို ညီညီနှင့် မေမေ

www.burmeseclassic.com

www.burmeseclassic.com



ပါ သေချာကြား၏။

''ဒါပေမယ့် စောင့်ကြည့်ရမှာပဲ သားငယ်''

''ဗျာ. . . ဖေဖေ''

''တွယ်တာ့ဆီ ဖုန်းဆက်ပြီး ဖေဖေ မေးမြန်းခဲ့တာ အတွက် သားက ပြေရာပြေကြောင်း ရှင်းပြတောင်းပန်လိုက်ပေါ့''

''ဟုတ်ကဲ့ပါ ဖေဖေ''

ညီညီ့အမြင့် ခေါင်းညိတ်တော့ 'ဖေဖေ ကျေနပ်စွာပြုံး၏။

''သားငယ်''

''ဗျာ''

''ဖေဖေတို့ဘက်က ညီညီ့ညွတ်ညွတ် တစ်သားတည်း တစ်သံတည်း ဖြစ်နေခဲ့ရင် . . . နားလည်မှုရှိနေခဲ့ရင် . . . သူ စိမ်းတစ်ဦး မတရားဝင်ရောက် အနိုင်ပိုင်းလို့ မရနိုင်ပါဘူး. . . သား သဘောပေါက်လား''

''ဟုတ်ကဲ့''

ဖေဖေက ညီညီ့ကိုလည်း သွယ်ဝိုက်ပြီး ဆုံးမလိုက်ပါ သည်။

ကိုယ့်ကိစ္စမှာ သူစိမ်းတစ်ယောက်က 'ဖေဖေ့ကို ကျော



ချားမှာ အသာရသွားမှာမျိုး ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ပါ။

အဲသည်စိတ်ဓာတ်ကိုသိလို့လည်း ဖေဖေ လာထည့်သုံး လိုက်တာ။

တွယ်တာ့ဆီ ဖုန်းဆက်ဖို့ ညီညီ ဆုံးဖြတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

''သမီး''

''ဘာလဲ ကြီးစု''

''ဖုန်းလာနေတယ်''

''ဘယ်သူ့ဆီကလဲ''

''ညီညီဘမြင့်တဲ့. . . သမီးနဲ့ စကားပြောချင်တယ်တဲ့''

''ကြီးစုက မရှိဘူး မပြောလိုက်ဘူးလား''

''မပြောလိုက်မိဘူး''

''ခက်တာပဲ''



''သမီးမှ ကြိုမမှာထားတာ''

''ဟုတ်ပါတယ်. . . သမီး အမှားပါ''

''ကြီးစု ဘာလုပ်ပေးရမလဲ''

''ခုမှတော့ ညာမနေနဲ့. . . လူကြီးဆိုတော့ ဘယ်ကောင်းမလဲ. . . တွယ်တာက မပြောချင်ဘူးလို့ပဲ အပြတ်ပြောလိုက်တော့''

''အင်း. . . အင်း. . . ပြောလိုက်မယ်''

''နောက်လဲ မဆက်နဲ့လို့. . . တွယ်တာ မပြောချင်ဘူးလို့''

''အင်းပါ''

တွယ်တာက နှုတ်ခမ်းလေး ဖိကိုက်မိပါသည်။

''ဩော်. . . ကြီးစု''

''ဘာလဲ သမီး''

''ဒီကိစ္စကို ဖေဖေ မေမေတို့ မသိစေနဲ့''

''ဘယ်ကိစ္စလဲ''

''ခက်လိုက်တာ. . . အခုကိစ္စ. . . ညီညီဘမြင့် ဖုန်းဆက်တာ တွယ်တာ မပြောဘဲနေတာပေါ့''

''အင်း. . . အင်း. . . မသိစေရပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကြီးစုက တွယ်တာ ပြောနိုင်းတာ တစ်သဝေမတိမ်း ပြောဖို့ ခပ်သုတ်သုတ် ဖုန်းရှိရာ လျှောက်သွားတော့သည်။

အင်း. . . အန်တီစုပန် မရှိလို့သာ၊ ရှိရင် ဒါမျိုး လွယ်ကူမှာမဟုတ်ပါ။

အန်တီစုပန်က စပ်စုတတ်လွန်းသည်။ သူ မရှိတာ နားအေးလိုက်တာ။

ယောဂီဝတ်တာပဲ တစ်သက်လုံးဝတ်လိုက် အေးရော့

တွယ်တာ အဲသည်လိုဆန္ဒပဲ ဖြစ်ပေါ်၏။

အန်တီစုပန်ကို တစ်ချက်ကလေးမှ မလွမ်းပါ။

သတိလည်းမရ။

နေရတာ အရမ်းလွတ်လပ်ပြီး စိတ်ချမ်းသာစရာ ကောင်းလှသည်။

သူမရှိလို့ တွယ်တာ လိုအပ်တာတွေ အလိုက်တသိ လုပ်ပေးမယ့်သူ မရှိပေမယ့် အဲသည်ကိစ္စအတွက် သူ့ကို မတမ်းတချင်ပါ။

သူ ရှိနေလျှင် စိတ်အနှောင့်အယှက်ဖြစ်လွန်းလို့ပါ။ အနေကျဉ်းကျပ်လွန်းလို့ပါ။

စိတ်ကို ဖမ်းချုပ်ထားသလို စားစားသွားသွား အိပ်အိပ်



နေနေ အရမ်းစိတ်အိုက်ရပါသည်။

မွန်းကျပ်လွန်းသည်။

"သမီး"

"ဟင်. . . ဘာလဲ ကြီးစု"

"သူက ခဏလေးပါ. . . အရေးကြီးလို့တဲ့"

"မပြောချင်ပါဘူးဆို"

"ကြီးစုလဲ ပြောတာပဲ မရဘူး"

"မှာခဲ့လို့. . . မှာချင်တာ မှာခဲ့လို့"

"အင်း. . . ကောင်းတယ်. . . ကောင်းတယ်"

ကြီးစု ထွက်သွားတော့ တွယ်တာက စာအုပ်တစ်အုပ်ကို ကောက်ကိုင်၏။

"သမီးလေး"

"ဘာတဲ့လဲ ကြီးစု"

"အခု လာခဲ့မယ်တဲ့"

"ရှင်. . ."

တွယ်တာ မျက်လုံးလေးဝိုင်းသွား၏။ စာအုပ်ကို ဗုန်းခနဲ ချလိုက်မိသည်။

စဉ်းစားရခက်လှစွာ ဘာလုပ်ရမှန်းမသိ။

www.burmeseclassic.com

www.burmeseclassic.com



''ပြီးတော့''

''ပြီးတော့ ဘာဖြစ်လဲ''

သူမ မေးသံလေးက အလောတကြီး။

''သူ လာလည်မှာ လူကြီးတွေကို ပြောပြထားပေးပါ တဲ့''

''ဘာ. . .''

ဂူးခနဲအော်မိပြီး ကြီးစုကို ချာခနဲ ကျောခိုင်းမိသည်။

''ကြည့်စမ်း. . . လူလည်ကျတာ''

လူကြီးတွေအသိပေးပြီး အကျပ်ကိုင်တာ။

တွယ်တာက ဖေဖေ မေမေတို့ကို ဆန့်ကျင်ချင်မှာ မဟုတ်တာ သိထားလို့ တမင် တော့ပေးလိုက်တာ။

ရင်ထဲမှာ မခံချင်စိတ်နှင့် ဆွေ့ဆွေ့ခုန်နေမိပါသည်။

''ကြီးစု''

''ဟင်. . .''

''အလကား. . . ခြိတံခါးမဖွင့်ပေးနဲ့ သိလား''

''မမကြီးတို့သိရင် ဆူနေပါဦးမယ်''

''မဆူပါဘူး. . . သိလဲမသိနိုင်ဘူး''

ကြီးစုက တွယ်တာ့အစီအစဉ်ကို လက်ခံဖို့ ချင့်ချိန်နေ



သည်။

''ကြီးစုကလဲ ကြောက်တတ်လိုက်တာ''

တွယ်တာ ဘာဆက်လုပ်ရမှန်း မသိတော့ပေ။

''ရှောင်နေလိုက်ရင် အေးရော''

ကျေနပ်စွာ ပြုံးမိရင်း ပိုက်ဆံအိတ်ကလေး ဆွဲယူသည်။ စားပွဲပေါ်ရှိနေသော ကားသော့လေးကို ကောက်ယူကစားရင်း အိမ်ထဲမှ ထွက်လာခဲ့၏။

ကဲ. . . ကိုယ်တော်ချောလေး ဘာများတတ်နိုင်မလဲ။

ဟာ. . . ဟ ပျော်စရာကောင်းလိုက်တာ။

ကားလေးကို ခပ်မော့်မော့်မောင်းရင်း သူမ ကျေနပ် နေတော့သည်။

သည်လိုလုပ်လို့ မရဘူးလေ။ တွယ်တာပဲဟာ ငုံခံမယ့် လူစားမျိုးမှမဟုတ်တာ။ သူ့ကို သင်ခန်းစာကောင်းကောင်းပေး ရမည်။

လမ်းထိပ်ရောက်လာတော့ တွယ်တာ ဘယ်သွားရမှန်း မသိဖြစ်နေ၏။

အဲသည်အချိန်လေးမှာပဲ ညိုညိုဘမြင့် မောင်းသောကား လေးက သူမကားဘေးမှာ ပွတ်ကာသီကာ ဂူးခနဲရပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က အိမ်ထဲကပဲ စောင့်နေစေချင်တာပါ. . .
လမ်းထိပ်ထွက်စောင့်ဖို့ မမှာမိပါဘူး. . . ဒါပေမယ့် ကိစ္စမရှိပါ
ဘူး. . . ရပါတယ်''

"ဘာ. . . ဘာပြောတယ်''

"လမ်းထိပ်ထွက်စောင့်တော့လဲ ပိုကောင်းတာပေါ့လို့''

သူ့မျက်နှာက မချိုမချဉ် တွယ်တာ ကြည့်မရပါ။

"ရှင့်ကို ထွက်စောင့်နေတယ်ထင်ရင် ရှင် ရူးနေတာ
ပဲ''

"ဟာ. . . မဟုတ်ဘူးလား''

ဘုမသိဘမသိ တကယ့်လူရိုးကလေး လာလုပ်နေသည်။

"အင်း''

သူက တပ်ထားသော မျက်မှန်အမည်းကို ဆွဲဖြုတ်
လိုက်ရင်းမှ. . .

"ရှောင်ထွက်ဖို့ ကြိုးစားတဲ့သူကို အချိန်မီဖမ်းနိုင်တယ်
ဆိုရင်လဲ တော်တာပါပဲ. . . မဟုတ်ဘူးလား''

"သေလိုက်''

"ဖြည်းဖြည်းပေါ့. . . အဲဒီကိစ္စ စောပါသေးတယ်''

"ကဲပါ. . . ရှင် ကျွန်မကို ဘာကိစ္စတွေ့ချင်ရတာလဲ



. . . ဆို''

"ဟိုတစ်ရက်က ဖေဖေ မေးမြန်းတဲ့ကိစ္စ''

"ကျွန်မ မေ့လိုက်ပါပြီ''

ညီညီဘမြင့်က တွယ်တာ့ကို သေချာစိုက်ကြည့်သည်။

"ဖေဖေ့ကို စိတ်မဆိုးပါနဲ့. . . ကျွန်တော် တောင်းပန်
ပါတယ်. . . ဖေဖေက စိုးရိမ်စိတ် လွန်ကဲသွားတာ. . . ခင်ဗျား
ကို သမီးရင်းလေးလို ချစ်လို့ပေါ့. . . သေချာတွေးကြည့်လေ
အဖေ့စေတနာကို တွယ်တာ နားလည်သွားမှာပါ''

"လူကြီးတွေကို ကျွန်မ ဘယ်တုန်းကမှ အပြစ်မတင်ခဲ့
ပါဘူး''

"တွယ်တာ မျက်နှာပျက်သွားတယ်လို့ မေမေကပြော
တယ်''

တွယ်တာ နှုတ်ခမ်းလေးစေ့ရင်း မပွင့်တပွင့်ပြုံး၏။

"အဲဒီကိစ္စကို ပြေလည်သွားအောင် ရှင်းပြဖို့ လာခဲ့
တာ''

"ရှင့်အိမ်က တာဝန်ပေးလို့လား''

ထိထိမိမိ မေးချလိုက်တော့ ညီညီ ဘယ်လိုပြောရမှန်း
သိပါ။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ရှင်. . . တွယ်တာက ဘယ်လိုမှ သဘော မထားဘူးလို့သာ ရှင့်အိမ်ကို ပြောလိုက်ပါ. . . ရှင်လဲ ဒီကိစ္စနဲ့ တော်တော်ပင်ပန်းသွားပြီ. . . ဆောရီးပဲ. . . ကျွန်မက အဲဒီအချိ လေးပဲ မျက်နှာပျက်တာ. . . ပြီးရင်ပြီးရော ခေါင်းထဲမှာမရှိတော့ ဘူး"

သူမက ရွှံ့သလိုလို ရီသလိုလိုနှင့် စကားကိုအပြတ် ဖြတ်ချပစ်သည်။

"မရှင်းတာတစ်ခု မေးချင်တယ်"

"မေးလေ"

ညီညီဘမြင့်က ကားတံခါးဖွင့်ဆင်းပြီး ကားနစ်စီးကြာ ကတ်သီးကတ်သတ် နေရာလေးမှာ လာရပ်ပြီး သူမကိုငုံ့ကြည့် ၏။

"ကျွန်တော့်သဘောနဲ့ ကျွန်တော် လာခဲ့တာမဟုတ် ရင် ပြန်တော့လို့ ဆိုလိုတာလား. . . ကျွန်တော်ကိုယ်တိုင် လိုလိုလားလား ခင်များဆီလာတာကို ခင်များက မျှော်လင့် လား. . . လိုချင်တာလား"

တွယ်တာက နှုတ်ခမ်းလေး ပွင့်ဟသွားရင်း မျက် နက်လေး တရွှေရွှေတလည်လည်နှင့် မော့်ကြည့်သည်။



သူ့မေးခွန်းကို အင်မတန် အံ့သြသွားပုံ။ မျက်နှာလေး ထည်း ချက်ချင်း ညှိုးသွား၏။

စကားမှားသွားပြီဆိုတာ သူ ချက်ချင်းသိသည်။

နည်းနည်းပါးပါး မှားတာမဟုတ်။ အရမ်း အကြီး အကျယ် မှားသွားတာ။

သူမေးလိုက်ပုံက သူမကို တမင်သက်သက် ကျောလိုက် ရာကျသည်။

တကယ်ဆို. . .

ကျွန်တော့်ဆန္ဒနဲ့ လာတာပါခင်ဗျာ ဟု နောက်ရွတ်ရွတ် ဆိုလိုက်လည်း ရသားပဲလေ။

သူက ယောက်ျားလေးပဲ။ မာနတွေ သိက္ခာတွေ ထား စရာမှ မလိုတာ။

"ကိုညီညီဘမြင့်"

"ဗျာ"

"ရှင့်မိသားစုကို ကျွန်မက ဘယ်လိုမှသဘောမထား တာပြောပေးပါ. . . ကျွန်မကို ခွင့်ပြုပါဦး. . . ကျွန်မ သွားစရာ ရှိသေးလို့ပါ"

သူမက ချက်ချင်းပဲထိန်းလိုက်၏။ ဟန်မပျက် ပြုံးဆက်

www.burmeseclassic.com

www.burmeseclassic.com



စကားဆိုသည်။

''ခဏနေပါဦး''

တွယ်တာ မျက်လွှာချရင်း ငြိမ်နေမိသည်။

''ကျွန်တော့်ကို စိတ်ဆိုးသွားလား''

''မဆိုးပါဘူး''

''ကျွန်တော် အပြောမှားသွားတယ်''

''ကိစ္စမရှိပါဘူး''

''ဟာ. . .အဲဒီလို သူစိမ်းဆန်ဆန် မပြောစမ်းပါနဲ့ဗျာ''

''ကဲပါလေ. . .ထားပါတော့. . . ကျွန်မ သွားပါရစေ''

သူမက နှုတ်ဆက်ပြီး ကားစက်နှိုး၏။ ပြီးတော့ ဂူးခနဲ မောင်းထွက်သွားတော့သည်။

သူ့ရင်ထဲမှာ မကောင်းနိုင်ပါ။ သူ့စကားကို သူမ အတော်ကြီး ထိခိုက်သွားပုံရပါသည်။

ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ငြိမ်နေတာကိုက သာမန်ထက်ပိုပြီးခံစားရတာ သိသာသည်။

ညီညီဘမြင့် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်။ နောင်တလည်း ရပါသည်။

သည်လိုမပြောသင့်ဘူး၊ မမေးသင့်ဘူး။



သူ မျက်မှောင်ကုတ်ကာ ခေါင်းတွေပူနေမိသည်။

ဝတ်ထားသော အင်္ကျီညိုညိုလေးလို မျက်နှာလေးလည်း ပြုံးသွားလိုက်တာ။

ဆွဲထားသော ဆွဲကြိုးရှည်ရှည်လေး၏ လော့ကတ်လုံး လုံးလေးကို လက်တစ်ဖက်နှင့် လက်ကလေးတစ်ဖက်နှင့် ဆတ်ခနဲဆွဲဆုပ်လိုက်တာ ရင်ထဲမှာ အတော်ကလေး မခံချိမခံသာ ဖြစ်သွားတာကို ထိန်းလိုက်တာ သူ ပြန်မြင်ယောင်နေမိ၏။

မှားတယ်ကွာ. . .

ကျွန်တော် မှားသွားတယ် တွယ်တာရယ်. . .

www.burmeseclassic.com

www.burmeseclassic.com



အန်တီစုပန် လာရောက်ပေးတာ ဘာလေးဖြစ်[...]
အရမ်းကောင်းပါသည်။

နို့ခွက်ကို တစ်ငုံသောက်ကြည့်တော့...

''အားပါး...ချိုလိုက်တာ''

ဟု အသံထွက် ညည်းမိ၏။

ကြီးစုကို ပြန်ခေါ်ပြီးလုပ်ခိုင်းဖို့လည်း တွယ်တာ စိ[...]
မပါတော့ပေ။

သကြားလေးပါတယ်ဆိုရုံ နည်းနည်းလေးနော်ဟု ပြော[...]
တာတောင် ချိုချိုရဲရဲကြီး ဖြစ်လာသေးတာ။

နို့ခွက်ကို စားပွဲပေါ်ပြန်ချထားလိုက်ပြီး ခုတင်ပေါ်တ[...]
သည်။

နေ့ခင်းကတည်းက ကားမောင်းနေရင်း အေးစိမ့်ချ[...]
လာတာ အနွေးထည် အဆင်သင့်မပါတော့ တဆတ်ဆတ်[...]
ကာ အံကြိတ်ခံရသည်။

အန်တီစုပန် အနားမှာမရှိတော့ သူမအတွက် လစ်ဟာ[...]
တွေ အများကြီးပါပဲ။

သူမ ကျေနပ်အောင် စိတ်တိုင်းကျ ဘယ်သူမှ လုပ်[...]
ပေးနိုင်ပါ။



ဒါကြောင့်လည်း မေမေက..,

''သမီးလေး...အန်တီစုပန်က အရွဲဆိုကတည်းက ထိန်းလာတာ...သမီးစိတ်ကို နားလည်နေပြီ...ဘာမှပြောပြနေစရာကိုမလိုဘူး...တခြားလူဆို သမီး စိတ်ညစ်ရမှာ''

ဟု ခဏခဏ ပြောဖူးခဲ့တာ။

ခုလည်းပဲ တွယ်တာနှင့် အဆင်မပြေလွန်းလို့သာ ယောဂီဝတ်နေတာ။

အမှန်တော့ အိမ်မှ ခဏတစ်ဖြုတ် ထွက်နေချင်လို့သာ။

တွယ်တာ့ကို စိတ်ခုသွားတာလည်း ပါတော့ပါမည်။

တွယ်တာ ခပ်တင်းတင်းနေခဲ့ပါသည် မဟုတ်လား။

မနေ့ကတော့ မေမေက တွယ်တာ့ကိုခေါ်ပြီး...

''သမီး တွယ်တာ''

''ပြောပါ မေမေ''

''စုပန်လဲ ယောဂီဝတ်နေတာ တစ်ပတ်ကျော်ပြီ''

''ဟုတ်ကဲ့''

''အဲဒါ သမီးက ပြန်လာခဲ့ဖို့ သွားခေါ်ပါလား''

''သမီးက ခေါ်ရမယ်''

www.burmeseclassic.com

www.burmeseclassic.com



''အင်းလေ''

''ဟာ. . . သမီးက ဝတ်နိုင်းတာမှ မဟုတ်ဘဲ. . . ဒီမှာ မနေနဲ့လို့လဲ သမီးက ပြောတာမဟုတ်ဘဲ. . . သူ့ဆန္ဒနဲ့သူပါ''

''ဟုတ်ပါတယ်. . . ဒါပေမယ့် သမီးလေးသွားခေါ်တော့ ပိုကောင်းတာပေါ့. . . သမီးနဲ့ အဆင်မပြေလို့ဘဲ ရှောင်ထွက်သွားတာ မဟုတ်လား''

''မဆိုင်တာ မေမေရာ. . . သမီးက သူ့ကို ဒီမှာမနေနဲ့လို့ ဘယ်တုန်းကမှ မပြောဘူး. . . နေရာတကာပါလွန်းလို့ မပြောချင်ဘဲပြောရတာ''

''အင်း. . . မေမေ သိပါတယ်''

''သမီး မသွားချင်ပါဘူး မေမေရာ''

''သွားခေါ်လိုက်ပါ သမီးရယ်''

တွယ်တာက မေမေ တိုက်တွန်းတော့ ငြိမ်နေမိပါသည်။

''သူ့ဟာသူ လာမှာပေါ့''

''သမီး သွားခေါ်တော့ ပိုဝမ်းသာမှာပေါ့''

''မေမေ သွားခေါ်ပါလား''

''မေမေနဲ့က ပြေလည်တာပဲကွယ်''

''ဟွန်း. . . မေမေကလဲ''



တွယ်တာ နှုတ်ခမ်းလေး စူနေမိ၏။

''မခေါ်ချင်ဘူး မေမေရာ''

''သမီးလေးက လိမ္မာပါတယ်''

''ဟင့်အင်း. . . မိုက်တယ်''

''မကောင်းပါဘူးကွယ်. . . သမီး သွားခေါ်သင့်တယ်''

''ပြီးရောလေ''

တွယ်တာက မေမေ့ကို လက်သုံးချောင်းထောင်ပြ၏။

''ဘာလဲ သမီးလေး''

''သုံးရက်နေလို့မှမလာရင် သွားခေါ်မယ်''

မေမေက ဖွဖွပြုံးသည်။

တွယ်တာ့စကားကို ဈေးမဆစ်တော့ပါ။

''သမီး သုံးရက် စောင့်ကြည့်ဦးမယ်''

''အင်း. . . သမီးသဘော. . . သွားခေါ်မယ်ဆို ပြီးတာဝဲ''

''သမီးက သိပ်မခေါ်ချင်ပါဘူး. . . မေမေ ပြောလို့သာ''

တွယ်တာက မေမေနှင့်ပြောဆိုခဲ့သမျှ ပြန်တွေးသည်။ အန်တီစုပန်ကို ပြန်ခေါ်ဖို့လည်း ဆုံးဖြတ်ထားလိုက်သည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

လဲ့က တွယ်တာ့ပန်းလေးကို ဖွဖွရိုက်ရင်းမှ...

''တွယ်တာရယ် အလောသုံးဆယ်လဲ ဆုံးဖြတ်စရာ မလိုပါဘူး''

ဟု အားပေးနှစ်သိမ့်၏။

''ဆုံးဖြတ်ပြီးသားပဲ... တွယ်တာ မပြင်တော့ဘူး''

''လူကြီးတွေ စိတ်ဆင်းရဲအောင် မလုပ်ချင်ဘူးဆို''

''ဒါပေမယ့် တွယ်တာ သူ့ကို လက်မခံနိုင်တော့ဘူး''

''စကားတစ်ခွန်းမှား့တာကို အကြီးအကျယ် အပြစ်ပေး



တော့ မသင့်ဘူး''

တွယ်တာ့ မျက်နှာလေးက မှုန်တစ်တစ်။

''သူ့စကားတွေက အရမ်းစော်ကားတယ်... တွယ်တာ မလွှတ်နိုင်ဘူး... ဒီကိစ္စကို စောစောအသိပေးထားတာ ပို ကောင်းတာပေါ့... လူကြီးတွေက ဘာမှမသိဘဲ အစီအစဉ်တွေ နေရင်ခက်မှာ''

''ဒါလဲ ဟုတ်တာပဲ''

''မေမေ့ကို ပြောထားရင် ကောင်းမလား''

''စဉ်းစားချင်သေးတယ်ကွာ... မင်း စဉ်းစားပါဦး ွယ်တာရာ''

''တော်ပါပြီ... တွယ်တာ အရမ်းနာတယ်''

''သူ ဒီလောက်မတွေးမိလို့နေမှာပါ... စတာလဲဖြစ်နိုင် တယ်''

''စရအောင် သူနဲ့တွယ်တာ မရင်းနှီးသေးပါဘူး''

''တွယ်တာရယ် ခွင့်လွှတ်ကြည့်ပါဦး''

''မရတော့ဘူး''

သူမက ခေါင်းမာမာနှင့် ခေါင်းယမ်းသည်။

''အစတုန်းကတော့ ဒီလောက် လျှော့တွက်ထိမ့်မယ်

www.burmeseclassic.com

www.burmeseclassic.com



မထင်လို့ လက်ခံမိတာ. . .တွယ်တာ့ကို အထင်သေး
တယ်''

''တွယ်တာ ထင်တာမှန်ရဲ့လားလို့ ပြန်ဆန်းစစ်
လိုသေးတာပဲ''

'တွယ်တာ တကယ်စိတ်ပျက်သွားပြီ. . . သူပြောပုံ
က အကျောကြီးနဲ့. . . မာရေကျောရေ အနိုင်ပိုင်းပြောသွားတာ

''တွယ်တာ ငြင်းလိုက်ရင် သူတို့ တုန်လှုပ်သွားမှာ

''ဒါ သူတို့ကိစ္စပါ''

''သူတစ်ယောက်တည်း မတွက်နဲ့လေ. . . မိဘတွေ
သေးတယ်''

''လူကြီးတွေကိုတော့ အားနာပါတယ်. . . ငါ့မှာလဲ
တော့ရှိနေသေးတာ ပြကိုပြရမှာပဲ''

''တွယ်တာရာ ခက်တယ်''

''မခက်ပါဘူး. . . ငါနဲ့သူ စေ့စပ်သေးတာမှ မဟုတ်
တာ''

လှဲ့က လက်လျှော့သလို တိတ်နေတော့၏။

တွယ်တာ့ကလည်း ဆုံးဖြတ်ချက်ကို ပြင်မှာမဟုတ်

ညီညီဘမြင့်ကို သည်းသည်းထန်ထန် စိတ်ဆိုးသွား



သေချာသည်။

လှဲ့က ဘာများ ဖျောင်းဖျနိုင်မှာလဲ။

တွယ်တာ့က စိတ်ကြီးကြီး မာနကြီးကြီး။

ပြီးတော့ သူ့မှာဘက်က မှန်နေသည်။

ဟိုတစ်ယောက်ကလည်း ဒါမျိုး ဘာလို့ပြောတာပါလိမ့်။

လှဲ့ နားပင်မလည်ချင်ပါ။

လှဲ့ သိသလောက်တော့ ညီညီဘမြင့်တို့ဘက်ကလည်း တွယ်တာ့ကို တန်ဖိုးထား လိုချင်နေကြတာပါပဲ။

ညီညီဆိုတာလည်း လူရိုင်း လူကောက်မဟုတ်ပါ။

တွယ်တာ့ကို ဖြတ်ရိုက်တာထက်နာအောင် ပြောလိုက်တာ ဟုတ်မဟုတ်ရဲ့လားဟု သံသယဖြစ်ရော။

တွယ်တာက လုပ်ကြံပြောမှာတော့မဟုတ်၊ သူမက အမှန်တရားကို ဖက်တွယ်တတ်သူ။

''သူကြည့်တော့ ခပ်အေးအေးပါ. . . ယဥ်ကျေးပုံရပါတယ်''

''တွယ်တာလဲ အဲဒီလိုမေးလိုက်တာကို နားမလည်ဘူး . . . အစကတည်းက သူ တွယ်တာ့ကို ကြည့်မရတာတော့ ကြားထားပါတယ်. . . ဒါပေမယ့် တွယ်တာ အရမ်းခံပြင်းတယ်ကွာ

www.burmeseclassic.com

www.burmeseclassic.com



. . . သူ ဒီလိုမေးစရာလား. . . တွယ်တာ့ကို အဲဒီလိုမေးစရာ လား လုံ့ရယ်''

တွယ်တာက မျက်ရည်လေး ဝဲတက်လာ၏။

''အင်းလေ. . . သူ့စကားက သိပ်ရိုင်းတာပေါ့''

''ငါ သူ့ကို ဘယ်တုန်းကမှ ငမ်းငမ်းတက် မလိုချင် ခဲ့ဘူး သိလား''

''အေးပါဟယ်. . . ထားပါတော့. . . လာ လက်ဖက် သုပ်စားရအောင်. . . အဲဒါတွေ မေ့ထားလိုက်. . . နောက်တော့ ပြေလည်သွားမှာပါ''

တွယ်တာက ခပ်တွေးတွေး ခပ်ငေးငေးနှင့် ပါလာ၏။

လွဲလည်း အလိုက်တသိ စကားမဆိုဘဲ နေလိုက်၏။

တော်ကြာ ပြောရင်းဆိုရင်း ဒေါသဖြစ်ပြီး ထိုင်ငိုနေလျှင် အခက်။



## အခန်း (၁၅)

ကြီးစုက သမီးရေ. . . သမီးရေ ဟု ဟစ်ခေါ်နေတာ ကြာင့် ညှော်ခန်းထဲမှာ ပန်းအိုးထိုးနေသော တွယ်တာ့ခေါင်းလေး တ်ကာ ခြံထဲကိုမျှော်ကြည့်ပေမယ့် ဘာမှမမြင်ရပါ။

''ဘာလို့ စွတ်အော်နေပါလိမ့်''

တွယ်တာက ပန်းအိုးပြားပြားဝိုင်းဝိုင်းလေးထဲကို ပိန်းပန်း လးတွေ ကားကားလေးဖြစ်အောင် ထိုးစိုက်။ အလယ်မှာ င်းဆီကို ခပ်မြင့်မြင့်ထိုးစိုက်။ နှင်းဆီနှင့် ပိန်းပန်းကြားမှာ ာ်လှအကျားလေးတွေ ခံထည့်ရင်း မျက်စိထဲမှာ စိတ်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



မကျလှပါ။

မနေ့တုန်းက မင်္ဂလာပွဲတစ်ခုမှာ ထိုးထားတာကျတော့ အတော့်ကိုလှပါသည်။

တွယ်တာ ထိုးထားတာကျတော့ တစ်စက်မှကြည့်မလှ

ပိန်းပန်းနှင့် နှင်းဆီက တခြားစီ။ ဘေးပတ်လည် ရွက်လှဲ့တွေက ထိုးထိုးထောင်ထောင် ဟိုဘက်ယိုင်တာယိုင် သည်ဘက်လဲတာလဲနှင့်။

"ကျွတ်"

ပန်းတွေကို ဖွဖွရွရကိုင်ကာ ဇလုံအစိမ်းလေး ပြန်ထည့်၏။ ရွက်လှတွေကိုလည်း ပြန်နုတ်ပစ်သည်။

ပန်းအိုးထဲ ထည့်ထားသော ဆန်ခါလေးကိုပါ ထုတ် ပြီး ဘေးချထားလိုက်၏။

ပန်းအိုးထဲမှာတော့ ရေနည်းနည်းပဲ ကျန်ရစ်ခဲ့သည်။

"ဟင်း"

တွယ်တာက ဟင်းချလိုက်သည်။

မကျွမ်းကျင်လိုက်ပုံများ။ မကျွမ်းကျင်တော့ ဘယ်အ မှ အဆင်တပြေ မဖြစ်ပါ။

ပန်းအိုးထိုးတာလေးတောင် အလေ့အကျင့်မရှိတော



သေသပ်။ သင်ပြပေးမည့်သူမရှိတော့ နည်းလမ်းကမကျ။

အန်တီစုပန်ကို စိတ်ထဲ ဖျတ်ခနဲသတိရ၏။

အန်တီစုပန်ဆိုရင်တော့ ဘာလေးပဲဖြစ်ဖြစ် သိပ် ကျွမ်းကျင်တာ။ သူထိုးထားသော ပန်းအိုးတွေဆို တွယ်တာ တမေ့တမော ငေးကြည့်ရတာ။

သူမရှိတော့ ဧည့်ခန်းမှာ ပန်းအိုးလည်းမတွေ့ရတော့။

အင်း အန်တီစုကို . . . သွားခေါ်မှပဲ။

တွယ်တာ အလိုလို ဆုံးဖြတ်လိုက်မိပါသည်။

"သမီးရေ. . . သမီး တွယ်တာ"

ကြီးစုအသံက လွင့်လာပြန်သည်။ သည်တစ်ခါတော့ လူပါပေါ်လာ၏။

"ဘာလဲကြီးစုရယ်. . . အော်လိုက်တာ"

တွယ်တာက မျက်ခုံးလေးရှုံ့ရင်း မေးလိုက်၏။

"ဧည့်သည် သမီးရဲ့. . . ခြံဝမှာရပ်နေတာ. . . သမီးနဲ့တွေ့ချင်လို့တဲ့. . . သမီးကို သိတယ်ပြောတာပဲ. . . မပွင့်တပွင့်နဲ့"

သူမက ခေါင်းလေးငဲ့စောင်းရင်း စဉ်းစား၏။

"ဘယ်သူလဲ မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သမီး သိရင်သိမှာပေါ့. . . ကြီးစုတော့ မသိဘူး"

တွယ်တာက ဖျတ်ခနဲထရပ်သည်။

"ကြီးစု"

"ဟင်"

"ဒီပန်းတွေ ပန်းအိုးထဲထိုးပေးထား"

ကြီးစုက ပန်းအိုးလေးကိုတစ်လှည့် ပန်းတွေကို တစ်လှည့်ကြည့်သည်။

"သမီး. . . ကြီးစု ဘယ်လိုထိုးရမှာလဲ"

"ဟာ. . . ကြီးစုက ညံ့တာပဲ"

"ကြီးစုမှ မလုပ်တတ်တာ"

တွယ်တာက ဆက်မပြောတော့ဘဲ ခြံထဲကိုဆင်းလာခဲ့၏။

"ဟင်"

ခြံတံခါးရှေ့မှာ ရပ်နေသော သဏ္ဍာန်တစ်ခုကြောင့် တွယ်တာ မျက်မှောင်လေးကြုတ်သွားမိရင်း. . .

တစ်ခါမှလည်း မမြင်ဖူးပါလားဟု တွေးမိ၏။

မမြင်ဖူးတာက သေချာပေမယ့် တွယ်တာတို့ ခြံရှေ့မှာ ပိုင်ပိုင်နိုင်နိုင် ရပ်နေတာလည်း အမှန်ပါပဲ။ သူ့ပုံစံက မရေမရာ



ဇဝေဇဝါမျိုးမရှိ။

ဖေဖေ့ ဧည့်သည်များလား။

စည်းစည်းစားစားနှင့် တံခါးဘေးရောက်လာတော့ မြင့်မားသောအရပ်ကို မော့်ကြည့်ရပါသည်။

ဟောတော့. . .

ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားပြီး ခေါင်းငုံ့နေရာမှ မော့်ကြည့်လာတော့ တွယ်တာ့ နှုတ်ခမ်းလေးပိုင်းသွား၏။

ချောလိုက်တာ။

ငေးချင်စရာကောင်းသော ရုပ်မျိုး။ မင်းသား ရှုံးလောက်ပါသည်။

အရပ်အမောင်းရော ကိုယ်နေဟန်ထည်ရော မျက်နှာတစ်ပြင်လုံးရော ဆံပင်တွေကအစ ဆွဲအားပြင်းပြင်းနှင့် အကြည့်မလွှဲချင်စရာ။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

သူမ တိုးသက်သက်မေးတော့ ခေါင်းယမ်းပြသည်။

"ဘယ်သူနဲ့မှ မတွေ့ချင်ပါဘူး"

"ဟင်"

စကားပြောပုံ မပွင့်တပွင့်က အလွန်တရာ ချိုသာ

www.burmeseclassic.com

www.burmeseclassic.com



ညှက်ညှောင်၏။

"ဒီအိမ်မှာ ကျွန်တော့်မိတ်ဆွေမှ မရှိဘဲ"

သူမ ဘာဆက်မေးရမှန်းပင် မသိတော့ပါ။

သူ တစ်ချက်ရယ်လိုက်ပြီးမှ . . .

"ဖုန်း ခဏဆက်ချင်လို့ပါ. . . ကျွန်တော့်အိမ်ကဖုန်းက ပြောနေရင်း ဘာဖြစ်သွားမှန်းမသိဘူး. . . ကျွန်တော်က ဟိုဘေး အိမ်ကပါ. . . ခုမှပြောင်းလာတာ"

"ဪ. . . ဟုတ်လား"

"ပြောင်းလာတာ ဒီနေ့မှဆိုတော့ လမ်းထဲမှာ မိတ်ဆွေ လဲမရှိသေးဘူး"

"ဟုတ်တာပေါ့"

"ဖုန်းပြတ်သွားတော့ ဘာလုပ်ရမှန်းမသိတာနဲ့ ဒီကို ထွက် လာခဲ့တာ. . . ကျွန်တော် ဖုန်းပြောလို့ ရပါ့မလား"

"ရပါတယ်. . . အိမ်နီးနားချင်းတွေပဲ"

"ကျေးဇူးပဲဗျာ"

"မလိုပါဘူးရှင်. . . တွယ်တာတို့က ဒီလောက်မရိုင်းပါ ဘူး. . . ခဏနော်. . . ခြံသော့ယူလိုက်ဦးမယ် ခဏလေး"

"ဟုတ်ကဲ့"



တွယ်တာက ခြံတံခါးသော့ကို ညှော်ခန်းမှ ပြန်တက်ယူ သည်။

"ခြံတံခါးကို ဒီလိုပဲ သော့ပိတ်ထားရသလား ဟုတ် လား"

"ရှင်"

သူ ဘာကိုမေးချင်မှန်း နားမလည်ပါ။

"ကျွန်တော်က ခြံတံခါးကို သော့မခတ်ဘူး. . . ဒီလမ်း ထဲမှာ အားလုံးသော့ခတ်ထားသလားလို့ပါ. . . မသိလို့"

"မဟုတ်ပါဘူး. . . တွယ်တာတို့လမ်းက သန့်ပါတယ် . . . တွယ်တာတို့က အကျင့်ဖြစ်နေလို့ပါ. . . တစ်ခါတစ်လေလဲ ဒီအတိုင်း စေ့ထားတာပါ"

တွယ်တာက သူ့ကို ခြံဝင်းတံခါးဖွင့်ပေး၏။

သူ ဝတ်ထားသော စပို့ရှပ်အစိမ်းနှင့် ဒူးဆစ်ရောက်ရုံ ရှိသော ဘောင်းဘီပွပွသည် သူနှင့် အင်မတန်လိုက်ဖက်နေ၏။

ကိုယ့်အိမ်ဘေးကို ပြောင်းလာတာ သည့်လောက်ငေး ချင်စရာမှန်း တွယ်တာ မသိခဲ့ပါ။

အန်ကယ် ဦးဘမြင့်က သူမြင်ဖူးထားလို့ စိုးရိမ်စိတ် ဝင်သွားတာလား။

www.burmeseclassic.com

www.burmeseclassic.com



ပုံစံကတော့ ကြိုက်ချင်စရာလေး။ ရင်ခုန်ချင်စရာလေး

''ကျွန်တော့်နာမည်က နိုင်စွမ်းပါ''

''ဟုတ်ကဲ့''

''တွယ်တာ ဆိုတာတော့ စကားထဲပါသွားလို့ သိလိုက်ပြီ''

''အဟင်း''

သူနှင့် ယှဉ်လျှောက်ရတာလေးကိုက ကျေနပ်စရာ ကောင်းသလိုလို။

''တွယ်တာတို့က မိသားစုများလား''

''ဟင့်အင်း. . . တွယ်တာရယ် ဖေဖေ မေမေရယ် ဒါပဲ''

''ဟာ. . . ဟုတ်လား''

''ဟင်း. . . ရှင်တို့ကော''

''ကျွန်တော်က တစ်ယောက်တည်းပါ. . . ဖေဖေတော့ ရှိတယ်. . . ဖေဖေနဲ့လဲ ကျွန်တော်က အတူမနေဘူး. . . ကျွန်တော်ကဆိုးတယ်. . . ဖေဖေနဲ့မတည့်ဘူး. . . မျက်နှာချင်း ဆိုင်တာနဲ့ ပြဿနာတက်ရော. . . ဒါကြောင့် ကျွန်တော့်ကို ဒီမှာ သတ်သတ်ပို့ထားတာ''

''ကိုနိုင်စွမ်းတစ်ယောက်တည်း ဟုတ်လား''



''အင်း''

''စားတော့ကော''

''အပြင်မှာပဲစားမယ် စိတ်ကူးထားတယ်''

''အဖော်လိုတာပေါ့. . . ကောင်လေးတစ်ယောက်လောက် ခေါ်ထားပေါ့''

''အင်း. . . နောက်တော့ ခေါ်ရမှာပေါ့''

တွယ်တာပြောတာ သူက လက်ခံသည်။

စကားပြောရတာလည်း အရမ်းချောသည်။ အဖုအထစ်တိုမရှိ။

ဟိုတစ်ယောက်နှင့်တော့ တခြားစီပါပဲ။

သူ့ပုံစံက ယဉ်ကျေးပြီး နှစ်လိုဖွယ်ရာ ကောင်းသည်။

ညှိခန်းထဲရောက်တော့ သူက ဦးထုပ်ချွတ်ပြီး ဦးထုပ်ကို ရင်ဘတ်မှာကပ်ထား၏။

''ဆက်နော်. . . အားမနာပါနဲ့''

''ဟုတ်ကဲ့''

တွယ်တာက ဖုန်းရှိရာ မေးငေါ့ပြ၏။

သူက မပွင့်တပွင့် ပြုံးလိုက်ကာ. . .

''နည်းနည်းကြာရင်ကော ဖြစ်မလား''

www.burmeseclassic.com

www.burmeseclassic.com



ဟုမေးလာသည်။

''အဟင်း. . . ရပါတယ်. . . ကိုနိုင်စွမ်း အားမနာပါနဲ့ ဆက်ပါ''

တွယ်တာ သူ့ကို ခင်မင်လိုလားစွာ ရယ်ပြမိပါသည်။

''အေးအေးဆေးဆေး ပြော. . . တော်ကြာလောက်မှ တွယ်တာ ပြန်ဆင်းလာခဲ့မယ်. . . ဩော်. . . ရှင် ကော်ဖီသောက်မလား''

''တိုက်ရင်သောက်မှာပေါ့ဗျာ. . . ဟဲဟဲ''

ဟု ရင်းရင်းနှီးနှီးရယ်၏။

ခင်ပြီးရင်း ခင်စရာကောင်းလေ။

''ပြီးရော. . . တွယ်တာဆင်းလာမှ ကော်ဖီပါယူခဲ့မယ်''

''သိပ် အကြာကြီးတော့မဟုတ်ပါဘူး. . . ဆယ့်ငါးမိနစ်လောက်ပါ''

''ကောင်းပါပြီတဲ့ရှင်''

''မတွယ်တာ အလုပ်ပျက်သွားလား. . . အနှောင့်အယှက်ဖြစ်ရင် အားနာစရာဗျာ. . . တကယ်ပါ''

''မဟုတ်တာပဲ. . . တွယ်တာက အိမ်နီးချင်းကပ်လျက် သူငယ်ချင်းတစ်ဦးတို့လို့ ဝမ်းသာနေတာ. . . ဖြည်းဖြည်းပေါ့



. . . ဆက်နေနော်''

''ကောင်းပါပြီဗျာ''

အပေါ်ထပ်တက်လာရင်း တွယ်တာ မျက်နှာလေးမော့ပြုံးနေမိပါသည်။ ရင်ထဲမှာလည်း ပျော်သလိုလို မြူးသလိုလို ဘာလိုလိုလေး။

နိုင်စွမ်းက တယ်လီဖုန်းခွက်လေးကို ကောက်ကိုင်ရင်း တစ်ဦးတည်း မျက်ခုံးပင့်ကာ ရယ်လိုက်မိသည်။

ဟား. . . ဟား. . . အဆင်ကိုချောလို့။

စိတ်ထဲမှာ ကျေနပ်သွား၏။

ထိုထက်ပို၍ ကျေနပ်စရာကောင်းတာက တွယ်တာက အတော် ချစ်စရာကောင်းခြင်းပါပဲ။

ဖေဖေပြောတာထက် ပိုပြီးကြော့ရှင်းဝင်းပနေတာ အမှန်။ အပြစ်ကင်းကင်းနှင့် လှနိုင်သူလေး။ ရှားရှားပါးပါး အလှအပလေးတွေကို ပိုင်ဆိုင်ထားသည်။

အမှန်ပါ။ သူ့ကို စူးစူးကလေးကြည့်ပြီး ရယ်ပြလိုက်တော့ ရင်ထဲ တဖျပ်ဖျပ်နှင့် လှုးသွားရသည်။

ခင်သလို မင်သလို သဘောကျသလို မျက်နှာလေးလေးနှင့်။

www.burmeseclassic.com

www.burmeseclassic.com



သည့်လောက် အဆင်ပြေချောမွေ့လိမ့်မည်ဟု မထင်ထားခဲ့တာ အမှန်ပါ။

သတိလက်လွတ် တွေးနေမိရာမှ ဖုန်းနံပါတ်နှိပ်ဖို့ သတိရ၏။

"မလွယ်ဘူး. . . သား ရှုံးသွားမှ ဖေဖေ ဆေးကုနေရမယ်"

စိတ်ထဲမှ ဖေဖေ့ကို လှမ်းပြောမိသည်။

ဖေဖေနှင့်တွေ့မှ သူ ခုလိုလှုပ်ရှားသွားရတာလေး ဖွင့်ဟဝန်ခံရဦးမည်။

ဘယ်ဖုန်းနံပါတ်ကိုလှည့်ပြီး ဘယ်သူနှင့် စကားပြောရမှန်း မသိပါ။

ခုလောက်ဆို အိမ်ကဖုန်းလည်း တတီတီမြည်နေတော့မည်။

ဖေဖေက သည်အချိန် ဖုန်းဆက်မယ်ပြောထားတာ သူလည်း စောင့်နေတာပဲ။ ဒါပေမယ့် တွယ်တာဖေဖေနှင့် မေမေ အပြင်ထွက်သွားကြတာမြင်တော့ အခွင့်အရေးကို လက်လွှတ်မခံချင်။

သူ့အတွက် အချိန်က သိပ်ရှိတာမဟုတ်။



ဟို အန်တီစုပန်ဆိုတာကြီးလည်း ပြန်ရောက်ချင်ရောက်လာမှာ။

အဲသည် မိန်းမကြီးက သူ့သမီးကို အရိပ်လိုကြည့်နေတာဆိုပဲ။

နိုင်စွမ်း ပခုံးတွန့်မိ၏။

www.burmeseclassic.com



## အခန်း (၁၆)

သူ ဖုန်းဆက်နေတုန်းမှာပဲ တွယ်တာက ကော်ဖီမန်း စိမ်းစိမ်းလေးနှင့် ညှော်ခန်းကို ရောက်လာ၏။

သူ လက်တစ်ဖက်ကာပြတော့ သူမက ခေါင်းညိတ်သည်။ သူလည်း တစ်ဖက်ကို စကားဖြတ်ပြီး ဖုန်းချ၏။

''ရပါတယ်. . . တွယ်တာ ထွက်လာလို့ ချလိုက်တာလား''

''မဟုတ်ပါဘူး''

တွယ်တာက သူလာတုန်းက ချထားခဲ့သော ပန်းအိုး



နှင့် ပန်းတွေဘေးမှာ ထိုင်ချရင်း. . .

''ကိုနိုင်စွမ်း ကော်ဖီသောက်နော်''

''ဟုတ်ကဲ့''

ပန်းကန်လုံးထဲမှာ ရေနွေးအပြည့်ထည့်ထားပြီး ကော်ဖီမစ်တစ်ထုပ်ရယ် ဇွန်းသေးသေးလေးတစ်ချောင်းရယ် ဗန်းစိမ်းစိမ်းကလေးထဲမှာ ဒါပဲပါသည်။

''ကြိုက်တတ်သလို သောက်လို့ရတယ်''

''ကျွန်တော်က ခါးမှ ကြိုက်ပါတယ်''

''ခါးခါးကြိုက်ရင်တော့ တစ်ထုပ်လုံးထည့်လိုက်ပေါ့''

တွယ်တာက ဆန်ခါစိပ်စိပ်လေးကို ပန်းအိုးထဲ ပြန်မှောက်ထည့်၏။

''တွယ်တာ ပန်းအိုးထိုးနေတာလား''

''အင်း''

''နှင်းဆီနဲ့ ဝိန်းပန်းနဲ့ ရောထိုးမလို့လား''

''အင်း''

သူက ကော်ဖီမစ်ထုပ်ကိုဖွင့်ကာ ရေနွေးထဲထည့်ရင်း သူမဆီ လှမ်းကြည့်နေ၏။ သူမ မလုပ်တတ် မကိုင်တတ် ညံ့လွန်းတာတွေ သူ သိကုန်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်ငြိမ့်ကလေးထိုင်နေတော့ ကော်ဖီခွက်လေး ကောက်ယူပြီး သူမဘေးရောက်လာ၏။

"ကျွန်တော် လုပ်ပေးမယ်. . . တွယ်တာက ဒါလေး မွှေပေးထား"

"အင်း"

သူသောက်ဖို့ ကော်ဖီကို ဇွန်းလေးနှင့် မွှေပေးခိုက်မှာ သူက ပန်းလေးတွေကို စီစီရီရီ လှလှပပ ကြည့်လို့ကောင်းအောင် စိတ်ရှည်လက်ရှည် ထိုးပေး၏။

"အံ့ဩစရာပဲ. . . ရှင် သေချာထိုးတတ်တယ်နော်. . . ရှင် 'ပန်းအလှပြင်သင်တန်း' တက်ဖူးလား. . . ဟုတ်လား"

"အင်း. . . မတက်ဖူးပါဘူး. . . ဒါပေမယ့် အစ်မဝမ်းကွဲ တစ်ယောက်က အဲဒါမျိုးတွေ သိပ်ဝါသနာပါတယ်. . . မင်္ဂလာပွဲတို့. . . ဧည့်ခံပွဲတို့ သူ လိုက်ပြင်ပေးနေကျ. . . မြင်ပါများလို့ တတ်လာတာ ထင်ပါရဲ့"

"ဟုတ်လား"

"တွယ်တာက မိန်းကလေးပဲ. . . သင်ပါလား. . . စိတ်ဝင်စားစရာလေး"

"သင်တော့ သင်ချင်တယ်"



"သင်တန်းတွေ ရှိတာပဲဟာ"

"မတက်ဖြစ်တာပါ"

"တက်မလား. . . မမမူကို မေးပေးမယ်"

"ကောင်းသားပဲ"

"တွယ်တာက ဝါသနာမပါလို့လား"

"မဟုတ်ပါဘူး. . . အစက အန်တီစုပန်ရှိနေတော့ သူပဲ လုပ်တာ. . . အန်တီစုပန်က အရမ်းတော်တယ်လေ"

"အန်တီစုပန်ဆိုတာက. . ."

"တွယ်တာ့ အဒေါ်ပါ"

နိုင်ဗွမ်းက တွယ်တာ ဖျော်ပေးထားသော ကော်ဖီကို လှမ်းယူပြီး မော့်သောက်နေ၏။

"သူက အခု ဘယ်သွားနေလို့လဲ"

"ယောဂီ ခဏဝတ်နေတယ်လေ"

"ကြာပြီလား"

"မကြာသေးပါဘူး. . . တစ်ပတ်လောက်ရှိပြီ. . . တစ်ရက် နှစ်ရက်နေရင် တွယ် သွားခေါ်တော့မယ်"

"ဘာလို့လဲ တွယ်တာ"

"အိမ်မှာ သူမရှိတော့ မေမေနဲ့တွယ်တာ စိတ်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



မကျဖြစ်နေတယ်''

''ဟို. . .စောစောက တွေ့လိုက်တာက. . .''

''အဲဒါ ကြီးစုပါ''

''ကြီးစုက လုပ်မပေးဘူးလား. . .အဆင်မပြေဘူးလား''

''လုပ်ပေးရှာပါတယ်. . .မတူဘူးပေါ့''

တွယ်တာက အပြစ်ရှိသလိုလေး ရယ်ရင်း. . .

''အန်တီစုပန်က ငယ်ငယ်လေးကတည်းက အတူနေခဲ့တာဆိုတော့ တွယ်တာ့အကြိုက် အကုန်သိနေတယ်လေ. . . ဘာမှပြောစရာမလိုဘူး''

''အင်းလေ. . .ထားပါတော့. . .တွယ်တာလိုအပ်လို့ သွားခေါ်တာမှန်ပေမယ့် သူ့ခမျာ ကုသိုလ်လုပ်နေတာ ပျက်သွားမှာပေါ့''

''မတတ်နိုင်ဘူးလေ. . .ခေါ်တော့ ခေါ်ရမှာပဲ. . .သူက အပြီးဝတ်တော့မယ်လို့လဲ မပြောသွားပါဘူး. . .တွယ်တာ့ကို စိတ်ခုသွားသလားပဲ''

တွယ်တာက သူနှင့်မျက်နှာချင်းဆိုင်မှာ ကျုံ့ကျုံ့ကလေး ထိုင်နေ၏။

''တွယ်တာကလဲ ရှင့်လိုပဲ. . .လူကြီးတွေအပေါ် ဆိုး



တတ်တယ်''

''ဟာ. . .ဒါဆို ကျွန်တော်တို့ခင်ရင် ဖြစ်ပါ့မလား. . . နှစ်ယောက်စလုံး အဆိုးအဆိုးချင်း တည့်ပါ့မလားဗျာ. . .ကြည့်လုပ်ပါဦး''

''ရေရှည်ခင်သွားကြဖို့ဆို တစ်ယောက်က လျှော့မှပေါ့''

''တွယ်တာ လျှော့ပေါ့ဗျာနော်''

မဆိုင်းမတွ တောင်းဆိုလိုက်ပုံက မြန်မှုမြန်၊ သူ လူလည်ပဲ။

''အမယ်. . .မရပါဘူး''

တွယ်တာက ခေါင်းယမ်းပြမိသည်။

''ဒါဆို. . .ဒါဆို ကျွန်တော်က လျှော့ရမှာပေါ့ ဟုတ်လား''

''အင်း. . .ဒါပေါ့''

ခေါင်းလေးငုံ့ပြီး မျက်လုံးလေး ထောင့်ကပ်ကြည့်လိုက်ပုံက အသည်းယားစရာလေးပါပဲ။

တစ်ထိုင်တည်းနှင့် သူမနှင့် ရင်းနှီးသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

''ဟုတ်ပါ့. . . တခြားစီပဲ''

လို့ မေးတာကို တွယ်တာက နှုတ်ခမ်းလေးမဲ့ဖြေ၏

''တွယ်တာ ခိုက်သွားပြီလား''

''ဘာပဲဖြစ်ဖြစ် ငါ အပျင်းပြေတယ်. . . အိမ်ဘေးနား မှာ ဒီလိုအဖော်ကောင်းတစ်ယောက်ရဖို့ လွယ်တာမှမဟုတ်ဘဲ . . . သူက ခင်စရာအရမ်းကောင်းတယ်. . . ညီညီဘမြင့်လို မာရေကျောရေ လုပ်မယ့်ပုံစံလဲ မရှိဘူး''

''တွယ်တာ''



''ဟင်''

''ညီညီဘမြင့်ကို အသေအမုန်းတယ်နော်''

''အစက မုန်းပါဘူး. . . ငါက သူ့လက်ခံထားမှုန်းသိ တော့ ဘဝင်မြင့်ပြီး ငါ့ကို ပစ်စလက်ခတ်ပြောတော့တာ. . . သိပ်ရိုင်းတာပဲ. . . အဲဒီနေ့ကဆို ကြားလိုက်ရတာ ငါ ယုံတောင် မယုံဘူး. . . ဒီကိစ္စတွေ နင်သိပါတယ်ဟာ''

''ဟုတ်ပါတယ်''

''လို့''

''ဟင်''

''သူက ဟိုဘက် သူတို့အိမ်ကို ကူးလာခဲ့တဲ့''

''ဘယ်တော့လဲ''

''တွယ်တာ အားတဲ့အချိန်တဲ့''

''ဘယ်နှစ်ခေါက်ရောက်ပြီးပြီလဲ''

''ဟိုး. . . ဟိုး''

''သွားမလို့လား''

''အင်းပေါ့. . . ဒီနေ့သွားဖို့ တွေးထားတယ်''

''တွယ်တာနော်. . . သိပ်မကဲနဲ့''

''တွယ်တာ့ဘဝမှာ ဒီလောက်ပွင့်လင်းပြီး ဒီလို ခင်စရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာမျိုး မတွေ့ဖူးသေးဘူး. . . အရမ်းပျော်နေတယ်''

တွယ်တာက မျက်စိလေးစုံမှိတ်ရင်း တိုးဖွဖွရေရွတ်၏။

''ငါ ဘာတွေဖြစ်နေမှန်း မသိပါဘူးဟယ်''

လှဲ့က ကြည့်လုပ် ရှုံ့သွားဦးမယ်လို့ ဆို၏။

''ငါလေ ညီညီဘမြင့်ရှေ့မှာ တခြားလူတစ်ယောက်ယောက်နဲ့ ခင်မင်သွားတာ ပြချင်တယ်သိလား. . . ငါ့မာနကို သူက စော်ကားထားတယ်''

''ကလေးဆန်ပြန်ပြီ တွယ်တာရယ်''

လှဲ့က မကြိုက်ချင်။

ရှုံ့တာမျိုး ခနဲ့တာမျိုးဆို လှဲ့ မကြိုက်တာပါ။

တွယ်တာကလည်း သည့်လိုမဟုတ်။

ပကတိဖြောင့်တာ ရိုးတာ၊ ကွေ့ဝိုက် လှည့်စားမှုတွေ ဘာလို့များ လုပ်ချင်ရပါလိမ့်။

''ညီညီ မခံချင်ဖြစ်အောင် လုပ်ပြချင်တာလား''

''အဲဒီလိုကြီးလဲ မဟုတ်ပါဘူး. . . ကိုနိုင်စွမ်းကို တွယ်တာ ထကယ်ပဲခင်မိတာပါ. . . ဒါပေမယ့် သူ့စိတ်ထဲမှာ ကလိကလိဖြစ်အောင် လုပ်ပြချင်တာလဲ အမှန်တရားတစ်ခုပဲ . . . ငါ မညာချင်ပါဘူး''



တွယ်တာ ဝန်ခံခေါင်းညိတ်၏။

လှဲ့လည်း ရိပ်စားမိပါသည်။

သိနေတာကတော့ ဟိုးတစ်ရက် တွယ်တာ လာသွားကတည်းက ညီညီနှင့်တွယ်တာ မတည့်ဘဲ ပြဿနာဖြစ်ကြတာ။ လူကြီးတွေတော့ သိပုံမရပါ။

သိရင်လည်း စိတ်ဆင်းရဲကြရမှာ။

''တွယ်တာရေ''

''အင်း. . . ပြော''

''တွယ်တာ မိတ်ဆွေသစ်တိုးသွားတာ တွယ်တာ့ဖေဖေ မေမေ သိလား''

''မသိသေးပါဘူး''

''သူနဲ့ မကြုံဘူးလား''

''ဘယ်ကြုံဖို့မလဲ. . . တစ်ရက် နှစ်ရက်ရှိသေးတာ''

''အံ့သြနေမှာပဲ''

''အံ့သြစရာမရှိပါဘူး. . . ခါတိုင်းလဲ ယောကျ်ားလေး သူငယ်ချင်းတွေရှိတာပဲ. . . ဘာဆန်းလို့လဲ''

''ဘယ်ဟုတ်မလဲ. . . ဒီတစ်ယောက်က ဆန်းဆန်းပြားပြား သူငယ်ချင်းပဲ မဟုတ်လား''

www.burmeseclassic.com



''ဟုတ်ပါ့''

''တွယ်နော်. . . တမင်မသိအောင် ဖုံးထားတာမဟုတ်လား''

''ဟုတ်ပါ့''

''ဟွန်း''

လဲ့နှင့် ဖုန်းပြောရင်း တွယ်တာ တခစ်ခစ်ရယ်နေမိသည်။

''မေမေတို့သိရင် ဘာဘာညာညာတွေ မေးဦးမှာ''

''ဝတ္တရားပဲလေ''

''ငါမှ သူ့အကြောင်းမသိသေးတာ. . . သိမှ ပြောပြနိုင်မှာ''

''ရှင့်အစီအစဉ်နဲ့ ရှင်ကတော့ မြူးလို့ ဖြောင့်လို့''

''လဲ့က ဘာမနာလိုဖြစ်နေတာလဲ''

''အမယ်လေးနော်. . . မဖြစ်မိပါဘူး''

လဲ့က ကမန်းကတန်း ပြေရှင်းတာကို တွယ်တာ လှောင်ရယ်နေမိသည်။

အလိုလိုနေရင်း စိတ်ထဲမှာမြူးနေတာ။ အတွေးတိုင်းကလည်း ကြည်နူးစရာ ချမ်းမြေ့စရာ။



အချစ်စိတ်ဆိုတာ ဒါမျိုးလား။

မဟုတ်သေးပါဘူး။

တစ်ခါလေး မြင်ဖူးသိဖူး စကားဆိုဖူးရုံနှင့် ချစ်သွားသတဲ့လား။

အဲဒါ အချစ်တဲ့လား. . .

ဟုတ်ပါ့မလား. . .

အထူးတလည် မွေ့ပျော်နေတာတော့ အမှန်ပါပဲ။

တစ်ခုခုမှာ နစ်ဝင်နေသလိုလို၊ အဲသည်တစ်ခုခုဆိုတာတာလည်း နိုင်စွမ်း၏ မျက်လုံးများ၊ နှုတ်ခမ်းများ၊ မပွင့်တပွင့်စကားသံများ၊ ဆွဲအားပါသော အကြည့်၊ မေးစေ့များ အားလုံးအားလုံးပဲ ဖြစ်ပါသည်။

သူ့ ဟန်ပန်မူရာတွေကို တစ်ကြိမ်တည်းမြင်ခဲ့ရုံနှင့်အလွတ်မှတ်မိနေတာဟာလည်း ဆန်းလွန်းလှသည်ပဲ။

''ဟဲ့. . . တိတ်လှချည်လား''

''မဟုတ်ပါဘူးဟာ. . . အတွေးလွန်သွားလို့''

''ဘာတွေးတာလဲ''

''ရည်းစားထားမလို့ပါ''

''ဘုရားရေ''

www.burmeseclassic.com

www.burmeseclassic.com



လဲ့ လန့်ဖျပ်သွားပြီ။

တွယ်တာက လဲ့အဖြစ်ကို အဆက်မပြတ် ရယ်နေမိတော့တာပဲ။

''ထားခွင့်ရှိပါတယ်နော်''

''အန်တီစုပန်နဲ့ တိုင်မယ်''

''ရက်စက်လိုက်တာကွာ''

''အန်တီစုပန် ဘယ်မှာ ယောဂီဝတ်နေတာလဲ. . . ပြောစမ်း''

''ပြောပေါင်''

လဲ့က သိပ်စိတ်ချရတာမဟုတ်။

တကယ် အဟုတ်သွားချွန်နေမှဖြင့်။

''လဲ့နော်. . . ပေါက်ကြားလို့က အသိပဲ''

တွယ်တာ ခပ်တင်းတင်းကြိမ်းထား၏။

အင်းလေ. . . တကယ်ဆို အန်တီစုပန် မရှိလို့သာ နိုင်စွမ်းနဲ့ သိကျွမ်းခွင့်ရလိုက်တာ။

အန်တီစုပန်သာဆို ရှုပ်ရှုပ်ယှက်ယှက်ဆိုပြီး ပြတ်ပြတ်သားသား လုပ်ပစ်မှာ။

အားနာနေမှာမဟုတ်။



တွယ်တာ့ကို ခေါ်ပေးဖို့ဆိုတာဝေးလို့ စကားတစ်ခွန်း နှစ်ခွန်းထက် ပိုအပြောခံမှာမဟုတ်။

ဖုန်းဆက်ချင်လို့ပါဆို အန်တီတို့အိမ်လည်း ဖုန်းပျက်နေတယ်ဟု ညာလွှတ်မှာ ကျိန်းသေ။

မတတ်သာ မရှောင်သာ ပေးပြောရတယ်ပဲထား။ တွယ်တာနှင့် စကားလက်ဆုံကျတာမျိုး အဖြစ်ခံမှာမဟုတ်။

ကော်ဖီဖျော်တိုက်ခွင့် ရင်းနှီးပွင့်လင်းခွင့်ဆိုတာ ဝေးရော။

အန်တီစုပန်ဟာ အတော့်ကို တင်းတင်းကျပ်ကျပ် ချုပ်နှောင်လွန်းပါလား။

တွေးကြည့်တော့ သိလာ၏။

အန်တီစုပန်ကို သွားပင် မခေါ်ချင်တော့ပါ။

နိုင်စွမ်းနှင့် သူမကြားမှာ ဝင်ရှုပ်မှာစိုးသည်။

နိုင်စွမ်းက သဘောကောင်း ဖော်ရွေတာ တစ်ခုခုဆို အားနာစရာဖြစ်ရော့မည်။

အန်တီစုပန်က တစ်ခါတလေ လူမှုရေးတွေ ဘာတွေ ထည့်တွက်တာတော့ မဟုတ်ပါ။

ဟောဟောဒိုင်းဒိုင်း မျက်စိမှိတ် လုပ်ချတတ်တာ။

နိုင်စွမ်းကိုလည်း ကြိုတင် ပြောဆိုထားမှ အကြောင်း

www.burmeseclassic.com



သိထားတော့ ပြင်ဆင်ပြီးသား ဖြစ်တာပေါ့လေ။

အန်တီစုပန်ကို နောက်ထပ် သုံးလေးရက်ကြာမှပဲ သွားခေါ်တော့မည်။

ခဏတော့ နေပလေ့စေဦး။

တွယ်တာ လွတ်လွတ်ကျွတ်ကျွတ် နေဦးမည်။

အဆင်မပြေတာလေးတွေတော့ သည်းခံရဦးမှာပေါ့။

တွယ်တာ ဆုံးဖြတ်ထားလိုက်၏။

ရင်ထဲမှာတော့ နိုင်စွမ်းကို တွေချင်နေသည်။



## အခန်း (၁၈)

''ဘယ်လို''

အန်တီစုပန်က ဦးဘမြင့်ကို တအံ့တသြ လှမ်းကြည့်သည်။ ကြားလိုက်ရတာတွေကို သိပ်မယုံချင်လှပါ။

''စုပန်ကို အနှောင့်အယှက်လာပေးရတာ အားနာတယ်''

''မဟုတ်တာရှင်. . . ပြောသင့်တာ ပြောရမှာပေါ့''

ဦးဘမြင့်က သက်ပြင်းရှိုက်၏။

''ဦးစွမ်းနိုင်က ဒီအိမ်လေးကို ဘာလို့ငှားတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"သူ့သားကို ထားတာ. . . သူ့သားနဲ့ တွယ်တာလေးကို နီးစပ်စေချင်တာ အရင်းကြီးပဲလေ. . . ရှည်ရှည်ဝေးဝေး စဉ်းစားစရာမလိုဘူး"

"ဘုရား. . . ဘုရား"

အန်တီစုပန် မျက်နှာပျက်သွားရပြီး. . .

"ခက်တာက တွယ်တာနဲ့ အဲဒီကောင်လေး သိသွားကြပြီ"

"ရှင်"

လက်ထဲကိုင်ထားသော စိပ်ပုတီးကို တင်းတင်းဆုပ်မိ၏။

"ဟုတ်ရဲ့လား. . . တစ်လတောင် မပြည့်သေးဘူး. . . အို. . . နှစ်ပတ်တောင် မပြည့်သေးတဲ့ဥစ္စာ. . . ကိုဘမြင့်. . . ရှင်သေချာရဲ့လား"

"သေချာပါတယ်. . . ကိုယ်ရောက်သွားတော့ တွယ်တာက ဟိုဘက်ခြံရောက်နေတယ်. . . ခေါ်နိုင်ရတာ. . . လာတော့လဲ အဲဒီကောင်လေး ပါလာတယ်. . . သူတို့ တော်တော်ရင်းနှီးနေကြပြီ"

"အမယ်လေး. . . သမီး မိုက်လိုက်တာ"



သူမ ရင်ဘတ်ဖိမိသည်။

"ဒါကြောင့် တွယ်တာ ရောက်မလာတာဖြစ်မယ်"

"လာမယ် ပြောလို့လား"

"ကျွန်မကို လာခေါ်မယ်လို့ သူ့အမေကိုကတိပေးပြီးသား. . . ကျွန်မကလဲ ကျွန်မပါ. . . သူ လာခေါ်တာလေးကို စောင့်နေမိတယ်"

အန်တီစုပန်က ချစ်စနိုးဟန်နှင့် ဆို၏။

"သူ ကျွန်မကို ဘယ်လိုလေးများ ပြောမလဲလို့ ကျွန်မက မှန်းကြည့်နေတာ. . . သမီး တော်တော်မိုက်ပါလား. . . ဘာမှန်းညာမှန်းမသိဘဲ ရမ်းသန်း အရောဝင်ရသလား"

"စုပန်. . . ဘာလုပ်မလဲ"

"အိမ်ပြန်မှာပေါ့. . . ကျွန်မ ခုပဲပြန်တော့မယ်. . . သမီးကို ကျွန်မ စိတ်မချဘူး. . . ရင်ထဲမှာ ပူနေပြီ. . . ဒီမှာဆက်နေလဲ ဘာမှမထူးတော့ဘူး ကိုဘမြင့်"

"ရပါတယ်ဗျာ"

ဦးဘမြင့်က စာနာနားလည်စွာ ငေးကြည့်နေ၏။

"စုပန်"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ရောက်တော့ ဦးဘမြင့်က တစ်ခုခုပြောချင်သလို ခေါ်လိုက်၏။

"ဒီတစ်ခါ စွမ်းနိုင် အသာစီးရသွားမလားပဲ"

"ဘယ်လို"

"ဒီတစ်ကြိမ် သူနိုင်သွားမှာစိုးတယ်ဗျာ"

စုပန် နှုတ်ခမ်းတွေကို တင်းတင်းစေ့ထား၏။

ပြီးမှ . . .

"တစ်သက်လုံး ဒါမျိုးမဖြစ်စေရဘူး"

အပြတ်သားဆုံး အအေးစက်ဆုံး အပြင်းထန်ဆုံးဆို

"သူ့သားက တော်တော်ချောတယ်"

"အို့ရှင် . . . ဘယ်လောက်ချောချော"

ဦးဘမြင့်က ပင့်သက်ရှိုက်၏။

"အလိုလိုမှ စုပန်ကို တွယ်တာက မုန်းနေတာ"

"မုန်းပါစေ . . . မုန်းပါစေ"

ဂရုမစိုက်သလို ပြောလိုက်ဟန်မှာ နာကျင်မှုအပြည့်

"ကြိုက်သလို မုန်းပါစေ . . . တားမရရင် ကျွန်မ ဘ လုပ်မယ် ထင်သလဲ"

ဦးဘမြင့်က အဝေးကြီးကို လှမ်းငေးမျှော်ကြည့်၏။



"သတ်ပစ်မယ် . . . စွမ်းနိုင်သားနဲ့ ပေးစားမယ့်အစား သတ်ပစ်မယ်သိလား . . . ကျွန်မတို့ မျိုးရိုးဆွေဆက် ဒီလို လူမဆန် အောက်တန်းကျတဲ့သွေးမျိုး မပါစေရဘူး . . . ဘယ်တော့မှ မပါစေရဘူး"

"ဒေါသမကြီးပါနဲ့ စုပန်ရယ် . . . စိတ်အေးအေးထားမှပေါ့ . . . ဒါမျိုးဆိုတာ စိတ်ရှည်ရတယ် . . . တဖြည်းဖြည်းစည်းရုံးရတယ် . . . ကြမ်းရင်မရဘူးနော်"

"ကြမ်းသင့်ရင် ကြမ်းရမှာပဲ . . . ရှင်ကကော ကျွန်မသမီးကို ရှင့်သားနဲ့ပေးစားဖို့ ဘာလို့မစီစဉ်ရသေးတာလဲ . . . ရှင်းစမ်းပါဦး"

"သားက တွယ်တာလေးကို သဘောကျတယ် . . . ခုဆို အိမ်မှာတဖွဖွပြောနေပြီ . . . သားငယ် စိတ်ဝင်စားလာပြီ"

"ဒါနဲ့များ"

"ခင်ဗျားတို့ဘက်က ဘာမှမပြောသေးဘဲကိုး"

"ရှင်ကလဲ တစ်မျိုး . . . ခု ကျွန်မပြောပြီ . . . အမြန်ဆုံး စီစဉ်"

"ဟုတ်ကဲ့"

ဦးဘမြင့်က တဟဲဟဲ ရယ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



''သားက အဖေလိုပါပဲ. . . စုပန်သမီးကို မကြိုက်ဘဲ ရှိမလား''

''ကိုဘမြင့်. . . ရှင်နော်. . . မမြင့်နဲ့ ပြဿနာဖြစ်ချင်လားပြော''

ဦးဘမြင့်က ငြိမ်ကျသွားရင်း ပြုံးနေ၏။

ငယ်ငယ်တုန်းက အချိန်လေးတွေ ပြန်မြင်ယောင်သတိရနေမိတယ် သူငယ်ချင်းရယ် . . .

အခုအချိန် မင်းသာရှိနေခဲ့ရင် ဘယ်လောက်ပြည့်စုံလာမလဲဆိုတာ တွေးမကြည့်တတ်ဘူး။

ဟိုတုန်းကတော့. . .

ငါဆိုတဲ့ ဘမြင့်ရယ်. . .

အန်တီစုပန်ဆိုတဲ့ စုစုပန်လေးရယ်. . .

ဖော်ဖော်တာဆိုတဲ့ ကိုတာရယ်. . .

သုံးယောက်သား ပျော်ရွှင်ခဲ့ကြတယ်။ တတွဲတွဲရှိခဲ့ကြတယ်။

ကြည်နူးစရာကောင်းလွန်းတဲ့ ကာလလေးတွေပေါ့လေ

ဒါတွေကို ပြန်တွေးမိရင် ပထမ ပျော်တယ်။ နောက်တော့ တဖြည်းဖြည်းနဲ့ စိတ်ထိခိုက်လာတယ်။



မင်း ကံမကောင်းဘူး သူငယ်ချင်းရယ်. . .

မင်း ကံမကောင်းခဲ့လို့ စုပန်ပါ ရောပြီး ကံဆိုးခဲ့ရတယ်။ မင်းတို့အတွက် ငါ စိတ်မကောင်းဘူး ကိုတာရာ။

ဒါကြောင့်မို့လည်း မင်းတို့ရဲ့ တစ်ဦးတည်းသောသမီးလေးနဲ့ ငါ့သားကို သဘောတူတယ်။ ပေးစားဖြစ်အောင် ပေးစားမယ်ကွာ။

''စုပန်''

''ဟင်''

''သားကြီးက မေးနေသေးတယ်''

''ဘာများလဲ''

''ကိုယ် တွယ်တာနဲ့ သားငယ်ကို သဘောတူတာ တခြားအကြောင်း ရှိသလားတဲ့. . . ကိုယ့်ပုံစံက လိုတာထက်ပိုပြီး ပေါ်လွင်နေတယ်ထင်တယ်. . . သိပ်လိုလားမှုန်း သိသာနေပြီထင်ပါရဲ့''

''ဘာပဲဖြစ်ဖြစ်. . . သမီးလေးရဲ့ဘဝအတွက် ရှင် ပိုရိသင့်တယ် ကိုဘမြင့်. . . ကျွန်မ တစ်သက်လုံးမျိုသိပ်ခဲ့တာ ထိန်းချုပ်ခဲ့တာ သမီးကို မွေးမွေးပေးချင်ရင်တောင် အိပ်ပျော်နေမှ နိုးမွေးရတာ. . . ကျွန်မ တစ်သက်လုံး ထိမ်းမြားထားဖို့

www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်တယ်''

''စုပန်ရယ်''

''ခုလဲ ကျွန်မ ကြိုတင်ပြင်ဆင်နေတာ. . . သမီးလေး အိမ်ထောင်ကျပြီး ကျွန်မ တစ်ယောက်တည်း ဘဝကိုရပ်တည်ဖို့''

''သမီးတို့နဲ့ လိုက်နေပေါ့''

''တော်ပါပြီ. . . သမီးလေး မုန်းပါ့မယ်''

''စောစောဘုန်းက မုန်းပါစေဆို''

''အင်း. . . အကြောင်းတရား နိုင်လုံလို့ အမုန်းခံရမှာ မကြောက်ပါဘူး. . . ဘာမဟုတ်တာလေးနဲ့တော့ အမုန်းမခံပါရစေနဲ့. . . သမီးလေးဘဝ တိမ်းစောင်းသွားမှာ ဒုက္ခရောက်သွားမှာစိုးလို့ ကယ်ရတာဆိုတော့ မုန်းလဲ ကယ်ရမှာပဲ. . . မတတ်နိုင်ဘူးလေ. . . မဟုတ်ဘူးလား''

''စုပန် တော်တော်ချစ်တယ်နော် တွယ်တာလေးကို''

''သမီးပဲ. . . ချစ်တာပေါ့. . . ရှင် မေးတတ်ပါပေတယ်. . . ရှင့်သားတော်မောင် နှစ်ယောက်ကို မချစ်ဘူးလား. . . ကဲ ဆိုစမ်းပါဦး''

''ချစ်တာပေါ့. . . အရမ်းချစ်တယ်. . . ဒါပေမယ့် စုပန်



ချစ်တတ်ပုံကို အံ့သြတယ်ဗျာ. . . လက်ဖျားခါတယ်. . . ဒီလောက် မျိုးသိပ်နိုင်တာ. . . ဒီလောက် အနီးကပ်ပြုစုနိုင်တာ စုပန် တစ်ဘဝလုံး သူ့ကိုပေးအပ်ထားတယ် မဟုတ်လား''

''ကိုဘမြင့်သိသလို သမီးသိရင် သိပ်ကောင်းမှာ''

''မေတ္တာတရားဆိုတာ အချည်းနှီးမဖြစ်တတ်ပါဘူး. . . သမီးလေး တစ်နေ့တော့ သိလာမှာပါ. . . သိလာရင် စုပန်ကို သိပ်ချစ်လာမှာပါ''

''ခုတော့ အမုန်းခံပြီး တားရမှာပဲ''

''သိပ်တော့ မကောင်းကျပ်ပါနဲ့''

''ရှုပ်ရှုပ်ယှက်ယှက် မကြိုက်ပါဘူး''

ဦးဘမြင့် လက်လျှော့သလို ပြုံးလိုက်မိသည်။

''ရှင့်သားကော ဒီကိစ္စ သိပြီးပြီလား''

''မသိပါဘူး''

''ညံ့တာပေါ့ရှင်''

''ညံ့တယ်. . . ဟုတ်လား''

''ဟုတ်တာပေါ့. . . သားသမီးကို စောင့်ရှောက်မှုသိပ်ညံ့တယ်''

''အင်း. . . ဒီကောင်ကလဲ ဘာတွေတွေးပြီး ငြိမ်နေမှန်း

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး. . . ဟိုတစ်ရက်က သူတို့ဖုန်းပြောကြသေးတယ်. . . အင်း. . . မဟုတ်ဘူး. . . တွယ်တာက ဖုန်းမကိုင်ဘူးဆိုလား. . . ဒါနဲ့ သားက သွားတွေ့တယ်ထင်တယ်. . . သူတို့ချင်းလဲ တစ်ခုခု ဖြစ်နေပုံပဲ''

''ရှင့်ဟာကလဲ ဘာမှမသေချာပါလား. . . ဆိုလားနဲ့ ထင်တယ်နဲ့. . . ဖြစ်နေပုံပဲနဲ့ တိကျတာ ဘာမှမပါဘူး''

''ကိုယ်မှ မသိတာကွာ''

''ကိုဘမြင့်တို့ သားအဖကို စိတ်ချမိတာ မှားတာပဲ''

''မဟုတ်ပါဘူး. . . ဘာတစ်ခုမှ ဆိုးဆိုးရွားရွားမဖြစ်သေးပါဘူး''

''ကျွန်မတော့ ရင်ထဲ မီးတောက်နေပြီ''

ဒေါ်စုပန်လေး သက်ပြင်းမောရှိုက်မိ၏။

မေမေမရှိတုန်း ခဏလေးအတွင်းမှာ သမီး ခြေလှမ်းတွေ ဘယ်အဆင့်ထိ မှားကုန်ပြီလဲ။

ရင်ထဲမှာ တစ်စတစ်စ ပူပြင်းလာ၏။

သည်အပူက ဘာနှင့်မှမတူ။

အသည်းကျွတ်မတတ် အသည်းကျွမ်းမတတ်ပါပဲ။

နေမရ ထိုင်မရ ဘာမှလုပ်မရအောင် နှိပ်စက်လွန်းသ



သည်။

''ဦးစွမ်းနိုင်က ဘာသဘောလဲ ကိုဘမြင့်''

''သူ့စိတ် သူ့ကိုအကျိုးပေးမှာပါ''

''ဒီလူကို ကျွန်မကြည့်မရတာလဲ အမှန်ပဲ. . . ဟိုးကတည်းက သူပါသေခဲ့ဖို့ကောင်းတာ. . . အင်းလေ. . . သူက လူလည်ပဲ. . . ဘယ်သေပါ့မလဲ. . . အသုဘကောင်ကြီး မသေခင်က ပုပ်နေတာ. . . သူ့နှလုံးသား သူ့စိတ်ဓာတ်တွေအထဲမှာ ပုပ်သိုးနေပြီ. . . သိလား ကိုဘမြင့်''

ဒေါ်စုပန်က ပြောရင်းဆိုရင်း တစစ်စစ် နာကျင်လာပုံရ၏။

''ကိုတာ့ကို သူလုပ်တာလို့ ကျွန်မထင်တယ်. . . ဒါဟာ ဘာသက်သေမှမရှိပေမယ့် ကျွန်မနှလုံးသားက အလိုလိုရလာတဲ့ အသိစိတ်သက်သေ. . . ကျွန်မအတွက် သိပ်နိုင်လုံတယ်''

''ဒီလောက်တော့ ဟုတ်မယ်မထင်ဘူး''

''ဘာပဲဖြစ်ဖြစ်လေ. . . သူ့ကြောင့် ကျွန်မချစ်သူ ယောကျာ်းသေခဲ့ရတယ်. . . ကျွန်မဘဝ သေခဲ့ရတယ်. . . သူကျေနပ်သင့်ပြီ. . . ကျွန်မအသည်း အညွန့်ဖူးလေးကို ဘာထိလို့

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဒီတစ်ခါ ပွဲကြီးပွဲကောင်းပဲ. . . ကျွန်မနဲ့တွေ့သွားမယ် . . . ခေါင်းငုံ့မခံတော့ဘူး''

''ကိုယ် စိုးရိမ်တယ်ကွာ. . . စုပန် ဒေါသတွေ သိပ်များနေတယ်''

သူ စုပန်ကို ဘယ်လိုဖျောင်းဖျရမှန်း မသိတော့ပါ။ ဘယ်သူ့ကိုမှ ဘာမှမဖြစ်စေချင်တာ အမှန်ပါပဲ။

သူ ကိုစွမ်းနိုင်ကို သွားဆွေးနွေးကြည့်ရင် ကောင်းလေမလား။

တွယ်တာလေးကို မနှောင့်ယှက်ပါနဲ့ကွာ၊ အဲဒါ ငါ့ရွှေမလောင်းလေးဟု သွားတောင်းပန်ပါမှ ဟိုက ပိုပြီးရောင့်တက်ရဲတင်းသွားဦးမှာ။

မဖြစ်သေးပါဘူးလေ။ ကိုစွမ်းနိုင်က ကောက်ကျစ်ယုတ်မာတတ်တာ။

ခုကိစ္စမှာ အစစအရာရာ သတိထားနိုင်မှ၊ လက်ဦးမှုရရှိမှ။

''စုပန်''

''ပြောပါ ကိုဘမြင့်''

''ကိုယ် တစ်ခုစဉ်းစားမိတယ်''



''အင်း''

''စွမ်းနိုင်ကို ကိုယ် သွားတွေ့ပြီး ဆွေးနွေးကြည့်ရင်''

''လုံးဝမကောင်းဘူး. . . ပိုပြီးဆွသလို ဖြစ်မှာ. . . မသိသလိုနေတာ အကောင်းဆုံးဘဲ. . . မလိုပါဘူးရှင်. . . ကျွန်မသမီး ကျွန်မပိုင်ရမှာပေါ့. . . သူ ကျွန်မ မကြိုက်တာလုပ်ရဲလုပ်ကြည့်''

''လက်တွေ့မှာ စုပန်သမီးမဟုတ်ဘူးလေ''

စုပန်က မျက်နှာလေး ညိုးသွား၏။

''နည်းလမ်းရှာရမှာပေါ့''

ဦးဘမြင့် ဘာပြောနိုင်တော့မလဲ။

ဒေါ်စုပန်က သည်ကိစ္စကို သူတစ်ယောက်တည်း အပြီးအပြတ် တာဝန်ယူသွားခဲ့သည်လေ။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

တွယ်တာက မျက်နှာလေးရှုံ့မဲ့လျက် တစ်ဖက်အကြည့် လွှဲလိုက်၏။

"ကိုနိုင်စွမ်း ပန်းချီကားတွေကလဲ"

"မလှဘူးလား. . . မပီပြင်ဘူး"

"ဟင့်အင်း. . . မကြိုက်ပါဘူး"

တွယ်တာက အကြိမ်ကြိမ်ခေါင်းယမ်းပြီး ချထားသော ကြိမ်ခုံပိုင်းလေးမှာ သွားထိုင်သည်။

"ခုဆွဲနေတာကကော"



"သချိုင်း"

"ဟာ"

တွယ်တာ့ပုံစံလေးကိုကြည့်၍ နိုင်စွမ်းက ရယ်နေမိသည်။

"ဟုတ်တယ်လေ. . . အုတ်ဂူမှာ ကောင်မလေး ပန်းခြင်း လာချနေတဲ့ပုံလေ. . . လာကြည့်. . . အသက်ပါရဲ့လားဆိုတာ"

"မကြည့်ချင်ပါဘူး. . . စိတ်ပျက်စရာကြီး"

နိုင်စွမ်း၏ စိတ်သဘောထားကို တွယ်တာ နားပင် မလည်ချင်ပါ။

ခြသေ့်ကြီး ဟိန်းဟောက် ဒေါသကြီးနေပုံ။ ကျားကြီး တစ်ကောင်က ချစ်စရာသမင်မလေး၏ လည်ကုပ်ကို ရက်ရက် စက်စက် ကိုက်ခဲထားပုံ။ အရိုးခေါင်းပုံတွေ၊ လျှာထွက်နေသော ဘီလူးရုပ်ပုံတွေ။ ပြီးတော့ မှောင်မည်းနေသော ဝန်းကျင်ထဲက မျက်လုံးကြီးတစ်စုံ ပြူးထွက်နေပုံ. . . ဘယ်လိုပန်းချီကားတွေ လဲကွယ်။

"ပုံလှလှလေးတွေ မဆွဲတတ်ဘူးလား"

"ဘယ်လိုပုံကို လှတယ်လို့ တွယ်တာက ထင်သလဲ"

"မိန်းကလေးပုံ လှလှလေးတွေ. . . ချစ်စရာရှုခင်းလေး ကြောင်လေးတွေ. . . မျက်စိအေးစရာ မြင်ကွင်းလေးတွေ. . .

www.burmeseclassic.com



အိုး. . . အများကြီးပေါ့''

''အဲဒါ တွယ်တာ့အထင်လေ. . . ကျွန်တော်ကတော့ ဒီပန်းချီကားတွေကို မျက်စိထဲအရမ်းကြိုက်တယ်. . . လှတယ်လို့ ထင်တယ်''

''ဟာ''

တွယ်တာ တဟာဟာနှင့် သူ့စိတ်ဓာတ်ကိုမကြိုက်လိုက်တာ၊ စိတ်ချင်းမတူတာတော့ အမှန်ပါပဲ။ သူ့စိတ်က တခြားလူတွေနှင့်မတူဘဲ ထူးဆန်းနေတာတော့ တကယ်ပါပဲလေ။

''တွယ်တာက လောကကြီးကို အမြင်ကျဉ်းနေတယ်''

''ဘယ်လို''

''လောကကြီးမှာ တွယ်တာထင်သလို အလှတရားတွေနဲ့ချည်း ပြီးပြည့်စုံနေတာမှမဟုတ်ဘဲ. . . အကျည်းတန်တာတွေ အရုပ်ဆိုးတာတွေ အများကြီးရှိသေးတယ်. . . ကဲ. . . ဒီပန်းချီကားတွေကကော အဓိပ္ပာယ်မရှိဘူးလား''

''အင်း. . . ဒါပေမယ့် ရက်စက်ကြမ်းတမ်းလွန်းတာတွေ တွယ်တာ မနှစ်သက်တတ်ဘူး. . . မခံစားနိုင်ဘူး''

''တွယ်တာက နုလုံးသား နုလွန်းတာကိုး''

''ကိုနိုင်စွမ်းကိုလဲ စိတ်ထားနူးညံ့တဲ့လူတစ်ယောက်ဲ



ဖြစ်စေချင်တယ်. . . သိလား''

''ကျွန်တော်က ယောကျ်ားပဲ. . . နူးညံ့ရင် ပျော့သွားမှာပေါ့''

''ရှင့်ခံယူချက်တွေက တစ်မျိုးပဲနော်''

''အင်း. . . တွယ်တာ သဘောမကျဘူးလား''

နိုင်စွမ်းက သူမဆီ တည့်တည့်စိုက်ကြည့်ပြီး မေးလာ၏။

''တွယ်တာ မကြိုက်ရင် ကျွန်တော်ဆင်ခြင်ပါ့မယ်''

သူက တွယ်တာ့ဘေးကို လျှောက်လာပြီး ငုံ့ကြည့်၏။

တွယ်တာ့နှုတ်ခမ်းလေးတွေက ကျေနပ်စွာ ကော့ညွတ်ပြုံးနေ၏။

''ဒီအထဲက ပန်းချီကားတစ်ချပ် လက်ဆောင်ပေးမယ်၊ ဟို သမင်လေးပါတဲ့ပုံယူမလား. . . ယူနော်''

ပြောပြောဆိုဆို သွားယူဖို့ပြင်၏။

''ဟင့်အင်း. . . မယူချင်ပါဘူး''

သူမ မြန်မြန်ဆန်ဆန် ငြင်းပစ်သည်။

''လက်ဆောင်ပေးချင်လို့ပါ''

''ဒီကျားကြီး သမင်ကိုခဲထားတဲ့ပုံကိုတော့ မယူပါရစေနဲ့. . . တွယ်တာ မကြည့်ချင်ဘူး. . . တွယ်တာ့ကိုပေးချင်ရင်

www.burmeseclassic.com

www.burmeseclassic.com



ဝေဝေဆာဆာ အရောင်အသွေးစုံစုံ ဖူးပွင့်နေတဲ့ ပန်းခင်းကြီး တစ်ခုဆွဲပေးပါလား''

''အင်း. . . ဆွဲပေးမယ်လေ''

''တကယ်နော်''

နိုင်စွမ်းက ခေါင်းညိတ်ပြ၏။

''ဘယ်နှစ်ရက် စောင့်ရမှာလဲ''

''နှစ်ရက်''

သူက တွယ်တာထိုင်နေသော နံဘေးကြမ်းပြင်မှာ ထိုင်ချ၏။

''တွယ်တာ''

''ဟင်''

သူ့ခေါ်သံက တိုးလျော့လွန်းပါသည်။

''တစ်ခုခုပြောဖို့ သိပ်စောနေသေးလား''

သူမ ဘယ်လိုဖြေရမည် မသိပါ။

''သမီးရေ. . . တွယ်တာ''

ကြီးစုအသံကြားတော့ နှစ်ယောက်သား လှမ်းကြည့်မိ၏။

''ဘာလဲ ကြီးစု''

တွယ်တာက တဖျပ်ဖျပ် အရင်လျှောက်သွားသည်။



''အန်တီစုပန် ပြန်ရောက်လို့ ခေါ်ခိုင်းလိုက်တယ်''

''ဟင်. . . ဟုတ်လား''

''အန်ကယ် ဦးဘမြင့်လဲ ပါတယ် သမီးရဲ့''

''ဩော်''

တွယ်တာ့မျက်နှာလေး တင်းခနဲဖြစ်ရ၏။

''သူတို့ အတူတူလာတာလား''

''ဟုတ်တယ် သမီးရဲ့''

နိုင်စွမ်းရှိရာ လှမ်းကြည့်ပြီး တွယ်တာ နှုတ်ဆက်၏။

''သွားမယ်နော် ကိုနိုင်စွမ်း''

''အင်း''

ကြီးစုက သူမရှေ့မှ ခပ်သုတ်သုတ် သွားနှင့်သည်။

''ကြီးစု''

''ဟေ''

''တွယ်တာ့ကို ဘာပြောသေးလဲ''

''ဒေါ်စုပန်က မျက်နှာထားကို တင်းနေတာပဲ. . . ဆူနေတယ်. . . သမီးကိုဆူမှာတော့ သေချာတယ်''

''ဘာကိုဆူမှာလဲ''

''ယောကျ်ားလေးတစ်ယောက်တည်းနေ့တဲ့ အိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



အလည်သွားရသလားတဲ့. . . သူမရှိတုန်း ဒီလောက်တောင်ဖြစ်ရသလားတဲ့''

''ဟင်''

တွယ်တာ နည်းနည်းလန့်သွားမိပါသည်။

ခုတစ်ခါက တွယ်တာ့အမှား အပြစ်ရှိနေသည်။ ဆူလည်း ငုံခံရတော့မှာ။ တွယ်တာ နှုတ်ခမ်းလေးကိုကိုက်မိ၏။

''ကြီးစုက ဟိုဘက်ခြံသွားတာ ဘာလို့ပြောလိုက်လဲ''

''မပြောပါဘူး. . . ဒေါ်စုပန်က သိနေတာ''

''မုန့်စရာကောင်းတယ်''

''ဒေါ်ကြီးမောကြီး ပြန်လာတာပဲ သမီးရေ. . . ဆူလဲခံလိုက်ပေါ့ကွယ်''

ကြီးစုနှင့် တွယ်တာ အိမ်ထဲဝင်လာတော့ အန်တီစုပန်က ညှော်ခန်းမှာ မတ်မတ်တင်းတင်း ထိုင်နေ၏။

''ကြီးစု လုပ်စရာရှိတာ သွားလုပ်ပါ. . . တွယ်တာ ဒီမှာလာထိုင်စမ်း''

ခေါ်လိုက်ပုံက အမိန့်သံပါနေသည်။

''ဟိုကောင်လေးနဲ့ ကြိုက်နေပြီလား''

ကျုံ့ကျုံ့ကလေး ဝင်ထိုင်ရုံရှိသေး ပြတ်သားသော



အမေးစကားကြောင့် ခေါင်းလေးမတ်သွားရ၏။

''မေးတာဖြေ''

''မကြိုက်သေးပါဘူး''

''ကြိုက်မလို့လား''

''တွယ်တာတို့က ရိုးရိုးခင်တာ''

''ခင်စရာရှားလား''

''ရှင်. . .''

''ဒီကောင်လေးအကြောင်း ဘယ်လောက်သိလို့ အိမ်ထဲအထိ သွားလည်ရတာလဲ''

''ရိုးရိုးသားသား သွားတာ''

''သိတယ်. . . ဒါပေမယ့် တစ်စုံတစ်ခုဖြစ်ခဲ့ရင် အရှင်းဆုံး နာမည်ပျက်မှာ အရှက်ရမှာ ဘယ်သူလဲ. . . တွယ်တာ့ ဘဝမှာ ဘာအစွန်းအထင်းမှရှိခဲ့တာ မဟုတ်ဘူး. . . သိရဲ့လား''

တွယ်တာက မျက်လွှာလေးချလိုက်၏။

''မေးနေတယ်လေ. . . သိလား ဟဲ့''

''အန်တီစုပန်ကို တွယ်တာ လာခေါ်မလို့ပါ''

''ဒါ အရေးကြီးတဲ့ကိစ္စမဟုတ်ပါဘူး''

တွယ်တာက အန်တီစုပန်ကို မော့်ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"တွယ်တာ ဘာလုပ်ရမလဲ. . . ဘာဖြစ်စေချင်တာလဲ"

"အဲဒီဘက်ခြံကို လုံးဝမသွားရဘူး. . . ညီညီဘမြင့်နဲ့ ဒီတစ်ပတ်အတွင်းမှာ စေ့စပ်မယ်. . . ဒါပဲ. . . လူကြီးချင်းပြောဆိုထားကြပြီးသား"

"အိုး. . . တွယ်တာ သူ့ကိုမှမကြိုက်တာ"

"ကြိုက်စရာလဲ မလိုပါဘူး. . . ယူဖို့ပဲလိုတယ်"

"အန်တီစုပန် သိပ်တရားလက်လွှတ်ပြောတာပဲ"

"ညည်းလေးကကော ကုန္ဒြေလေးနဲ့နေသလား. . . ထိန်းသလား သိက္ခာ"

"တွယ်တာ ခုထိ ဘာမှမမှားသေးဘူး"

"မှားလို့လဲ ရမယ်မထင်နဲ့"

"တွယ်တာ့ကို တော်ရုံချုပ်ချယ်ပါ"

"ချုပ်ချယ်တာ မဟုတ်ဘူး. . . အမိန့်ပေးနေတာ. . . တားမြစ်ပိတ်ပင်နေတာ. . . ကောင်းကောင်းပြောလို့မရရင် ရတဲ့နည်းနဲ့ ပြောမယ်"

"ဘာ"

"ညည်းအဖေနဲ့အမေက အန်တီ့ကိုလွှဲထားပြီးသား"

တွယ်တာက အသားလေးတွေ တဆတ်ဆတ်တုန်



အောင် ဒေါသဖြစ်သွား၏။

"ကြိုက်ကိုကြိုက်ပြမယ်. . . ယူကိုယူပြမယ်"

အသံတုန်တုန်လေးနှင့် ဆုံးဖြတ်မိသည်။

"ဘာပြောတယ် တွယ်တာ"

"တွယ်တာ ကိုနိုင်စွမ်းကို ယူမယ်. . . သူ ဖွင့်ပြောတာနဲ့ လက်ခံလိုက်မယ်. . . ညီညီဘမြင့်ကို လုံးဝမယူနိုင်ဘူး. . . ရှင်းရဲ့လား"

သူမလည်း သည်းမခံနိုင်တော့ဘဲ ပေါက်ကွဲမိပြီ။

တော်ရုံတန်ရုံကို ပြဿနာမဖြစ်ချင်တာနှင့် ငုံ့ခံနေဖို့ပါပဲ။ လွန်လွန်းအားကြီးလာတော့ အောင့်အည်းထားလို့ မရတော့ပေ။

"နိုင်စွမ်းကိုယူမယ်. . . ဟုတ်လား"

"ဟုတ်တယ်"

အန်တီစုပန်က တွယ်တာ့ကို စူးခနဲ ရဲခနဲကြည့်၏။

"ယူရင် ညည်းကိုသတ်ပစ်မယ်"

"ဟင်"

အန်တီစုပန် ဝုန်းခနဲ ထထွက်သွား၏။

တွယ်တာက ဖော်ကလေးလိမ်နေအောင် စိုက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ရာရာစစ သူကများ တွယ်တာ့ကို. . .

လက်သီးနှစ်ဖက် တင်းတင်းဆုပ်ပြီး ချာခနဲလှည့်ထွက်လာ၏။ ရွှံ့ခြလှမ်းတွေက နိုင်စွမ်းဆီသို့။

သူမ တလှ္သားလှ္သားလျှောက်လာတာမြင်တော့ နိုင်စွမ်းက အံ့အားတသင့် ကြည့်နေ၏။

''တွယ်တာ''

ထပ်တစ်ကြိမ်ခေါ်သံက သိပ်နီးကပ်နေပြီ။

အန်တီစုပန်နှင့် တွယ်တာ နိုင်စွမ်းတို့အိမ်ရှေ့လေးမှာ ဆုံမိကြသည်။

နိုင်စွမ်းလည်း ဘေးနားရှိနေ၏။

''တွယ်တာ. . . လာစမ်း''

''အိုး. . . မလာပါဘူး''

ဆွဲထားသောလက်ကို ပြန်ဆောင့်ရုန်းပစ်သည်။

''အရှက်မရှိဘူးလား တွယ်တာ''

''ဒါတွေ ဒီလိုဖြစ်အောင် အန်တီစုပန် လုပ်တာ''

''လာ. . . အိမ်ရောက်မှပြော. . . သူများအိမ်ရှေ့မှာ''

''တွယ်တာ ကိုနိုင်စွမ်းနဲ့ စကားပြောမလို့''



''တော်စမ်း တွယ်တာ. . . ရိုက်မိတော့မယ်''

အန်တီစုပန်က ရွယ်ပြီးမှ မရိုက်။ လက်ကိုပြန်ချလိုက်တော့သည်။

တွယ်တာ ယက်ကန်ယက်ကန် ပြန်ပါလာသည်။

အန်တီစုပန်က တတွတ်တွတ်ဆူသည်။

''လူကောင်းမှန်းမသိ ဆူကောင်းမှန်းမသိ''

''နားငြီးတယ်''

အသံကျယ်ကြီးနှင့် အော်ပစ်၏။

''ညီညီ့လိုလူအေး လူကောင်းကိုတော့ စော်ကားချင်တယ်''

တွယ်တာ့လက်ကို ညှစ်ခန်းထဲပြန်ရောက်မှပဲ လွှတ်တော့သည်။

''ဗိုက်ဆာတယ်. . . ထမင်းစားတော့မယ်''

အန်တီစုပန်ရှေ့မှာ မနေချင်တော့ပါ။

''ညည်းကို ညည်းအဖေနဲ့တိုင်မယ်''

''တိုင်ပေါ့''

''အေးပါ. . . အေးပါ. . . အချိုးအချိတ်ကိုက''

တွယ်တာ တစ်နေ့လုံး အခန်းအောင်းကာ အအုပ်ဖတ်

www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သည်။

အန်တီစုပန် ခါတိုင်းလို အခု တစ်ခုတလေ လာပေးတာမျိုး၊ ခဏခဏလာကြည့်တာမျိုး၊ အကြောင်းမရှိ အကြောင်းရှာ ဝင်လာတာမျိုး မလုပ်ပါ။

ရေမိုးချိုးပြီး ညနေပိုင်းရောက်တော့ အခန်းထဲက ထွက်မိသည်။

လှေကားရှိရာ လျှောက်လာပြီး ငုံ့ကြည့်တော့ အောက်ထပ်ဧည့်ခန်းကို ပြင်ဆင်ရှင်းလင်းနေတာ တွေ့ရ၏။

ဖေဖေရော မေမေရော အန်တီစုပန်ရော၊ မေမေ့မိတ်ဆွေတွေရော၊ အမျိုး အဆွေတချို့ရော ဧည့်ခန်းမှာ စုစုစုစုနှင့်။

''ဘာတွေလုပ်နေကြတာလဲ''

တွေးကြည့်လို့မရ။

နေ့လယ်တုန်းက ဘာအသံမှမကြား။

တွယ်တာ့ကို ဘာမှမပြောကြပါလား။

လှေကား တစ်ထစ်ချင်းဆင်းရင်း သုံးလေးထစ်အလိုမှာ ထိုင်ချပြီး ဧည့်ခန်းကို လှမ်းငေးနေမိသည်။

''သမီး''



''ရှင်. . . မေမေ''

အမေက တွယ်တာ့ရှေ့မှာ လာရပ်သည်။

''သမီး အဝတ်အစားလဲတော့လေ''

''ရှင်. . .''

တွယ်တာ တရှင်ရှင်နှင့် အံ့ဩနေ၏။

''ဧည့်သည်တွေ လာကြတော့မှာ''

''ဘယ်က ဧည့်သည်တွေလဲ''

''သမီးလေး စေ့စပ်ပွဲကို ဒီညနေပဲလုပ်လိုက်တယ်''

တွယ်တာ အံ့ဩလွန်းလို့ ဘာသံမှထွက်မလာ။ နှုတ်ခမ်းလေးပွင့်ကာ မျက်လုံးပြူးထွက်နေ၏။

''မောင်ညီညီဘမြင့်တို့ လာကြလိမ့်မယ်''

''နေပါဦး၊ မေမေ''

တွယ်တာက လက်ကလေးကာပြသည်။

''ဒီအစီအစဉ် ဘယ်သူလုပ်တာလဲ''

''သမီးဖေဖေပေါ့''

''ဖေဖေ''

''ဟုတ်တယ်လေ. . . အန်တီစုပန်က သမီးဖေဖေကို ရှင်းဆက်ပြီး ဒီညနေ စေ့စပ်လိုက်ကြဖို့ပြောတယ်. . . သမီးက

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးနေတယ်တဲ့''

တွယ်တာ့မျက်လုံးတွေက ငြိမ်ကျသွားကာ တစ်နေရာတည်းကို ထွင်းဖောက်တော့မလို စိုက်ကြည့်နေ၏။

ဩော်. . . အန်တီစုပန်ရဲ့ အစီအမံကိုး။

ထင်ပါတယ်။

ဒါ. . . သူ့လက်ချက်ပဲလို့။

ကြည့်စမ်း. . . သူက ဖေဖေ့ကို သည်လောက်တောင် စည်းရုံးသိမ်းသွင်းထားနိုင်ပြီး ဖေဖေနဲ့ မေမေက သူ့စကားမှ သူ့စကား။

အန်တီစုပန်ကို လှမ်းကြည့်သည်။

လက်ညှိုးတည့်ညွှန်နှင့် စီမံနေလိုက်တာ။

ဒေါ်တွေ ဝုန်းခနဲရုန်းကြွလာ၏။

အန်တီစုပန်ရှိရာ ဖြုန်းခနဲရောက်သွားမိသည်။

''ဒေါ်စုပန်''

ခေါ်သံလေးက အေးစက်ပြတ်တောက်နေ၏။

တွယ်တာ့ကို သူမ မော့်ကြည့်မိသည်။

သမီးက် အမေတူလေ။ အရုပ်က ခပ်မြင့်မြင့်။ အမေကမော့်ကြည့်ရတဲ့ သမီး။



သမီးမျက်လုံးထဲမှာ နာကြည်း ခါးသီးရိပ်တွေမြင်ရသည်။

မေမေ့ကို သည်လို စိတ်နာသလိုတော့ မကြည့်ပါနဲ့ သမီးရယ်. . .

ရင်ထဲမှာ တောင်းပန်ဖြစ်သည်။

မေမေ စိတ်မချလွန်းလို့ပါ။ မေမေ စိတ်မချလွန်းလို့ စီစဉ်လိုက်တာ။

အကြောင်းစုံ ရှင်းပြဖို့ကျတော့လည်း အခြေအနေက မပေးပြန်ဘူး။

မေမေ့ကို နားလည်ပါ သမီးလေးရယ်။

''ရှင်ပဲ သတို့သမီးလုပ်လိုက်ပါလား. . . ဒီလောက် စိတ်ပါလက်ပါ ဖြစ်နေရင်''

တွယ်တာက အရိုင်းစိုင်းဆုံး အကြမ်းတမ်းဆုံး ပြောချသည်။

''ရှင်နဲ့ ဦးဘမြင့်ပဲ ယူလိုက်ဖို့ကောင်းတယ် သိလား''

''သမီး''

''ဒီလောက် တက်ကြွနေကြတာ ရှင်တို့ ပြောင်ပြောင်တင်းတင်း ယူလိုက်ကြဖို့ ကောင်းတယ်. . . ကျွန်မကို ခုတုံး

www.burmeseclassic.com



လုက်စရာမလိုဘူး''

''တွယ်တာ''

''ရှင်တို့ ဘယ်လိုဆိုတာ သိတယ်. . . မပြောချင်လို့သာ''

ဒေါ်စုပန်က တွယ်တာ့ကို ငေးငေးတွေးတွေးကြီး ကြည့်လိုက်၏။

''ဘယ်လိုလို့ သမီးကထင်လို့လဲ''

''ရှင်တို့ လုံးထွေးနေတာ သိတယ်''

''တော်စမ်း သမီး''

''တော်မှာပါ. . . လူစုံတက်စုံ မင်္ဂလာချိန်ရောက်မှ ပြောမယ်''

''ဘာ''

''တွယ်တာ့အကြောင်း သိစေရမယ်. . . အန်တီမြင့် သိအောင်ကို လုပ်ပြမယ် သိလား. . . လုပ်ပြမယ်''

''ဘာကိုသိအောင်လဲ. . . ဘာအကြောင်းလဲ''

''ရှင်တို့ညားနေတဲ့ အကြောင်းပေါ့''

''တွယ်တာ''

ဒေါ်စုပန်က တွယ်တာ့ လက်မောင်းစွန်းကို ဖမ်းဆုပ်



လိုက်၏။

''မမိုက်ရိုင်းချင်နဲ့''

''မှန်တာပြောရင် နာမှာပေါ့''

အန်တီစုပန်က တွယ်တာ့နားရွက်ကို ဆွဲလိမ်သည်။ လက်မောင်းတွေ ကျောတွေ တင်ပါးတွေကို မြင်မြင်ရာ ရိုက်ပစ်သည်။ ထုပစ်သည်။

''ဟဲ့. . . ဟဲ့. . . စုပန်. . . စုပန်. . . တော်ပါတော့. . . ဘယ့်နှယ်ဖြစ်တာတုံး''

မေမေတို့အားလုံး ဝိုင်းအုံလာ၏။

မေမေက အန်တီစုပန်ကို အတင်းဝင်ဆွဲသည်။ ကြီးစုကလည်း လက်တကာကာနှင့် ဘာပြောလို့ ဘာလုပ်ပေးရမှန်း မသိဖြစ်နေ၏။

''ကလေးကို ချော့မှပေါ့. . . စိတ်ထိန်းပါကွယ်. . . အခု လူကြီးတွေစီမံတာလဲ နာခံသားပဲဟာ. . . တွယ်တာလေးက လိမ္မာပါတယ်''

''သွား. . . မိုက်ရိုင်းလွန်းတဲ့ မိန်းကလေး. . . မျက်စိရှေ့ကခေါ်သွားစမ်းပါ. . . ကျွန်မရိုက်မိရင် နာတော့မယ်. . . ကြီးစု ခေါ်သွားစမ်း သူ့ကို. . . ရဲကြီးမှာမကြောက်တဲ့ဟာမ

www.burmeseclassic.com

www.burmeseclassic.com



လေး''

ဒေါ်စုပန် အရမ်းဒေါသဖြစ်တာကို ကျေနပ်သည်။

ထိအောင် ပြောလိုက်နိုင်တာ ပီတိဖြစ်စရာ။ တွယ်တာ့ ကို တအားဆွဲလွဲပြီး ပိတ်ချလိုက်တာတော့ အံ့ဩသည်။ ယုံကို မယုံနိုင်ပါ။

တွယ်တာ့ကိုများ သူထိန်းကျောင်းလာရတဲ့ ပေါက်စန လေးမှတ်နေသလားပဲ။ ဟိန်းလိုက် ဟောက်လိုက်တာ ရစရာ ကိုမရှိ။

ကြီးစုက ပြူးကြောင်ကြောင်လေးရပ်နေသော တွယ်တာ့ ကို. . .

''လာ. . . လာ''

ဟု မရမက ဖွတ်ခေါ်၏။

အပေါ်ထပ်ပြန်ရောက်တော့ ကြီးစုလက်ကို ဆွဲဖယ်မိ သည်။

''သမီး. . . အဝတ်အစားလဲလေ''

''မလဲပါဘူး''

''သမီးရယ်''

ကြီးစုက ဟင်းခနဲ သက်ပြင်းချကာ မျက်နှာမှိုင်မှိုင်နှင့်



ထိုင်ချ၏။

မေမေက တွယ်တာ့အခန်းထဲဝင်လာပြီး တွယ်တာ့ကို သေချာကြည့်၏။

''သမီး. . . ဘာအရောင်ဝတ်မလဲ. . . မေမေ ရွေးပေး မယ် ပြော''

''မလဲပါဘူး''

''ဘယ်ဟုတ်မလဲ. . . အဝတ်အစားလဲရမယ်''

''မေမေ''

မေမေက တွယ်တာ့ကို စိတ်ပျက်သလိုကြည့်၏။

''ဒုက္ခမပေးပါနဲ့ သမီးရယ်. . . မေမေ မူးနောက်နောက် ဖြစ်လာပြီ. . . နည်းနည်းပါးပါး လူကြီးဆန်ပါလား''

''သမီး. . . ညီညီဘမြင့်နဲ့ မယူချင်ပါဘူး''

''အစတုန်းက သမီးလက်ခံထားတယ်လေ''

''ဟုတ်ပါတယ်. . . သမီးနဲ့သူ တည့်မှာမဟုတ်ပါဘူး''

''သမီးရယ်. . . သေချာဆုံးဖြတ်ထားရင်လဲ ကြိုကြို တင်တင်ပြောရောပေါ့. . . ဖေဖေ မေမေတို့သိထားရအောင်. . . ခုကိစ္စက သမီး ကျေနပ်တယ်ပဲထင်တာ. . . မေမေတို့ ဖွင့်စဉ် တာမဟုတ်ဘူးနော်''

www.burmeseclassic.com

www.burmeseclassic.com



"အလောသုံးဆယ်ဖြစ်လာမယ် မထင်လို့ မပြောသေးတာ"

"ခက်ပါလားကွယ်. . . ခုမှတော့ ဘာမှလုပ်လို့မရတော့ဘူး"

"ဟင့်အင်း. . . သမီး လက်မခံပါရစေနဲ့"

မေမေက တွယ်တာ့ကို အလိုလိုက်နေကြမို့ မရနိုင်မှန်းသိလည်း ဖွတ်ပူဆာနေမိသည်။

သည်အနေအထားရောက်မှ မေမေက ဘယ်လိုမှရှစ်သိမ်းမှာ မဟုတ်တော့ပါ။

အန်တီစုပန်ကဆို ပိုတောင်ဆိုးသေးသည်။ သူက ညီညီဘမြင့်တို့ဘက်က လုံးလုံးပါနေတော့တာ။

"မေမေရယ်. . . သမီး လုံးဝမယူချင်ဘူး"

မေမေ တွေတွေဝေဝေဖြစ်နေတော့ တွယ်တာ အားတက်လာ၏။

"မဖြစ်နိုင်တော့ဘူး သမီးရယ်"

"မယူဘူး. . . သမီး သူ့ကို လုံးဝမယူဘူး"

ခုမှပဲ မျက်ရည်က ပိုးပိုးပေါက်ပေါက် ကျသည်။ ထိန်းလို့မရတော့ပေ။



"မေမေ စိတ်ညစ်အောင်မလုပ်ပါနဲ့ သမီးလေးရယ်"

မေမေက တယုတယ မျက်ရည်တွေသုတ်ပေး၏။

တဖွဖွလည်း နားဝင်အောင်ရှင်းပြသည်။ မေမေ့ကိုကြည့်ပြီး တွယ်တာ သနားလာ၏။

"ပြီးရော. . . ပြီးရော. . . တွယ်တာ အဝတ်အစားလဲပြီး ဆင်းလာခဲ့မယ်"

မျက်ရည်တွေသုတ် ဖလုံးဖထွေးဆိုရင်း အိပ်ရာပေါ်လှဲချ၏။

ရင်ထဲမှာ ဒေါ်စုပန်ကို နာကြည်းလှပါသည်။ မျက်ရှုလှပါသည်။ ခါးသီးလှပါသည်။

အမုန်းတွေ အငြိုးတွေပွားလာ၏။ ဒေါသတွေ ခံပြင်းမှုတွေက တလိပ်လိပ် တဖွားဖွား။

"ကြီးစု"

အနားမှာ ငုတ်တုတ်ထိုင်နေသော ကြီးစုက ဟင်. . . ထူးရင်း သူမဆီကို ပြေးလာ၏။

"ဟိုတစ်နေ့ကမှ ဝယ်လာတဲ့ ဖာအင်္ကျီလက်ရှည်အနက်လေး သိလား"

"ဘယ်အင်္ကျီလေးလဲ သမီး"

www.burmeseclassic.com

www.burmeseclassic.com



"လက်နဲ့ ရင်ဘတ်တို့ ကျောတို့မှာ ဖာပါးပါးလေးတွေ ပါတဲ့ ဂါဝန်အရှည်ကြီးလေ. . . အောက်ဘက်မှာ ကားကားဖားဖားလေး"

"အင်း. . . သိပြီ. . . အဲဒါလေး ဝတ်မလို့လား"

"ဟုတ်တယ်"

"လှတယ်. . . လှတယ်. . . ယူပေးမယ်နော်"

စိတ်ပါလက်ပါ လှမ်းသွားပြီးမှ. . .

"ဟင်. . . အမည်းရောင်ကြီး. . . အနက်ရောင် မဝတ်ပါနဲ့သမီးရယ်. . . ဒါ သမီးရဲ့ လူကြီးချင်းစေ့စပ်တဲ့ပွဲ. . . မင်္ဂလာပွဲပဲ"

"ဒါပဲ ဝတ်မယ်"

"အင်း. . . သဘော သဘော"

တစ်ကိုယ်လုံး အနက်ရောင်ပဲဝတ်ဖို့ စိတ်ကူးမိသည်။ ဖိနပ်ကိုလည်း ခပ်မြင့်မြင့် အနက်ရောင်။ မှတ်ရော။

တွယ်တာမှ မကျေနပ်တာ။

"သမီးက သိပ်လှတယ်ကွယ်"

ကြီးစုက ချီးမွမ်းတာကို တွယ်တာက နှုတ်ခမ်းလေးစူသည်။



ဂါဝန်လေးက ရှည်ရှည်ပါးပါး လွင့်လွင့် မျောမျောကလေး။

လက်တစ်လျှောက်လုံးရော၊ လည်တိုင်တစ်လျှောက်ရော၊ ကျောပြင်တစ်ဝက်လောက်ပါ ဖာပါးပါး ပျော့ပျော့လေး ချုပ်ထားတာမို့ ဖြူဝင်းသောအသားကို ထွင်းဖောက်မြင်နေရ၏။

"တကယ်လှပါတယ်ကွယ်. . . ကြီးစု ကြည့်မဝဘူး"

နှုတ်ခမ်းနီလေးဆိုးရင်း တွယ်တာ မချိတရိပြုး၏။

တွယ်တာက ဖိနပ်လေးစီးပြီး လှေကားမှဆင်းဖို့ပြင်သည်။

"သမီးလေး. . . အို. . . လှလိုက်တာ"

မေမေနှင့် လှေကားတစ်ဝက်မှာ ဆုံ၏။

မေမေ့လက်ထဲမှာ ကတ္တီပါဘူး အနီရောင်တစ်ခုကိုင်ထားသည်။

"လာဦး သမီးရဲ့. . . ဒါလေးတွေ ဝတ်ရအောင်"

တွယ်တာ၏ အနက်ရောင်ရွှေးချယ်မှုကို မေမေက ဘာတစ်ခွန်းမှ မဝေဖန်။ အပြစ်လည်းမတင်။ သူမကို မှန်တင်ခုံမှာ ထိုင်စေပြီး ပြိုးပြိုးပြက်ပြက်လက်နေသော ဖိတ်တောက်သောက် စိန်တစ်ဆင်စာကို ဆင်ပေး၏။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သာနေရတာ အဲဒါတွေ မဝတ်ချင်ပါ။

''အင်း. . . ခုမှ ပြည့်စုံသွားတော့တယ်''

ကြီးစုက တငေးငေးတမောမော ကြည့်မဝအောင်ဖြစ်နေတာ။

''ကြီးစုရေ. . . ဒေါ်စုပန်ကော မတွေ့ပါလား''

''ဟိုဘက်ခြံကို သွားဖိတ်တယ်ပြောတာပဲ''

''ဟင်. . .''

တွယ်တာ လည်ပင်းလေး မတ်သွား၏။

''ဘယ်ခြံလဲ ကြီးစု''

''ဟိုဘက်က သမီး သူငယ်ချင်းလေးရှိတဲ့ ခြံလေ''

''ဟာ. . . အန်တီစုပန် မဟုတ်သေးဘူးနော် မေမေ. . . သမီးမကြိုက်ဘူး. . . သူ ဘာဖြစ်နေတာလဲ. . . နောက်မှ သမီးအဆိုးမဆိုနဲ့နော်''

''လွှတ်ထားလိုက်ပါ သမီးရယ်''

''ကိုနိုင်စွမ်းကိုများ ဘီလူးသဘက်လို လုပ်နေတယ်. . . ဟိုက လူကောင်းသူကောင်း. . . အဲဒီမိန်းမကြီးသာ ဘီလူးစီးနေတာ''

''သမီးရယ်. . . ငရဲကြီးတော့မယ်''



''ကြီးပါစေ''

မေမေက တွယ်တာ့လက်ကလေးဆွဲခေါ်ပြီး ဆင်းစေ၏။

ဧည့်သည်တွေအများကြီးကြားထဲ အန်တီစုပန်ကို သူမ မျက်လုံးလေးနှင့် ရှာကြည့်မိသည်။

လုံးဝမတွေ့ပါ။ ဘယ်သွားနေမှန်းကို မသိ။

ညီညီဘမြင့်က ခုံတစ်လုံး ထောင့်ကပ်ပြီး ခပ်အေးအေးထိုင်နေ၏။

တွယ်တာ ဆင်းလာတာကို သက်သောင့်သက်သာပဲ လှမ်းကြည့်နေပါသည်။

သူ့ကြည့်ရတာလည်း တအံ့တသြဖြစ်နေပုံ။

ရုတ်တရက် ညီညီဘမြင့် သူ့ဆီလျှောက်လာတော့ သူမ မျက်နှာလွှဲနေမိပါသည်။

စကားမှ မပြောချင်တာဘဲလေ။

မေမေက မသိမသာမဟုတ်ဘဲ သိသိသာသာပင် ညီညီနှင့်ထားရစ်ကာ ထွက်သွား၏။

ဂါဝန်အနက်စိုစိုလေးနှင့် တလွင့်လွင့်လှနေသော သတို့သမီးလေးကို သူ့ရင်ထဲမှာ မြတ်နိုးနေပါသည်။

သို့ပေမယ့် အခြေအနေအရပ်ရပ်ကို နားမလည်ပါ။

www.burmeseclassic.com

www.burmeseclassic.com



''သား အခုချက်ချင်း ပြန်လာခဲ့''

ဟု ဖုန်းနှင့်ခေါ်ပြီး အိမ်ရောက်တော့ အလျင်စလို အဝတ်အစားလဲကာ ကားပေါ်ရောက်မှ သွားမည့်ခရီးကို သိရသည်။

''သားတို့ စေ့စပ်ပွဲကို ဒီညနေပဲ အားချင်းစီစဉ်လိုက်တယ်. . . တအားရင်းနှီးတဲ့ မိတ်ဆွေတချို့ရယ်. . . ဆွေမျိုးတချို့ရယ်ပေါ့ကွာ''

ဖေဖေ ရှင်းပြမှုမှာ သူ့အတွက် မယုံနိုင်စရာ။

ဘာအကြောင်းကြောင့် ဘယ်လိုအစီအစဉ်ဖြင့် လုပ်မှန်းမသိသော်လည်း သူ ပျော်မိတာတော့ တကယ်ပါ။

တစိမ့်စိမ့်တွေးပြီး ဝမ်းသာချိန်ပင်မရ၊ ခုသိရ ခုလက်တွေ့ရင်ဆိုင်။

''ဖေဖေရာ စောစောပြောပါတော့လား''

''အင်း. . . ဒေါ်စုပန်က ဒီညနေပဲလုပ်ဖို့ အကြံပေးတာနဲ့''

''အန်တီစုပန်က တွယ်တာ့ကို ချစ်ပုံပဲ''

''အင်း''

အဲသည်စကားကို ဖေဖေက ဘာတစ်ခုမှ ထပ်မဆက်။ ဘာလို့မဆက်တာလဲ သူ သိချင်လာမိသည်။



ဟိုးကတည်းက မသင်္ကာခဲ့တာ အမှန်။ ကိုကို ကော်ဖီဝိုင်းမှာ မေးလိုက်ကတည်းက ဆိုပါတော့။

ပြီးတော့ တွယ်တာနှင့် ဖေဖေ့မိတ်ဆွေသားကလည်း သိကျွမ်းသွားပြီဆိုပဲ။

လူကြီးတွေ စိုးရိမ်စိတ်နဲ့ လုပ်လိုက်တာပေမယ့် ကြားထဲက ကိုယ့်အတွက် ပျော်ရွှင်စရာ ဖြစ်ခဲ့ရတယ်။

မင်းကို လက်ထပ်ချင်ပါပြီလို့ လူကြီးတွေကို မပူဆာချင်ဘူး။

မင်းကိုလည်း အောက်ကျနောက်ကျ လာမပြောချင်ပါဘူး။ ဘာလို့လဲဆိုတော့ မင်းဟာ မာနကြီးကြီး ဘဝင်မြင့်မြင့် မိန်းမတစ်ယောက်။

ကိုယ့်ကို လှောင်ပြောင်သရော်မယ့် မျက်လုံးတစ်စုံကို ကိုယ်လန့်နေတယ်။

မင်းရှေ့မှာ ဒူးထောက်ရင် မင်း ရောင့်တက်သွားမှာ သေချာတယ်။

အသာကလေး မေ့နေလည်း ကိုယ့်ရင်ခွင်ထဲ သူ့အလိုလို ရောက်လာမယ့် ကောင်မလေးကို ကိုယ့်ဘက်က ဘာမှ ပင်ပန်းခံချစ်ပြဖို့ မကြိုးစားဘဲနေလိုက်တာ ကိုယ် အတ္တကြီးတာ

www.burmeseclassic.com

www.burmeseclassic.com



လား။

မင်းလေးက သိပ်ခေါင်းမာပြီး သိပ်အနိုင်ယူချင်တာ မင်းကို အလျှော့ပေးလို့မဖြစ်တာ ကိုယ် သိနေတယ်လေ။

အဲသည့်အတွက် ကိုယ့်ကို ခွင့်လွှတ်ပါ။

ဂရုစိုက်ပြရင် မင်း -မိုးပေါ်ရောက်သွားမှာ။

တယုတယလုပ်ရင် မင်း နိုင်ချင်တိုင်း နိုင်တော့မှာ မင်းကိုကြောက်လို့ ခပ်တင်းတင်းနေခဲ့တာပါ။

တကယ်တော့...

မင်းကို ဟိုးတစ်ခါ ပထမဆုံးအကြိမ် မြင်ဖူးကတည်းက ချစ်ခဲ့တာပါ။

လူကြီးမိဘတွေက ချစ်ရမယ်ဆိုလို့ ချစ်လိုက်တဲ့ အချစ်မျိုးမဟုတ်တာ မင်း နားလည်မှာပါ။

နောက်တော့ တဖြည်းဖြည်း သိလာမှာပါ။

သူမရှေ့မှာ ခြေစုံရပ်ပြီး သူ စကားမဆိုဖြစ်သေးပါ။

"တွယ်တာ"

သူမက မသိမသာ မျက်နှာလွှဲနေ၏။

"လာလေ... ခြံထဲဆင်းရအောင်"

လူကြီးတွေမစုံသေးလို့ စောင့်နေတာလားဘာလားတော့



မသိပါ။

ဧည့်ခန်းမှာ ဧည့်သည်တွေက လှုပ်လှုပ်ရှရှ။ အုပ်စုဖွဲ့ စကားဆိုသူကဆို၊ ဟိုငေးသည်ငေး ငေးသူကငေး။ အလုပ်လုပ်စရာရှိတဲ့ တာဝန်နဲ့လူတွေကလည်း ဟိုပြောသည်ပြော၊ ဟိုအော်သည်အော် အားလုံးပဲ ဆူညံလို့နေသည်။

"ဒီမှာ ဧည့်သည်တွေများနေတယ်... ခြံထဲမှာက နည်းနည်းရှင်းတယ်"

"ဟင့်အင်း... အပေါ်ပဲ ပြန်တက်တော့မယ်"

သူကပါ တွယ်တာနှင့်အတူ လှေကားတက်ဖို့ပြင်သည်။

"ရှင်က ဘယ်လဲ"

"တွယ်တာ့ဘေးမှာ ကျွန်တော် ရှိသင့်တယ်လေ"

"ဟွန့်... ရှုပ်နေတာပဲ... ဘေးနားမှာ နေပါလို့ လူကြီးတွေက တာဝန်ပေးထားလဲ အောက်ထပ်ပြန်ဆင်းလာမှပဲ နေပါနော်... ကျွန်မအခန်းထဲအထိ လိုက်ပါစောင့်ရှောက်ရအောင် ရှင်နဲ့ကျွန်မက လင်မယားလဲမဟုတ်သေးဘူး... သတိထားဦး"

သူမက လိုတာထက် ပိုမာကျောနေသည်။ ရင့်သီးလွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မျက်စောင်းရှယ်ပြီး အပေါ်ထပ်တက်သွား[illegible]

အဲဒါကြောင့် မင်းကို ငါ မညှာမတာပြောပစ်ချင်တာ[illegible] တွယ်တာ။

မင်း အရမ်းလူပါးဝတယ်ကွာ။ မုန်းတယ်။ မင်းကို ငါ[illegible] မုန်းမိတော့မယ်။ မင်း မလွယ်ဘူး။

ညီညီ့နှုတ်ခမ်းတွေ အလိုလိုပြုံးလာမိ၏။

အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင်တော့ ယောကျ်ားစိတ်[illegible] ရှိတဲ့ယောကျ်ားမို့ အတွေးထဲမှာ ရွှာလွန်းသော နှုတ်ခမ်းလေး[illegible] တစ်စုံကို အကြိမ်ကြိမ် ဒဏ်ခတ်မိပြီးသားပါ။

မင်း ကိုယ်နဲ့ စေ့စပ်ပြီးမှ သိပ်ရန်လိုနေရင်တော့ ကိုယ်[illegible] ရဲရဲတင်းတင်းပဲ အပြစ်ပေးမိတော့မယ်။

ဃ ဃ ဃ



## အခန်း (၂၀)

အခန်းတံခါးလာခေါက်တော့. . .

''ဘယ်သူလဲ''

ဟု ရှာသောင်လောင်ပဲ မေးမိသည်။

မတော်တဆ ဟိုလူတက်လာမှာစိုးသည်။

တွယ်တာက ပြေပြေလည်လည်ပြောခဲ့တာ မဟုတ်။

မကျေနပ်ဘဲ တက်လာချင် တက်လာမှာ။

သူ့ကိုကော အပေါ်မတက်ရလို့ ဘယ်သူက[illegible]မှာလဲ။

ရှင် သိပ်ကဲကောင်းနေပါလား။

www.burmeseclassic.com



တွယ်တာ တအားမုန်းလာမိသည်။

သူက အထက်စီးကနေ ခပ်ပြုံးပြုံး ခပ်မော့မော့။ ကြည့်မရချင်စရာ။

အင်းလေ...သူ ဘာတစ်ခုမှ ကြိုးစားစရာမှမလိုဘဲ တွယ်တာ့ကို ပိုင်ဆိုင်ရမှ သူ ဘဝင်မြင့်မယ်ဆိုလည်း မြင့်လောက်ပါရဲ့။

ဒါပေမယ့် ရှင် မြဲမြဲမှတ်ထား။

ကျွန်မရှေ့မှာ မာနချပြီး ချစ်ခွင့်မပန်သရွေ့ ရှင့်ကို ကျွန်မ မချစ်ဘူး။ ရှင့်အပေါ် ပြေပြေလည်လည် မဆက်ဆံဘူး။

ကျွန်မဆီက နူးညံ့ကြင်နာမှုဆိုတာ မပေးဘူး။

ရှင်က လွယ်လွယ်တွက်နေတာကိုး။

ရယ်တောင် ရယ်ချင်သေး။ ရမလားလို့။

"တွယ်တာရေ"

ဟောတော့...လှဲ့ ခေါ်နေပါလား။

တံခါးကိုထုပြီး ခေါ်နေတာက လှဲ့။

တွယ်တာ ကမန်းကတန်း တံခါးသွားဖွင့်ပေးသည်။

"ဘာလုပ်နေတာလဲ"

"ထိုင်နေတာ"



"တွယ်တာ့မေမေ ခေါ်ခိုင်းတယ်"

"အင်းပါ"

တွယ်တာက လှဲ့ လက်မောင်းကိုတွဲပြီး ဆင်းလာခဲ့သည်တစ်ခါတော့ အားလုံးနေရာတကျ။ ပြီးတော့ တိတ်ဆိတ်နေသည်။

"ဟိုမှာ သွားထိုင်"

တွယ်တာ့အတွက်နေရာက ညီညီဘမြင့်ဘေးမှာ။

ညီညီ့ သူငယ်ချင်းတစ်ယောက်က ဓာတ်ပုံတဖျပ်ဖျပ်ရိုက်သည်။

သူတို့ဘက်မှ လူကြီးတစ်ဦးနှင့် တွယ်တာတို့ဘက်မှ လူကြီးတစ်ဦးတစ်ယောက်တစ်လှည့် ပြောကြပါသည်။

တွယ်တာ ခေါင်းငုံ့ငြိမ်သက်နေ၏။

"တွယ်တာ"

"ဘာလဲ"

သူ ခပ်တိုးတိုးခေါ်တာကို ဘုဆတ်ဆတ်ထူးမိ၏။

"ဘာလို့ အနက်ရောင်ဝတ်တာလဲ"

"ကြိုက်လို့"

"အနက်ရောင်ကို မရွေးသင့်ဘူး...မသိဘူးလားကွာ"

www.burmeseclassic.com

www.burmeseclassic.com



"တွယ်တာ ကြိုက်ဖို့ အရေးကြီးတယ်"

"စောစောတုန်းက သတိမထားမိဘူး...အခု လှေကားက ဆင်းလာမှ လှမ်းကြည့်ပြီး တွေ့မိတာ"

သူက ခပ်သဲ့သဲ့ရယ်သည်။

"စောစောက အပျော်လွန်ပြီး ဘာမှမမြင်ဘူး"

"သွားစမ်းပါ...သေလိုက်ပါလား"

တွယ်တာက ဝုန်းခနဲမတ်တပ်ရပ်လိုက်တော့ သူ လန့်သွားသည်။

"လူကြီးတွေစီမံတာ နားထောင်ပြီး လက်ခံတာအဟုတ်ထင်မနေနဲ့...ရှင့်ကို ကြည့်လို့ကိုမရဘူး...အပြက်အချော်စကားတွေ လာမပြောနဲ့...သည်းမခံနိုင်ဘူး"

လက်ညှိုးလေးထိုးကာ အားပါးတရပြောမိ၏။

သည့်လို ချဲပစ်ချင်တာ ကြာပြီ။

စကားတွေက ရင်ထဲအောင့်ထားရလွန်းတော့ မဆံ့ချင်တော့။

သူက ပါးစပ်အဟောင်းသားနှင့် ကြောင်နေ၏။

"တွယ်တာ...တိတ်စမ်း"

အရင်ဆုံး ဝေါက်လိုက်သံက အန်တီစုပန်ဆီက။



"သမီး..."

နောက်ဆက်တွဲ မေမေ့ ဟန့်တားသံ။

တွယ်တာ အံကလေးကြိတ်ပြီး ဝုန်းခနဲ ပြန်ထိုင်ချသည်။

"ကြမ်းလှချည်လား...ဖြည်းဖြည်းဆေးဆေးပေါ့"

မျက်စောင်းအကြိမ်ကြိမ်ရွယ်ပေမယ့် ဒေါသကမပျောက်။

ဘယ်ပျောက်ပါ့မလဲ...ထုနှင့်ထည်နှင့် အုံဖွဲ့နေတာ။

ကြာပြီလေ...ကြာလှပြီ။ ပေါက်ကွဲဖို့ အချိန်ယူနေတာ။

ပျစ်ပျစ်နှစ်နှစ်ပြောပစ်ချင်သည်။ ရစရာမရှိအောင် နှိမ်ချိုးပစ်ချင်ပါသည်။

သူ တွယ်တာ့ကိုပြောခဲ့တာ ကောင်းသလား။

တွယ်တာက ညီညီ့ဘက်ကို မျက်လုံးရွှေ့ကြည့်၏။

ညီညီက သူမဘက် သိသိသာသာ လှည့်ကြည့်သည်။

ပြီးတော့ သူမလက်ဖျားလေးကို ဖျတ်ခနဲဆွဲယူပြီး ဆုပ်ထားလိုက်၏။

ရုတ်တရက်မို့ သူမအဖို့ ရှောင်ချိန် ရုန်းချိန် မရလိုက်ပါ။

သူမက ဆတ်ခနဲတုန်သွားပြီး ရုန်းရခက် ယှုန်းရခက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွား၏။

ပိုင်နိုင်တင်းကျပ်သော သူ့ ဆုပ်ကိုင်မှုမှာ ရုန်းလို့လည်း အလွယ်တကူ လွတ်မှာမဟုတ်။

အကြမ်းပတမ်းရုန်းလျှင် အားလုံးသိကြတော့မှာ။ ငြိမ်နေပြန်တော့လည်း သူက ဘယ်အချိန်ထိ ဆုပ်ထားမယ်မှန်း မသိပါ။

သက်သက်ကျောတာဟု နားလည်မိရင်း အကြီးအကျယ် စိတ်ဆိုးသည်။ ဘာမှလုပ်ခွင့်မရတော့ မျက်ရည်က အိခနဲ စိမ့်လာ၏။

သူ ကလဲ့စားပြန်ချေတာ သိသည်။ ခုနတုန်းက သူ့ကို အော်လို့။

ညီညီဘမြင့် ကျေနပ်စွာပြုံးရင်း သူမကို မျက်ခုံးပင့်ပြမိသည်။

ဘယ့်နှယ်ရှိစ။

မင်းရဲ့ စောစောက အပြုအမူအတွက် ကိုယ့်တုံ့ပြန်မှု။ မင်းမှတ်ထား. . . ညီညီဘမြင့်ဆိုတာ ဒါမျိုးမရဘူးလေ။ သိပြီလား။

သူမက မျက်လွှာချပြီး ငြိမ်သွား၏။ သူ ဆုပ်ထားသော



လက်ကိုမရုန်း။

"သမီး တွယ်တာ"

အန်တီစုပန်းက ညှို့သည့်တွေနှင့် ပြောလက်စကိုရပ်ကာ လှမ်းကြည့်ပြီး မျက်မှောင်ကုတ်ကာ ခေါ်လိုက်ခြင်းပင်။

တွယ်တာ မော့မကြည့်ပါ။ မျက်ရည်ဝဲနေပြီဆိုတာ ကိုယ့်ဘာသာ သိသည်။

မျက်တောင်တွေကို တဖျပ်ဖျပ်ခတ်ပစ်၏။

"တွယ်တာ"

အန်တီစုပန်းက ချက်ချင်းပဲ တွယ်တာ့ဘေး လာရပ်သည်။

"လာ. . . သမီး လာ. . . ဟိုဘက်က ညှို့သည့်တွေနဲ့ မိတ်ဆက်ပေးမယ်"

တွယ်တာ့ကိုခေါ်ထုတ်၏။ ညီညီဘမြင့် မတတ်သာဘဲ လွှတ်ပေးလိုက်ရသည်။

အစကတည်းကလည်း လက်ဖျား၊ လေးကို သနားစိတ်နဲ့ လွှတ်ပေးလိုက်တော့မလို့ပါပဲ။ အနိုင်ယူချင်စိတ်က သူ့ခိုင်ထဲ ခဏပဲ ခိုအောင်းပါသည်။

အန်တီစုပန်းက သူ့ကိုတစ်ချက်ကြည့်ပြီး သူဆုပ်ကိုင်

www.burmeseclassic.com



ထားသော တွယ်တာ့လက်ကလေးဆီ အကြည့်ရောက်ကာ မျက်နှာက တစ်မျိုးဖြစ်၏။

အကြည့်တွေက အဓိပ္ပာယ်များစွာ ပါသည်။

မင်း အမြတ်တနိုးရှိလို့ဆိုရင် မတားပါဘူး။

အနိုင်ရဖို့ တွယ်တာ စိတ်ရှုပ်အောင်လုပ်တာဆိုရင် မကြိုက်ဘူး။ ဒါမျိုးမလုပ်ပါနဲ့ဆိုတာကို မျက်လုံးနှင့်ပြောလိုက်သလို အလိုအလျောက် နားလည်ရပါသည်။

"ရှင့်ကို မကျေနပ်ဘူး သိလား"

အသံအက်အက်ကလေးက ဝမ်းနည်းကြေကွဲနေပုံ။

ညီဘမြင့် နောင်တရလိုက်မိ၏။

ဘာင်းပန်ဖို့ ပြန်ချော့ဖို့ အချိန်တော့မရပါ။ အန်တီစုပန်က တစ်ပါတည်းခေါ်သွားခဲ့ပြီ။

"အပေါ်ထပ်တက်ပြီး နားတော့"

လှေကားရင်း ရောက်တော့မှ သူမကိုထားရစ်ကာ အန်တီစုပန် ပြန်လှည့်သွား၏။

တွယ်တာ ကိုယ်လေးလိမ်အောင်လှည့်လာပြီး အန်တီစုပန်နောက်ကျောကို သေချာလိုက်ကြည့်သည်။

ခြေထောက်တွေက လှေကားတက်မပျက်။



ဘယ်လိုမှ နားမလည်နိုင်တော့ပါ။

တွယ်တာ့ကို စက္ကန့်မလပ် ဂရုစိုက်နိုင်သူ။ လိုအပ်တာမှန်သမျှ ပြောစရာမလိုဘဲ သိနေသူ။ တွယ်တာ့အတွက် စိုးရိမ်သောက များတတ်သူ။ တစ်ခုခုဖြစ်သွားမလားလို့ တထင့်ထင့်ပူပန်တတ်သူ။

သူ ဘာလို့များ ညီညီဘမြင့်လက်ထဲကို အမြန်ထည့်ပေးချင်တာလဲ။ ညီညီဘမြင့် အနိုင်ပိုင်း လုပါးဝတတ်တာ ခုဆို လက်တွေ့။

နားမလည်ဘူး အန်တီစုပန်ရယ်။

ချစ်တာလား။ မုန်းတာလား။ ဘာလဲ။ ဘာကိုလက်ခံရမလဲ။

ကိုနိုင်စွမ်းကိုကျတော့ ခါးသီးလွန်းလိုက်တာ။

"အမယ်လေး"

လှေကားထစ်ကို ခလုတ်တိုက်ပြီး မှောက်လျက်လဲတော့ အလန့်တကြား အော်မိ၏။ ခြေထောက်က အသည်းစွဲအောင် နာသွား၏။

စိုးရိမ်တကြီး တက်လာသူတွေထဲမှာ အရင်ဦးဆုံး ရှေ့ဆုံးမှာရှိနေတာ အန်တီစုပန်ပဲ ဖြစ်မှာပါ။

www.burmeseclassic.com

www.burmeseclassic.com



တွယ်တာ ခေါင်းငုံ့ထားရင်း စိတ်ကူးနှင့်မှန်းကြည့်မိ၏။

''အာ. . . နာလိုက်တာ. . . ကျွတ်. . . ကျွတ်''

ခပ်ဖြည်းဖြည်း လှည့်ကြည့်တော့ အန်တီစုပန် အရိပ်က အနီးဆုံးမှာ အရှေ့ဆုံးမှာ စိုးရိမ်တကြီး။

တွယ်တာ မဲ့မဲ့ကလေးပြုံးမိ၏။

ပြီးတော့ အန်တီစုပန်သည် လက်ကလေးတစ်ဖက် ဆန့်တန်းပေးသည်။

''ခြေထောက်ကနာတယ်. . . အရမ်းနာတယ်. . . ဟင့်. . . ဟင့်''

အန်တီစုပန်က တွယ်တာ့ကိုယ်လေးကို ပွေ့ပြီး ထခေါ်၏။

အားလုံးစိုးရိမ်နေကြပေမယ့် တွယ်တာကတော့ မစိုးရိမ်ပါ။

တွယ်တာ့ရင်ထဲမှာ သိချင်တာတွေ ပြည့်မောက်လာ၏။

အန်တီစုပန် ဘယ်သူလဲ။

သူ ဘာလို့ တွယ်တာ့ကို သည်လောက်ချစ်သလဲ။

ကိုနိုင်စွမ်းနဲ့ ငြိသွားမှာ ဘာလို့ သေမလောက်စိုးရိမ်သလဲ။



ဦးဘမြင့်နဲ့ ဘယ်လိုပတ်သက်သလဲ။

အိုး. . . ဒါတွေဟာ သာမန်မဟုတ်ဘူး။

သူ တွယ်တာ့ကို တွယ်တာ မသိတာတစ်ခုတော့ရှိနေပါပြီ။

သေချာပါတယ်။

သူ တွယ်တာ့ကို နေ့လယ်ခင်းက နားရွက်ဆွဲပြီး ထုရိုက်ပုံဟာ သူ့သမီးသူ ပိုင်ပိုင်နိုင်နိုင် ဆုံးမသလိုမျိုး။

ဘုရား. . . ဘုရား

အမေသာဖြစ်နေရင်တော့ ငရဲကြီးပါပြီ။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

''ဖေဖေ''

''ဘာလဲ သား''

''ဖေဖေအားရင် သားနဲ့ခဏလောက် အပြင်ထွက်ပါလား''

''ဟေ''

ညီညီဘမြင့် ဖော်ပုံက ထူးဆန်းတော့ ဦးဘမြင့် ထူးဆန်းနေ၏။

''သား ဖေဖေနဲ့ အေးအေးဆေးဆေး စကားပြောချင်



လို့ပါ''

''အေးကွာ. . . ကောင်းသားပဲ''

ဖေဖေ့ကို သူ ကားထဲကစောင့်၏။ ဖေဖေက မကြာလိုက်ဘဲ ထွက်လာ၏။

''သားရေ. . . လူရှင်းတဲ့ဆိုင်''

''ဟုတ်ကဲ့ပါ ဖေဖေ''

သူနှင့်ဖေဖေ ဆန္ဒချင်းတူညီသည်။

''ဟိုတစ်နေ့က ခေ့စပ်ပွဲမှာ ဒေါ်စုပန်က ဟိုဘက်ခြံက လူကို သွားဖိတ်တယ်၊ အဲဒီလူမလာဘူး။ အဲဒါ ဖေဖေသိလား''

''သိပါတယ်''

''ဒေါ်စုပန်ဟာ တစ်မျိုးပဲဗျာ''

ဦးဘမြင့် ရယ်၏။

''သားနဲ့ အဆင်မပြေဘူးလား''

''ပြေတော့ ပြေပါတယ်. . . ဒါပေမယ့်. . .''

''ဒါပေမယ့် ဘာဖြစ်လဲသား. . . ဆိုစမ်းပါဦး''

''တွယ်တာအပေါ် သိပ်သည်းလွန်းတယ်''

''ချစ်လို့နေမှာပေါ့''

''အမေရင်းထက်တောင် ပိုသလားလို့''

www.burmeseclassic.com

www.burmeseclassic.com



''ဒါကတော့ကွာ. . .''

ညီညီဘမြင့်က ကားကို မီးပွိုင့်မိနေတာမို့ ရပ်ထား၏။

''သူက အမေရင်းဆိုတော့ ပိုချင်လဲ ပိုမှာပေါ့''

''ခင်ဗျာ''

ညီညီ မျက်နှာကြီးမော့ကာ အံ့သြမှု လွှန်ကဲသွားရသည်။

ထိမ်ချန်ထားသော မြှုပ်ကွယ်ထားသော ဇာတ်လမ်းတစ်ခုရှိနိုင်တာသိပေမယ့် ခုလိုကြီးတော့ မျှော်လင့်မထားခဲ့ပါ။

ဖေဖေကတော့ အေးအေးဆေးဆေးပဲ ပြောချလိုက်တာကြားလိုက်ရ၍ သူ့မှာတော့ ရင်ထဲတဒိန်းဒိန်း။

''သား. . . မီးစိမ်းနေပြီ''

''ဟုတ်''

သူ သတိလက်လွတ်ဖြစ်သွားပုံများ မီးပွိုင့်မှာ ကားရပ်ထားတာပင် မေ့နေမိသည့်အဖြစ်။

''ဖေဖေ''

''ကဲ. . . သားက ဘာသိချင်လဲ. . . မေး''

''တွယ်တာနဲ့သားက မလွှဲမသွေ ပတ်သက်ရတော့မယ့်လူတွေပါ. . . သားအပေါ်မှာ ဘာမှ ထိန်ချန်မထားပါနဲ့ သား သိပါရစေ. . . တွယ်တာနဲ့ ဆိုင်တာမှန်သမျှ သား သိထား



ချင်ပါတယ်''

''ဟုတ်တယ်၊ သား သိသင့်တယ်ထင်လို့လဲ ဖေဖေက အားလုံး ဖွင့်ပြောဖို့ ညည်ရှူးလိုက်တာ. . . ဒီကိစ္စကို သိတာဆိုလို့ ဖေဖေရယ်. . . အန်တီစုရယ်. . . တွယ်တာ့မိဘနှစ်ပါးရယ်ပဲ ရှိတယ်. . . ခုတော့ သားပါ တစ်ယောက်တိုးတာပြီပေါ့''

''သားစိတ်ဝင်စားပါတယ်. . . သိလဲသိထားချင်တယ်''

''ဒီလိုပါ သားရယ်''

သူနှင့် ဖေဖေ ကားရပ်ပြီး တိတ်ဆိတ်ရှင်းလင်းသော ဆိုင်တစ်ခုထဲသို့ ဝင်လာခဲ့ကြ၏။

တွယ်တာ့ကို စိတ်ဝင်စားမိပြီမို့ သူမကိစ္စမှန်သမျှကို သိထားတာမျိုးပဲ ဖြစ်ချင်ပါသည်။

သူမဘဝလေးကို သူမထက် ပိုပြီးပြည့်စုံအောင် သိထားရမှာကို သူ ကျေနပ်လွန်းပါသည်။

မင်းလေးဟာ မာနကြီးတာကလွဲရင် ချစ်စရာကောင်းတဲ့ မိန်းကလေးပါပဲ။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

ဟိုတုန်းကတော့ ခုလိုစိတ်ကူးမျိုး အတွေးထဲပင် မရောက်ခဲ့ပါ။

ခုတော့လည်း သာမန်ထက် ထူးကဲနေတာ တစ်ခုကို သတိပြုမိပါပြီ။ ဂရုစိုက်မိပါပြီ။

သည်တော့လည်း. . .

တစ်စွန်းတစ်စလေး မတော်တဆတွေ့မိသော ကိစ္စကို အလုံးစုံသိဖို့ ကြိုးစားချင်သည့် စိတ်ဆန္ဒက အပြင်းအထန် ဖြစ်ပေါ်သည်။



အန်တီစုပန်အကြောင်းကို အစအဆုံး သိချင်လာမိပါသည်။

သိဖို့လည်း အားထုတ်မိ၏။

အန်တီစုပန် ဈေးသွားနေတုန်း သူ့အခန်းထဲကို ဝင်ဖို့ သူမကြိုးစားမိ၏။

သော့ခတ်ထားတော့ ဘယ်လိုဝင်ရမှန်း မသိပါ။

ခေါင်းပူအောင် စဉ်းစားပေမယ့် နည်းလမ်းမတွေ့။

အစကတည်းက သွားသွားလာလာ ရှိတာလည်းမဟုတ်။ အန်တီစုပန်အခန်းထဲကို ဘယ်တုန်းကမှ မရောက်ဖူးပါ။

ဘယ်လိုလုပ်ရမလဲ။

စက်လိုက်တာနော်။

နှစ်ရက်လောက် စောင့်ပေမယ့် တွယ်တာအခွင့်အရေး မရခဲ့ပါ။

သည်အတိုင်းဆို လက်လျှော့ရတော့မည့်ပုံ။

မမျှော်လင့်သော တစ်ညမှာတော့. . .

တွယ်တာပဲ ကံကောင်းတာလား၊ အန်တီစုပန်ပဲ ကံဆိုးတာလား၊ မသိပါ။

မေမေက တွယ်တာ့ကို အန်တီစုပန်ကို အခေါ်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"သမီး"

"ရှင်"

"အန်တီစုပန်ကို သွားခေါ်စမ်း"

"ဟုတ်"

"ဒီမှာ မေမေ သူနဲ့ တိုင်ပင်စရာရှိလို့"

"ဟုတ်ကဲ့ပါ"

"မအိပ်သေးရင် ခဏလာခဲ့ပါလို့"

"အိပ်မှာ မဟုတ်သေးပါဘူး"

တွယ်တာ တက်တက်ကြွကြွလေး ဆိုမိ၏။

ကုသိုလ်ကံကောင်းလျှင် အန်တီစုပန်အခန်းကို ဝင်မွှေ ခွင့်ရနိုင်သည်လေ။

"သမီး သွားခေါ်လိုက်ဦးမယ်နော်"

"အင်း...အင်း..."

သူမက အန်တီစုပန်အခန်းရှိရာ လျှောက်လာပြီး နှစ်ချက်၊ သုံးချက် ဆင့်ခေါက်လိုက်၏။

"အန်တီစုပန် အိပ်ပြီလား"

"မအိပ်သေးပါဘူးကွယ်"



ဖျတ်ခနဲပွင့်လာသော တံခါးချပ်ကို တွယ်တာဝမ်းသာစွာ ကြည့်မိ၏။ အချိန်မဆိုင်းဘဲ အခန်းထဲသို့ ဖွတ်ဝင်လိုက်ပါသည်။

"ဘာလဲ သမီး၊ ဘာလိုချင်လို့လဲ"

"ဟိုလေ...အန်တီစုပန် ဘာလုပ်နေတာလဲ"

"ဆွယ်တာ ထိုးနေတာ"

"လှလိုက်တာ...လိမ္မော်ရောင်လေး ဘယ်သူ့ဖို့"

တွယ်တာက တစ်ဝက်တစ်ပျက်ပြီးနေသော ဆွယ်တာလေးကို ဆိုးဆိုးဆတ်ဆတ် ကောက်ကိုင်ကြည့်ပြီး၊ အန်တီစုပန် ခုတင်ပေါ် ထိုင်ချသည်။

"ဘယ်သူ့ဖို့ထင်လဲ...မှန်းပြော"

"တွယ်တာ မသိနိုင်ပါဘူး"

"သမီးဖို့ပေါ့"

"သမီးဖို့...ဟုတ်လား"

"အင်းပေါ့...သမီး မင်္ဂလာဆောင်ရင် လက်ဖွဲ့ဖို့"

တွယ်တာက နှုတ်ခမ်းလေးစူကာ တပြုံးပြုံး။

"အရောင်လေးက သိပ်လှတာပဲ... တောက်တောက် ပပလေး"

အန်တီစုပန်က တွယ်တာ့ကို လှမ်းကြည့်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"သမီး ပျင်းလို့လာတာလား"

ဟု မေး၏။

"ဟင့်အင်း. . . မေမေ အန်တီစုပန်ကို ခေါ်နေတယ်၊ အဲဒါ လာပြောတာပါ"

"ကြည့်. . . ချက်ချင်းမပြောဘူး"

အန်တီစုပန်က သတိထားဟု လက်ညှိုးလေးပြကာ လှည့်ထွက်သွား၏။

တွယ်တာ ဟောခန်း အော်လိုက်မိသည်။

အချိန်ဆွဲမနေဘဲ ခုတင်ပေါ်ကဆင်းကာ ဗီရိုကို ဆွဲဖွင့်၊ စားပွဲက အံဆွဲတွေဖွင့်နှင့် ဘာများတွေ့ရမလဲဟု ရှာမိပါသည်။

ရှာသာရှာရတာ ဘာတစ်ခုမှ မတွေ့။

အရာအားလုံးသည် မသက်ာစရာ မရှိ။ လျှို့ဝှက်ထားတာ ဘာမှမတွေ့ပါ။

တွယ်တာ မောမောနှင့် ခုတင်ပေါ် ပြန်ထိုင်သည်။

အန်တီစုပန်ကတော့ ပြန်ရောက်မလာသေး။ မေမေနှင့် စကားပြောနေတော့ ကြာမှာကျိန်းသေ။

ဖွထားသော နေရာတွေနှင့် သူ့လက်ရာမပျက် ပြန်ထားရင်း တွယ်တာ မကျေနပ်နိုင်ပါ။



"မဟုတ်သေးဘူးကွာ"

တစ်ခုခု တွေ့သင့်တယ်။

မတွေ့ရင် ငါညံ့လို့ပဲ။

လက်ကလေးထောက်ကာ စဉ်းစားမိ၏။

ဒိုင်ယာရီဟောင်းလေး တစ်အုပ်ဖြစ်ဖြစ် ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲက ရှာသလို တွေ့သင့်တယ်။ သည်လိုကြီးတော့ မဖြစ်သင့်ပါဘူး။ စွန့်စားရကျိုး မနပ်လိုက်တာ။

ကိုယ့်အဖြစ်ကို တစ်ဦးတည်း ရယ်မိ၏။ မျက်နှာလေး မော့ကာ အကြာကြီး ပြုံးနေမိပါသည်။

အန်တီစုပန်ဟာ ငါ့ကို တကယ်ချစ်တာပဲ. . . လိမ္မော်ရောင်ဆွယ်တာလေးက ငါ မင်္ဂလာဆောင်ရင် လက်ဖွဲ့ဖို့တဲ့. . . ငါ့ကို မင်္ဂလာဆောင်စေချင်ပြီ ထင်ပါရဲ့. . . ငါ မင်္ဂလာဆောင်ရင် သူက ပျော်မှာတဲ့လား. . .

မျက်လုံးလေးတွေ ဟေဖျပ်ဖျပ်လက်ကာ သူမ ရင်ခုန်လာမိသည်။

ညီညီဘမြင့်ကို ငါ တကယ်လက်ထပ်ရမှာလား။

ပြတင်းပေါက်အေးမှာ အသာကပ်ရပ်နေမိရင်း ဒီရက်ကို အားမနာတမ်း မှီချထားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ယူချင်ပါဘူးကွာ. . . သူ့ကို။

လူကြီးတွေကလည်းနော်. . . သူ့နဲ့မှ သဘောတူရသတဲ့လား။

''အဟင်း''

ရှက်သလိုလို၊ ပျော်သလိုလိုရယ်မိရင်း လက်ကလေးနှစ်ဖက်မြှောက်ကာ ပြတင်းပေါက်ဘောင် အပေါ်ထစ်ကို လှမ်းခိုလိုက်မိသည်။

စိတ်ထဲ လှုပ်ရှားသွားလွန်း၍ အမှတ်တမဲ့ ပြုံးလိုက်မိ၏။

သို့သော်. . .

''ဟင်''

လက်က တစ်စုံတစ်ရာကို စမ်းမိပါသည်။ စက္ကူဘူးလိုလို၊ ကတ်ထူဘူးလိုလို ဘာလေးပါလိမ့်။

စိတ်ဝင်တစား ဖြစ်သွားမိရင်း ဖျက်ခနဲ ဆွဲယူကြည့်မိကာ. . .

''ဟင်. . . ဆေးပုလင်းတစ်ခုပါလား''

ဘူးလေးထဲမှ ဆေးပုလင်းကို ထုတ်ယူကြည့်သည်။

တွယ်တာ မျက်လုံးလေး ဝိုင်းသွား၏။



ဒါ. . . ဒါ. . . အဆိပ်ဆေးပုလင်းပဲ။ အင်္ဂလိပ်လို အဆိပ်ဟု ရေးထားတာ ထင်ထင်ရှားရှား။

ဒါကို အန်တီစုပန် ဘာလို့ ယူထားတာလဲ။ ဘာလုပ်ဖို့လဲ။

တစ်ယောက်ယောက်ကိုများ. . .

အမယ်လေး. . .

တွယ်တာ ကြက်သီးတဖြန်းဖြန်း ထသွားမိသည်။

လက်ကလေးတွေ တဆတ်ဆတ်တုန်လာမိရင်း ဆေးပုလင်းလေးကို ဘူးထဲမြန်ထည့်ပြီး၊ သူ့နေရာမပျက်ထားလိုက်၏။

အေးစက် စေးထန်းလာသော လက်နှစ်ဖက်ကို အချင်းချင်း ပွတ်သပ်နေမိ၏။

ဘုရား. . . ဒေါ်စုပန် ဘယ်သူ့ကို မုန်းနေတာလဲ။

ငါ့ကိုလား. . . မေမေ့ကိုလား. . . ဖေဖေ့ကိုလား။

သည်ဆေးဟာ တစ်ယောက်ယောက်အတွက်ဆိုတာတော့ ကျိန်းသေပါပဲ။

ရည်ရွယ်ချက်မရှိဘဲနဲ့ သေချာသိမ်းဆည်းထားပါ့မလား။

ခုတင်စွန်းမှာ ဝင်ထိုင်ပြီး ဘာလုပ်ရမှန်းမသိ လည်

www.burmeseclassic.com

www.burmeseclassic.com



ချောင်းထဲမှာလည်း ရေငတ်သလိုလို ခြောက်ခြောက်သွေ့သွေ့ကြီး ဖြစ်လာ၏။

ဘာသဘောနဲ့ သည့်ဆေးကို ဆောင်ထားတာလဲ။ ဘာအဓိပ္ပာယ်လဲ။

အဖြေ မရှိနိုင်တာကို ထပ်တလဲလဲတွေးတော့ ခေါင်းတွေမူးလာ၏။

အန်တီစုပန်. . .

အန်တီစုပန် ဘာတွေ ကြံစည်နေသလဲ။

တွယ်တာ မှန်းမကြည့်တတ်ပါ။

သည့်ဆေးဟာ အသက်ကို ဒုက္ခပေးနိုင်တယ်။ ချက်ချင်း သသွားနိုင်တယ်ဆိုတာကော အန်တီစုပန် သိသလား။ သိမှာပါ။ သိလို့သာ ယူထားတာ။

သူမ တော်တော်ကြီး တုန်လှုပ်ချောက်ချားလာ၏။

"ဟော. . .သမီးလေး ပျင်းနေပြီလား"

အန်တီစုပန် အသံကြားတော့ ဆတ်ခနဲ တစ်ကိုယ်လုံး တုန်သွား၏။

သူမ ပြူးကြောင်ကြောင်နှင့် မော့ကြည့်မိပါသည်။

"သမီး ဘာဖြစ်လို့လဲ"



"တွယ်တာ ခေါင်းမူးလို့ပါ"

ပါးစပ်ထဲတွေ့ရာ ညာမိပါသည်။

တွယ်တာ အမူအရာပျက်နေတာကို သူက ချက်ချင်း ရိပ်စားမိသည်လေ။

အမြန်ဆုံး ဖုံးဖိနိုင်ပါမှ။

"သမီးလေးက ခေါင်းမူးတယ် ဟုတ်လား"

"အင်း"

"ဒါဆို ဘီစစ်သောက်ပေါ့"

"ဟုတ်ကဲ့"

မှန်တင်ခုံကြီး၏ဘေးမှာ ခုံပိုင်းလေးနှင့် တင်ထားသော ဆေးပုလင်းလေးတွေထဲမှ တစ်ပုလင်းကို ဆွဲယူကာ ပုလင်းဖုံးလေးကို သွက်သွက်ဖွင့်ပြီး။ ဆေးတစ်လုံး ထုတ်ယူ၏။

အန်တီစုပန် ကြည့်ရတာ တစ်မျိုးပါပဲ။

ထိုဆေးပုလင်းကိုတော့ သည်ခုံလေးပေါ် ဘာလို့မထားဘဲ သီးသန့်ထားရတာလဲ။

တွယ်တာက အန်တီစုပန်ကို မျက်လုံးရှူးရှူးလေးနှင့် မော့ကြည့်ပြီး။ သူပေးသော ဆေးကို ယူသောက်မိ၏။

"တွယ်တာ သွားတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



''အင်း. . . လာ. . . အန်တီစု လိုက်ပို့ပေးမယ်''

''ရပါတယ်''

''တော်ကြာ လဲနေမှဖြင့်''

အန်တီစုပန်က တွယ်တာ့လက်မောင်းလေးကို ဆုပ်ပြီး တွဲပို့ပေး၏။

''အန်တီစုပန်''

''ဟင်''

''အန်တီဘဝမှာ အရမ်းမုန်းတဲ့လူ ရှိဖူးလားဟင်''

''ဘယ်လို''

စကားဆန်းဆန်းကြောင့် မျက်မှောင်လေးကုတ်ရင်း ပြန်မေး၏။

''အရမ်းမုန်းတဲ့သူ ဟုတ်လား''

''အင်းလေ''

''ဘာလို့လဲ တွယ်တာရဲ့၊ တွယ်တာက ဘယ်သူ့ကို မုန်းလို့လဲ''

''မရှိပါဘူး။ အန်တီ့မှာကော ရှိလားလို့''

''တွယ်တာ့ မေးခွန်းက သိပ်ဆန်းနေသလားလို့''

''မဆန်းပါဘူး. . . အန်တီစုပန်က တွယ်တာ့ကို



သိပ်ချစ်တော့ ဘာမဆို ဖွတ်အတင်းပဲ. . . ဒါဆိုဒါမှ ကြိုက်တယ်လေ. . . မဟုတ်လား''

''ဟုတ်တာပေါ့''

''မုန်းရင်လဲ ပြင်းပြင်းထန်ထန် မုန်းမှာပဲ''

အန်တီစုပန်က နှုးညံ့စွာပြုံး၏။

တွယ်တာက သူမ မျက်နှာရိပ်၊ မျက်နှာကဲကို မလွှဲတမ်း ဂရုစိုက်ကြည့်နေပေမယ့် ဘာအပြောင်းအလဲမှ မတွေ့ရပါ။

''အင်း. . . မုန်းတာ တစ်ယောက်တော့ရှိတယ်''

''တစ်ယောက်''

''အင်း''

''ဘယ်သူလဲဟင်''

တွယ်တာ အလောတကြီး မေးမိသည်။

''ဟိုးတုန်းက အန်တီငယ်ငယ်တုန်းကပေါ့''

''အင်း''

''အန်တီ့မှာ ချစ်သူရှိမှန်းသိသိကြီးနဲ့ ဖွတ်အတွင်း စော်ကားချင်တဲ့သူပေါ့. . . အဲဒီတစ်ယောက်ကိုတော့ အရမ်းစိတ်နာပြီး မုန်းတယ်''

''ဩော်. . . ''

www.burmeseclassic.com

www.burmeseclassic.com



"အန်တီ့ချစ်သူလဲ သူနဲ့အတူတူသွားရင်း သေခဲ့ရတာ"

"ဟောတော့. . ."

"အဲဒါကြောင့် ပိုမုန်းတယ်. . . သူက ယုတ်မာပက်စက်တယ်"

"သူ သတ်လိုက်တာလား"

"ဒါတော့ သူပဲ အသိဆုံးဖြစ်မှာပေါ့"

"အန်တီစုပန်က ဘယ်လိုထင်လို့လဲဟင်"

"သူ အန်တီ့ကို ဖွတ်အတင်း ကြိုးစားဖူးတာ နှစ်ကြိမ်တိတိ၊ အန်တီ့ချစ်သူကို သူမုန်းမှာပဲလေ၊ သေချာတယ်၊ သူ သတ်လိုက်တာလို့ အန်တီထင်တာပဲ"

"ဟင်း. . . ရက်စက်လိုက်တာ"

တွယ်တာ မျက်နှာလေး ရှုံ့မဲ့သွား၏။

"အဲဒီလူက ဘယ်သူလဲ"

အန်တီစုပန်က တွယ်တာ့ပခုံးလေးကို ဖွဖွဖက်ပြီး၊ တိုးတိုးသာသာဆို၏။

"သမီးက သိချင်လို့လား"

"ဟုတ်ကဲ့"

"ဘယ်သူ့ကိုမှ မပြောရဘူးနော်"



"အင်းပါ"

"ဟိုဘက်ခြံက သမီးကောင်လေးရဲ့အဖေ ဦးစွမ်းနိုင်ဆိုတာပေါ့"

"ရှင်"

တွယ်တာ အန်တီစုပန်ကို မော့်မော့်လေးစိုက်ကြည့်၏။

မယုံနိုင်စရာတွေချည်း ထပ်တလဲလဲ ကြုံနေရပါလား။

"အဲဒါကြောင့် အန်တီက ကိုနိုင်စွမ်းနဲ့သမီးကို မခင်စေချင်တာလား"

"ဟုတ်တာပေါ့ကွယ်"

"အစကတည်းက ဒီလိုရှင်းရှင်းပြောရောပေါ့"

"ဘာလို့လဲကွယ်"

"သူတို့တွေအကြောင်း သိရင်တွယ်တာမခင်ပါဘူး. . . ဒါပေမယ့် ကိုနိုင်စွမ်းက ရိုးပါတယ်. . . သူ့အဖေလို ဟုတ်မယ် မထင်ဘူး"

"ဘယ်သူသိနိုင်မလဲ သမီးရယ်"

"တွယ်တာ နောက်ဆို ဆင်ခြင်ပါ့မယ်"

သူမက ကတိပေးလိုက်၏။

ရင်ထဲမှာတော့ အတွေးပေါင်းစုံနှင့် ရှုပ်ထွေး နေဟိုက်

www.burmeseclassic.com

www.burmeseclassic.com



နေ၏။

ဦးဘမြင့်နှင့် အန်တီစုပန် စိုးရိမ်တကြီးတားမြစ်ကြတာ၊ အပူတပြင်းစိစဥ်ကြတာ၊ လိုတာထက်ပိုပြီး ပျာပျာထိတ်ထိတ်ဖြစ်နေတာ ဒါကြောင့်ကိုး။

သည်အကြောင်းတွေကို ညီညီဘမြင့်ကော ဘယ်လောက်သိထားနိုင်သလဲ။

"သမီးလေး. . . အိပ်တော့နော်"

"တစ်ခု မေးချင်သေးတယ်"

"မေး. . . မေး"

တွယ်တာက ခုတင်ပေါ်တက်ထိုင်ရင်း ခွင့်တောင်း၏။

"အခုချိန်မှာ ဦးစွမ်းနိုင်က တစ်ခုခုဒုက္ခပေးမယ်ဆိုရင်ကော"

"ဟွန့် . . . တွေ့သွားမှာပေါ့သမီးရယ် . . . အသက်ချင်းလဲပစ်တော့မယ်"

"ရှင်"

သူမ မျက်နှာလေး ပျက်သွား၏။

အန်တီစုပန် ပစ်မှတ်ကို သူမ သေချာသိလိုက်ပြီ။

"နို့ကော မသောက်ရသေးဘူး မဟုတ်လား"



"အဟင်း. . . မေ့နေလို့"

အန်တီစုပန်က သူမဖို့ နွားနို့တစ်ခွက် ယူလာပေး၏။

နွားနို့ကို ငုံ့သောက်ရင်း မျက်လုံးလေးတွေက အန်တီစုပန်ဆီမှ မခွာ။

စူးစိုက်ကြည့်နေမိပါသည်။

တွယ်တာ ဘာလုပ်ရမလဲ။

ဘာလုပ်သင့်လဲ။

တွယ်တာ ဘာလုပ်ရမလဲကွယ်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

"အားလုံး အိုကေနေမှ ဖေါ်စုပန် ဖြုန်းဆိုရောက်လာပြီး ပြဿနာတွေ ရှုပ်ကုန်တာ. . .တွယ်တာနဲ့ သား အရမ်း အဆင်ပြေနေပြီးသားပါ ဖေဖေရာ"

ဦးစွမ်းနိုင်က သတင်းစာကို လုံးခြေပစ်၏။ ပြီးတော့ နံရံဆီ ပစ်ပေါက်လွှင့်ပစ်၏။

ညီညီဘမြင့်နှင့် တွယ်တာတို့ စေ့စပ်သတင်းက သတင်းစာထဲ ပါလာခဲ့ပြီ။

"တောက်. . ."



ဦးစွမ်းနိုင်က ဒေါသတကြီး တရှူးရှူးဖြစ်နေ၏။

နိုင်စွမ်းက ခေါင်းငိုက်စိုက်ချပြီး ထိုင်နေ၏။

"ဖေဖေ"

"ဘာလဲ. . .သား"

"သားတစ်ခုပြောချင်တယ်"

"အင်း. . . "

"သား အဲဒီကောင်မလေးကို လိုချင်တယ်ဗျာ. . . သား လက်လွှတ်မခံနိုင်ဘူး"

"ဟင်. . . "

သားစကားကို ဦးစွမ်းနိုင် အံ့ဩ၏။

မထင်မှတ်ခဲ့ပါ။ အချိန်တိုတိုအတွင်းမှာ သားက စုပန်သမီးကို စွဲစွဲနစ်နစ်ဖြစ်ခဲ့သတဲ့လား။

"သား သူ့ကို ရအောင်ယူမယ်ဗျာ"

"သား. . ."

"ဖေဖေ မတားပါနဲ့. . . သား သူ့ကို ချစ်သွားပြီ"

"သူတို့က စေ့စပ်လိုက်ကြပြီပဲ"

"လက်ထပ်ကြသေးတာမှ မဟုတ်ဘဲ"

ဦးစွမ်းနိုင် ဘာပြောရမှန်းမသိတော့ပါ။ သားရခက်၊

www.burmeseclassic.com

www.burmeseclassic.com



တိုက်တွန်းရခက်။

"တွယ်တာလေးက အပြစ်ကင်းပြီး ချစ်စရာကောင်းတယ်"

"ဒေါ်စုပန်တော့ ဆွေ့ဆွေ့ခုန်သွားမှာပဲ"

ဦးစွမ်းနိုင်က ကောက်ကျစ်စွာ ပြုံး၏။

ကိုယ့်အပေါ် ရွံ့ရှာမုန်းတီးဟန်၊ နာကြည်းခါးသီးဟန် ရှိလှသော မိန်းမကို တစ်ခါလောက်တော့ အနိုင်ယူပြချင်သေးသည်။

သည်မိန်းမ သွေးပျက်မတတ် ဆတ်ဆတ်ခါ နာသွားမှာကို တစိမ့်စိမ့် ကြည့်ချင်သေးသည်။

"သား... ဆုံးဖြတ်ပြီးပြီလား"

"အင်း"

"လိုအပ်တာပြော... ဖေဖေ ဘာလုပ်ပေးရမလဲ"

"အခုဘာမှ မလိုသေးပါဘူး... လိုမှပြောမယ်"

"သူတို့စေ့စပ်ပွဲကို မျက်နှာပြောင်နဲ့သွားရမှာ သားရဲ့... ဒါမှ ကောင်မလေးက ပိုသနားသွားမှာ... သားက ခံစားရသလို လုပ်ပြရမှာ"

ဦးစွမ်းနိုင် ဟက်ဟက်ပက်ပက် ရယ်မိ၏။ သူ့ရယ်သံက



ကြောက်စရာကောင်းနေ၏။

နိုင်စွမ်းက အဝေးကြီးကို မျှော်ကြည့်ရင်း သက်ပြင်းရှိုက်မိသည်။

ကို့ တကယ်ချစ်မိပြီ တွယ်တာ...

ကို့ မင်းလေးကို အဆုံးရှုံးမခံပါရစေနဲ့တော့...

ရယူပိုင်ဆိုင်ဖို့ ကြိုးစားတော့မယ်ကွာ...

ဖေဖေ စေခိုင်းတာကို တစ်သဝေမတိမ်း လိုက်နာတာမျိုး မဟုတ်ပါဘူး...

ကို့ဆန္ဒတစ်ခုတည်းနဲ့ ဆုံးဖြတ်တာ...

မင်းလေး အမြင်ရှင်းပါ တွယ်တာရယ်...

ကို့မှာ မင်းအပေါ် မကောင်းစိတ် တစ်စွန်းတစ်စရှိခဲ့ရင်တောင် မင်းလေးကို တွေ့ခဲ့တဲ့နေ့ကစပြီး အားလုံးပျောက်ဆုံးသွားခဲ့ပါပြီ။

ကို့ချစ်တာ ရိုးရိုးသားသားပါ တွယ်တာရယ်...

♛ ♛ ♛

www.burmeseclassic.com

## အခန်း (၂၄)

ညည့်သည်ဆိုလို့ ကမန်းကတန်းထွက်လာတော့ တစ်ခါမှ မမြင်ဖူးသော သူစိမ်းတစ်ယောက်။ ညီညီ့ဘမြင့်ကို ကျောပေး၍ ထိုင်နေပါသည်။

ခပ်ဖွဖွလျှောက်သွားပြီး သူ့ရှေ့မှာ ဝင်ထိုင်မိ၏။ သူက ခပ်ဖြည်းဖြည်း မော်ကြည့်သည်။

''ကျွန်တော် နိုင်စွမ်းပါ''

''ဩော်. . .''

ညီညီ့မျက်နှာ အနည်းငယ် တွင်းမာသွား၏။ ကိုယ့်စိတ်



ကို တစ်ဖက်လူမသိအောင် မျက်နှာရိပ်ကို ချက်ချင်းပြင်၏။

''ဘာကိစ္စများရှိလို့လဲ ခင်ဗျာ''

ဟန်မပျက်မေးရင်း သူ့ကို မသိသလိုပဲ နေလိုက်၏။

နို့ ခွမ်းက အလုပ်ကိစ္စတစ်ခုကို စပ်တူလုပ်ချင်ကြောင်း လာရောက်ဆွေးနွေးတိုင်ပင်တာဖြစ်ကြောင်း အစုံအလင် ရှင်းပြ၏။

''ကျွန်တော့် ဖေဖေနဲ့ တိုင်ပင်ပါ့မယ်. . . ဒီကိစ္စတွေ ကျွန်တော်မကျွမ်းကျင်ပါဘူးခင်ဗျာ. . . နောက်မှ အကြောင်းပြန်ပါရစေ''

''မိတ်ဆွေဖြစ် တစ်ခုခုလိုက်စားပါ''

လူကြီးလူကောင်းဆန်ဆန် ဖိတ်ခေါ်တော့လည်း ငြင်းရမှာ အားနာမိပါသည်။

''ဒီမှာပဲ တစ်ခုခုစားပါ. . . ကျွန်တော် ကျွေးပါ့မယ်''

''မဟုတ်တာဗျာ. . . လာပါ''

ညီညီ သက်ပြင်းရှိုက်ရင်း မတ်တပ်ရပ်လိုက်ပါသည်။

ကျောထဲမှာတော့ ခပ်ချမ်းချမ်းရယ်။

လေးလေးတာလို ဖြစ်မှာစိုးသည်။

အန်ကယ်တာနှင့် ဦးစွမ်းနိုင် ကားထဲမှာ အတူသွားလာ

www.burmeseclassic.com



ရင်း အန်ကယ်တာ သေဆုံးခဲ့ရတာကို ညီညီက သိထားပြီးသား။

"ကိုညီညီ စေ့စပ်လိုက်တာ တွေ့တယ်"

"ဟုတ်ပါတယ်"

အကြောင်းမရှိ၊ အကြောင်းရှာ လာရောနေမှန်းသိပေမယ့် လူမှုရေးဆိုတာကလည်း ရှိသေးသည် မဟုတ်လား။

သတိ အစဉ်ရှိနေဖို့တော့ လိုအပ်သည်။

"ကိုညီညီ ကောင်မလေးနဲ့ ကျွန်တော်ခင်ပါတယ်"

"ဟုတ်လား"

"ကျွန်တော်က သူတို့အိမ်ဘေးကပဲ"

ဒါတွေကျတော့ အမှန်အတိုင်းပြောသားပဲ၊ သည်လူ့စိတ်က မှန်းရခက်သွားသည်။

တကယ်ဆို မပြောဘဲထားလည်း ရသားနဲ့။

"ကိုနိုင်စွမ်းက တွယ်တာ့အကြောင်း ဘယ်လောက်သိသလဲ"

"ခင်မျှားထက်တော့ ပိုသိမှာပါ"

ညီညီက ပခုံးတွန့်ပြုးလိုက်၏။

"ဆိုပါဦး"

"တွယ်တာ့မိဘတွေက အရင်းတွေ မဟုတ်ကြဘူး"



"ဟုတ်လား"

သူ အံ့ဩဟန်မပြတော့ နိုင်စွမ်းက ခပ်ကြောင်ကြောင်ကြည့်၏။

"တွယ်တာ ဘယ်သူ့သမီးဆိုတာ အရေးမကြီးပါဘူး။ ကျွန်တော်ချစ်ဖို့ပဲ လိုတာလေ၊ မဟုတ်ဘူးလား။ တွယ်တာက တွယ်တာပဲ"

"ဒါတော့ ဒါပေါ့လေ"

နိုင်စွမ်းက အကြောင်းမရှိဘဲ တဟက်ဟက်ရယ်၏။

"သူက ခင်မျှားညီမလဲ ဖြစ်နေနိုင်တယ်"

"ဘယ်လို"

သည်တစ်ခါတော့ ညီညီဘမြင့် အနည်းငယ် လှုပ်ရှားသွားသည်။

ဘယ်လိုစကားမျိုး သူပြောလိုက်တာလဲ။ ညီညီ နားမရှင်းပါ။

"တွယ်တာက ဦးဘမြင့်သမီး ဖြစ်နိုင်တယ်"

ခါးသီးစွာ ပြုံးပစ်၏။

"ဒါတော့ သူတို့ပဲ သိနိုင်မှာ"

"ရှင်းရှင်းပြောစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ညီညီဘမြင့် မျက်နှာက မှုန်ကုပ်လာ၏။ စိတ်ထဲမှာ ဇဝေဇဝါဖြစ်လာသည်။

''ကျွန်တော် ရှင်းပြပါ့မယ်''

''ကောင်းတယ်''

ဖေဖေ ပြောပြထားလို့ သိထားပြီးသား အကြောင်းအရာကို နိုင်စွမ်းဆီမှ ထပ်ကြားရတော့ တူမတူ ဆုံးဖြတ်နိုင်တော့မည်။

''အန်တီစုပန်ကို သိတယ်မဟုတ်လား''

''သိပါတယ်''

''ကွယ်တာက အန်တီစုပန့်သမီး။ မိဘတွေက မွေးစားမိဘပေ့''

''အင်း''

''အန်တီစုပန်မှာ ချစ်သူရှိခဲ့တယ်၊ ဦးမောင်မောင်တာတဲ့၊ သူတို့လက်ထပ်ခဲ့ကြတာ၊ ဒါပေမယ့် မညားခဲ့ဘူး''

''ဘယ်လို''

''မင်္ဂလာပွဲညေဲ့ခံပြီးတော့ ကျွန်တော့်ဖေဖေနဲ့ အပြင်ထွက်ရင်း ကားမှောက်သေဆုံးခဲ့တယ်၊ ကျွန်တော့် ဖေဖေကလဲ အန်တီစုပန်ကို သဘောကျခဲ့တယ်၊ ခင်ဗျားအဖေကလဲ အန်တီ



စုပန်ကို ကြိုက်တာပဲ''

''ဟာဗျာ''

''အမှန်တရားပါ၊ ခင်ဗျားမယုံမရှိပါနဲ့''

''ထားပါတော့၊ ဆက်ပြောစမ်းပါဦး''

''ကျွန်တော့်အဖေကို ဒေါ်စုပန်က ခါးခါးသီးသီး၊ ခင်ဗျားအဖေကိုတော့ ရောရောဝင်ဝင်ရှိတယ်၊ ဒီတော့ ဒီကလေးဟာ ဘယ်သူ့ကလေးလဲ အရှင်းကြီးပါဗျာ၊ သူ့သမီးမို့လို့ ကွယ်တာ့ကို ဒီလောက်သည်းနေတာ''

''ခင်ဗျား ရှုးနေသလားဗျာ၊ သူ့သမီးဆို သူ့သားနဲ့ သဘောတူပါ့မလား၊ စဉ်းစားပါဦး၊ မဖြစ်နိုင်တာဘဲ''

''အဲဒါတော့ မသိဘူး''

''ကွယ်တာဟာ လေးမောင်တာနဲ့ အန်တီစုပန်တို့ သမီးပါဗျာ''

''သိပ်မဖြစ်နိုင်ဘူး၊ အန်တီစုပန်အမေက အရမ်း စည်းကမ်းကြီးတာ၊ သူ့သမီးကို အဲဒီလို အဖြစ်ခံမှာမဟုတ်ဘူး''

ညီညီဘမြင့် တွေဝေသွားရပြီ။

''စဉ်းစဉ်းစားစားလဲ လုပ်ပါဗျာ၊ ခင်ဗျားအဖေ သိရင် ရင်ကျိုးမှာ ဒါမျိုးတွေကြိုက်မှာလဲ မဟုတ်ဘူး။ ခင်ဗျားတို့ ဈေးစစ်

www.burmeseclassic.com



ထားတာ ချက်ချင်းဖျက်ပစ်မှာ ကျွန်တော်သိတယ်''

ညီညီ နာကျင်စွာ ပြုံးမိပါသည်။

သူတို့က မေမေကို ပစ်မှတ်ထားနေတာကို။

မေမေသိရင် တကယ်လည်း တွယ်တာနှင့်သူ့ကိစ္စကို တားမှာကျိန်းဖြေသ။

မေမေက သိပ်တိကျတာ။ ဖြောင့်မတ်တာ၊ ရှုပ်ရှုပ်ယှက်ယှက်ဆို လက်ခံမှာ မဟုတ်။

''ကဲပါဗျာ . . . သောက်ပါဦး''

နိုင်စွမ်းနှင့်အတူ စားသောက်နေရပေမယ့် သူ့ခေါင်းထဲ ရှုပ်ထွေးနေ၏။

ကြည်နူးသာယာမှုတွေ လွင့်ပျောက်ကုန်သည်။

ညနေ တွယ်တာ့ဆီသွားဖို့ တွေးထားပေမယ့် စိတ်မပါချင်တော့။

ဖေဖေ့ကို သေချာ ပြန်မေးကြည့်ဖို့တော့ လိုနေပြီ။

♛ ♛ ♛



## အခန်း (၂၅)

''ဟုတ်ကဲ့ . . . ပြောပါ တွယ်တာပါ''

''တွယ်တာလား''

နိုင်စွမ်းမှန်းသိတော့ တွယ်တာ ငြိမ်သွားမိသည်။

''တွယ်တာ နေကောင်းရဲ့လား''

''ဟုတ်ကဲ့''

''ဒီဘက်ခြံကို ဘာလို့ကူးမလာတာလဲ''

''မအားလို့ပါ''

''တွယ်တာ့ကို ကျွန်တော် သတိရနေတယ်''

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက လွမ်းဆွတ်တမ်းတနေသလို၊ အက်အက်ကွဲကွဲ၊

"ကျွန်တော် လာခဲ့မယ်ဗျာ"

"ခုတော့ မလာပါနဲ့ဦး၊ ညနေလောက်မှ လာချင်လာပါ"

"ဘာလို့လဲ"

"တွယ်တာ မအားလို့ပါ"

"ဟုတ်ရဲ့လားဗျာ"

"အင်း"

"ကျွန်တော့်ကို ရှောင်နေတာလား"

"မဟုတ်ပါဘူး"

"ကျွန်တော် တွယ်တာ့ကို တွေ့ချင်တယ်"

သူမ သက်ပြင်းရှိုက်မိသည်။

တကယ်ဆို တွယ်တာ သူနဲ့ မတွေ့သင့်တော့ပါ။ ပြတ်ပြတ်သားသား ဆက်ဆံသင့်ပါပြီ။

"တွယ်တာ ဈေးစပ်လိုက်ပြီနော်"

"ဟုတ်ပါတယ်"

"အဲဒီနေ့က ကျွန်တော် လာချင်ပါတယ်၊ ဒါပေမယ့် ခွင့်အားမရှိဘူး"

"ရပါတယ်၊ ကိစ္စမရှိပါဘူး"



တွယ်တာ့အသံလေးက တိုးတိုးတိမ်တိမ်။

"ညနေ ကျွန်တော်လာမယ်နော်"

"အင်း"

"တွယ်တာနဲ့စကားတွေ ပြောချင်တယ်၊ တွယ်တာကော"

"အင်းပါ၊ လာခဲ့ပါ"

"အိုကေ . . . အရမ်းသတိရတယ်ကွာ"

ဖုန်းချခါနီး လေသံသဲ့သဲ့နှင့် သတိရတာ ပြောသွားသေး၏။

တွယ်တာ ငေးငေးကလေး ထိုင်နေမိပါသည်။

သူဟာ အပြစ်မဲ့တဲ့သူတစ်ယောက်ပါ။

ပြီးတော့ သနားစရာလည်း ကောင်းရှာပါတယ်။

သူနဲ့ ဘာမှမဆိုင်တဲ့ကိစ္စတွေအတွက် သူဟာ ပစ်ပယ်ခံသင့်လား။

မဟုတ်သေးပါဘူး။

နိုင်စွမ်းက နိုင်စွမ်း။ ဦးစွမ်းနိုင်က ဦးစွမ်းနိုင် သက်သက်။ ဘာလို့ ရောထွေးပစ်မှာလဲ။ အတူတူပဲလို့သတ်မှတ်ရင် သူဟာ သိပ်ကို ကံဆိုးသွားတဲ့သူဖြစ်မှာ။

www.burmeseclassic.com

www.burmeseclassic.com



''သမီး''

''ရှင် . . . အန်တီစုပန်''

''ဘယ်ကဖုန်းလဲ''

''ကိုနိုင်စွမ်းဆီကပါ''

မညာဘဲ အမှန်တိုင်း ဝန်ခံလိုက်၏။

''ဘာတဲ့လဲ''

''ညနေ လာပါရစေတဲ့''

''သမီးရယ် . . . သမီးက စေ့စပ်ပြီးသားလေ''

''တော်ပါ အန်တီစုပန်ရယ်''

တွယ်တာက ခပ်ညည်းညည်းလေး ပြော၏။

''စေ့စပ်ထားပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်လေးက ဖုန်းဆက်ဖော်လဲ မရဘူး။ လူလဲ ရောက်မလာဘူး။ သူ့ကို တွယ်တာ နားမလည်ပါဘူး''

''သူမလာလဲ သမီးက ခေါ်ပေါ့၊ သမီးဖုန်းဆက်ပေါ့၊ ရတာပဲ''

''မဆက်ချင်ပါဘူး''

''ဆက်လိုက်ပါ၊ သူဘာကိစ္စလောက် ပျော်သွားမလဲဆိုတာ သမီးသိရမယ်၊ သူက တစ်မျိုးဖြစ်နေလို့ပါ၊ သူ့မျက်လုံးတွေက



သမီးကို ချစ်ပါတယ်''

''ဟုတ်လို့လား''

''ဟုတ်တာပေါ့''

''ဒါဆိုလဲ ဆက်မယ်''

''နေဦး၊ အန်တီစုပန် ပြောပြမယ်''

အန်တီစုပန်က တွယ်တာ့ဘေးမှာ ဝင်ထိုင်သည်။

''ညနေအားရင် လာခဲ့ဖို့ပြော၊ အန်တီက မုန့်လုပ်ထားတာ ကျွေးချင်လို့ဆက်နိုင်းတာလို့ပြော၊ ညနေဟိုတစ်ယောက် ရောက်လာတော့ သမီးက သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးလိုက်ပေါ့၊ ဟိုဘက်က အလိုလိုအရှိန်တန့်သွားမှာ၊ သမီးနဲ့ စေ့စပ်ထားတာပဲ၊ မောင်ညီညီ သမီးဘေးမှာ ရှိနေတော့ တင့်တယ်တာပေါ့၊ မောင်ညီညီလဲ အရမ်းကျေနပ်သွားမှာ၊ သမီးက ရိုးသားတယ်၊ သူ့ကို နေရာပေးတယ်၊ စောင့်စည်းမှုလဲ ရှိတယ်ဆို အရမ်းနှစ်သက်သွားမှာ''

တွယ်တာက ခပ်ဖြည်းဖြည်းခေါင်းညိတ်၏။

''မောင်နိုင်စွမ်းကလဲ သမီး တမင်ခေါ်တားတာလို့ ဘယ်သိပါ့မလဲ၊ ကြုံကြိုက်မှုလို့ပဲမှတ်ပြီး သမီးကို စိတ်ထဲမှာ မဟုတ်ဘူး၊ အမုန်းမပွားတော့ ကောင်းတာပေါ့၊ တော်ကြာ

www.burmeseclassic.com



မှန်းနေရင် ဒုက္ခပေးဦးမှာ''

တွယ်တာ ဖွဖွလေး ရယ်မိ၏။

''သမီး ဆက်လိုက်ပါ့မယ်''

''ကဲ . . . ကဲ . . . ဆက်၊ အနိတ်စုပန် ဟင်းအိုးကြည့် ဦးမယ်''

တွယ်တာက ဖုန်းခွက်လေးနှိပ်ရင်း စိတ်လှုပ်ရှားနေမိသည်။

သူ ရှိမှရှိပါ့မလား။

တွယ်တာ့ကိုကော လှောင်ပြောင်သရော်မှာလား။

''ဟဲလို . . . ညီညီဘမြင့်ပါ''

ဟောတော့ . . . ကံကောင်းလိုက်တာ။

ဖုန်းလာကိုင်တာ သူ ဖြစ်နေသည်။

''ဟဲလို . . .''

''ကိုညီညီဘမြင့်လား''

မေးသံတိုးတိုးလေး ချိုချိုကလေးကို သူ အရမ်းမှတ်မိပါသည်။ နည်းနည်းလည်း အံ့ဩသွားမိသည်။

သူ့ဆီ ဖုန်းဆက်ဖော်တော့ရသာ။ ပြီးတော့ အသံလေးက ရန်လိုမှု စိတ်မရှည်မှုမပါဘဲ နူးနူးညံ့ညံ့ကလေး။



ကိုယ် အိပ်မက်များ မက်နေသလား။

''တွယ်တာပါ''

''အင်း . . . ပြောပါ''

လွင့်ခနဲ ပျောက်သွားတာကို မနည်းဖုံးဖိထားရင်း ဟန်မပျက် မေး၏။

''ကိုညီညီဘမြင့်အားရင် ညနေ အိမ်ကို ခဏလောက် လာခဲ့ပါ''

''ဗျာ . . .''

သူ့မျက်နှာကြီး ဝင်းထိန်နေတော့မှာ သူ သိသည်။

''အနိတ်စုပန်က မုန့်ကျွေးချင်လို့တဲ့၊ ဒီနေ့ အိမ်မှာ အုန်းနို့ခေါက်ဆွဲ ချက်တယ်လေ၊ လာစားဖို့ ဖိတ်ပေးပါဆိုတာနဲ့''

''အင်း''

ညီညီက စဉ်းစဉ်းစားစားလုပ်နေ၏။ ပြီးမှ . . .

''ဘယ်အချိန်လဲ''

''အားတဲ့အချိန်ပေါ့''

''မဟုတ်ဘူးလေ၊ ဘယ်အချိန်လာရင် တွယ်တာ့အတွက် အဆင်ပြေမလဲ ဟိုလေ . . . တွယ်တာလာစေချင်တဲ့ အချိန်''

www.burmeseclassic.com

www.burmeseclassic.com



သူမအသံလေး ခဏပျောက်သွား၏။

''ညနေ လေးနာရီလောက်ဆိုရပါတယ်''

''လေးနာရီ . . . ဟုတ်လား''

''ဟုတ်ကဲ့''

''အဲဒီထက် စောရင်ကော''

''ရှင် . . . ''

သူ နောက်ရွှတ်ရွှတ်လုပ်နေတာလားဟု တွယ်တာ တွေးမိသည်။

''ဒီမှာ ညွှေသည်တစ်ယောက် လာစရာရှိလို့ စောင့်နေတာ၊ ညွှေသည်ပြန်သွားတာနဲ့ ကျွန်တော်လာမယ်''

''ဟုတ်ကဲ့''

''တွယ်တာ သွားချင်တဲ့နေရာရှိလဲ ပို့ပေးပါ့မယ်''

''အင်း''

''ကျွန်တော်လာမလို့ပါပဲ၊ စိတ်အနှောင့်အယှက်ဖြစ်စရာ တစ်ခုရှိနေလို့''

''ဘာလဲဟင်''

တွယ်တာက သိချင်သလိုလေးမေးတော့ သူပြောပြမိ၏။

''ကိုနိုင်စွမ်း လာတယ်''



''ဟင် . . . ''

''သူ့စကားတွေကြောင့် ကျွန်တော် စိတ်မကြည်ဘူး''

''သူက ဘာပြောလို့လဲ''

''အလကားပါဗျာ၊ အလုပ်ကိစ္စပါ''

''ဪ . . . ''

''ကျွန်တော် အလုပ်ပြီးတာနဲ့ လာမယ်''

''အင်းပါ . . . ကားကို ဖြည်းဖြည်းမောင်းနော်''

မှာမိပြီးမှ ပါးပြင်လေးနစ်ဖက်နွေးသွားအောင် တွယ်တာ ရှက်မိ၏။

သူက ခဏငြိမ်နေပြီးမှ . . .

''အင်း''

ဟု ဆို၏။

တွယ်တာ ဖုန်းချပြီးမှ လက်ဖျားလေးတွေ အေးစက်နေတာ သိသတိထားမိ၏။

သူ့ကို တွယ်တာ နှစ်သက်နေမိတာလား။

မစဉ်းစားတတ်တော့ပေ။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



လူးပြီး ခဲနှုတ်ခမ်းနီအနီရောင် ခြောက်ခြောက်သွေ့ကလေးကို စိတ်ရှည်လက်ရှည် ဆိုးမိသည်။

အနုံမပြင်းသော သင်းမြမြရေမွှေးလေးကို ဆွတ်ရင်းရင်ထဲမှာ ပျော်သလိုလို ဘာလိုလို. . .

ခါတိုင်း ခါတိုင်း ရေချိုးပြီးလည်း အဝတ်အစားလဲနေကျ။ ရေမွှေးဆွတ်နေကျ။

ဒါပေမယ့် သည်တစ်ခါ ခါတိုင်းနှင့်မတူ။ စိတ်ထဲမှာ တလှုပ်လှုပ်နှင့် နွေးထွေးထွေးလေး။

သီချင်းလေးတစ်ပုဒ်ကို ပါးစပ်က ခပ်တိုးတိုးလေး ညည်းနေမိတာလည်း ကြည်နူးမှုသက်သေပါပဲ။

ဆံပင်တွေကို ဘီးကျဲလေးနှင့် ဖြီးပြီးရင်း လှပစွာ ပြုံးမိသည်။

သူမ အဆင်သင့်ဖြစ်ချိန်အထိ ညီညီ ရောက်မလာသေးတော့ ခြံထဲ ဆင်းစောင့်နေမိ၏။

သည်ညနေ လာမယ်ဆိုသော ယောကျ်ားနှစ်ယောက်သည် တွယ်တာ့အတွက် စိတ်ဝင်စားစရာ ပုဂ္ဂိုလ်လေးတွေပါ။

တွယ်တာ ဘယ်သူ့ကို စောင့်နေမိသလဲ။ ဘယ်သူ့ကို ပိုမျှော်နေမိသလဲ။ ဘယ်သူ့ကို ပိုလာစေချင်တာလဲ။



## အခန်း (၂၆)

ရေကို အားပါးတရ စိမ်ချိုးပြီးတော့မှ အဝတ်အစားလဲသည်။

နီနီရဲရဲ ဂါဝန်ရှည်လေးကိုပဲ ရွေးဝတ်လိုက်၏။

ပေါ့ပါးသော ဂါဝန်လေးမို့ နေရတာသက်သောင့်သက်သာရှိသည်။

အသက်ရှူကျပ်သော ထူထဲထဲ အဝတ်အစားတွေကို တွယ်တာ မကြိုက်ပါ။

မျက်နှာပေါ် ပန်းရောင်သွေး မိတ်ကပ်လေး ခပ်ပါးပါး

www.burmeseclassic.com



ခေါင်းပူခံပြီး တွေးမနေပါ။

နှလုံးသားက သူ့ဟာသူ အဖြေထုတ်ပေးမှာ သေချာပါသည်။

သည်နေ့ ရာသီဥတုက သိပ်ကိုကြည်လင်နေပါသည်။

ကောင်းကင်ပြာကြီးက နေရောင်မရှိဘဲ သိပ်လှနေသည်။

မိုးလည်း မရွာ၊ နေလည်းမပူဘဲ လေပြည်အေးလေး တဖြူးဖြူးတိုက်ခတ်ကာ ဘယ်ကိုလွမ်းလို့ ဘယ်ကို သတိရချင်မှန်းပင် မသိ။

ငယ်ငယ်လေးတုန်းက အဖြစ်အပျက်လေးတွေကို ပြန်တမ်းတချင်သလိုလို။ စိတ်ထဲ ဘယ်လိုလေးမှန်းကို မသိပါ။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း ခါတိုင်းထက် စိမ်းစိုသာယာသလိုရှိကာ လေတိုက်သံတဖြူးဖြူးကို သိသိသာသာကြားနေရသည်။

ဘယ်လို လတ်ဆတ်အေးမြလွန်းတဲ့ လေလေးလဲကွယ်၊ အားပါးတရ ရှူရှိုက်တော့ တစ်ကိုယ်လုံး လန်းဆန်းရွှင်ပျသွားရသည်။

အားအင်ကို ပြည့်စေသော လေကောင်းလေသန့်ကလေးပါပဲ။



တစိမ့်စိမ့် သာယာလွန်းသောအချိန်လေးကို ကုန်ဆုံးသွားမှာပင် လန့်မိပါသည်။

နှမြောစိတ် ဝင်မိပါသည်။

အိမ်ပေါ်ပြန်တက်လာပြီး ကက်ဆက်ကို တိုးတိုးဖွင့်၏။

ဒရင်းဘတ်ပေါ်မှာ တက်ထိုင်ရင်း သူ့ဟိုရောက်အလာကို ရင်တထိတ်ထိတ်နှင့် စောင့်နေမိပါသည်။

စိုးရိမ်စိတ်ကလေးက တစ်ထောင့်တစ်နေရာမှာ ခိုအောင်းနေ၏။

နိုင်စွမ်း ကျေနပ်ပါ့မလား။ တွယ်တာ့ကို မုန်းသွားမလား။

ခြံထဲ ကားတစ်စီးဝင်လာသံကြားတော့ ဖျတ်ခနဲမတ်တတ်ရပ်မလိုဖြစ်ပြီးမှ ပြန်ထိုင်ချသည်။

ပျာပျာသလဲကြီး ထွက်မကြိုချင်ပါ။

ညှော်ခန်းထဲအဝင်ဝဆီ မျက်လုံးလေ းနှင့်ပဲ လှမ်းကြည့်နေမိ၏။

ဘယ်သူလဲဆိုတာတော့ တွယ်တာ အလိုလိုသိပါသည်။

ညီညီဘမြင့် . . . ညီညီဘမြင့်ပဲ ဖြစ်ရလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှုတွေက သွက်လက်သေချာသည်။

နိုင်စွမ်းလို တုံ့ဆိုင်းဆိုင်းလည်းမဟုတ်၊ တိတ်ဆိတ်မှုလည်းမရှိ။

ကားစက်သံ၊ ကားတံခါးဖွင့်သံ၊ ပြန်ပိတ်သံ၊ တဖျပ်ဖျပ်လျှောက်လာသံတွမှာ ရဲဝံ့မှု၊ သေချာမှု၊ ယောကျ်ားပီသမှု အပြည့်။

ခုလို ပိုင်ပိုင်နိုင်နိုင် ဝင်လာသူဟာ တွယ်တာ့ခင်ပွန်းလောင်းကလွဲလို့ ဘယ်သူဖြစ်နိုင်မှာတဲ့လဲ။

တွတ်တာ ခေါင်းငုံ့မိရင်း ကိုယ့်လက်သည်းလေးတွေကို စူးစိုက်[illegible]ငှိုနေမိပါသည်။

[illegible]ခါးကို ကျွီခနဲဖွင့်လိုက်တာ ကြားပေမယ့် မော့မကြည့်မိပါ။

ဘယ်အချိန်ကများ တွယ်တာနှင့် ယှဉ်ပါးသွားမှန်း မသိလိုက်သော သူ့ဆီမှ ရေမွှေးနံ့တစ်မျိုးကို ရှူရှိုက်လိုက်ရ၏။

ဘယ်ဆီမှာ ရည်ရွယ်ရာ တွယ်တာxxပျောက်ဆုံးချိန်

ချိုမြိန်သောအနမ်းတစ်ချက် xx ကိုယ့်နဖူးထက်ဆီ xx

နာကျင်စွာ ဒဏ်ရာတွေ xx ကိုယ်ရင်မှာ အပြည့်ပါxx

ရင်ထဲတွေးပွေ့ xx ကိုယ်ငိုမိပြီ xx



သီချင်းသံတိုးတိုးက အခန်းလေးထဲ ပျံ့လွင့်ကာ တိတ်ဆိတ်မှုကို ဖြိုခွင်းထား၏။

အဆုံးအစမဲ့တဲ့ xx မိုးသားကောင်းကင်ဖြတ် xx

အမောအပန်းများနဲ့ xx လှိုင်းကြမ်းညတို့ဖြတ် xx

တမ်းတရင်းနဲ့ xx အလင်းတန်းနေ့တို့ဖြတ်ပြန်ခဲ့ပြီ xx

အချစ်ဆုံး xx မင်းရဲ့ရင်ခွင်ဆီ xx

နောက်ဆုံး မင်းရဲ့ရင်ခွင်ဆီ xx

ညီညီဘမြင့်က ဖိနပ်ချွတ်ရင်း ညှော်ခန်းကို ဝေ့ကြည့်သည်။

ထောင့်အကွယ်လေးမှာ ဒရင်းဘတ်ပေါ် ခပ်ငုံ့ငုံ့ထိုင်နေသော နီရဲရဲဝတ်စုံလေးနှင့် တွယ်တာ့ကိုမြင်ရတော့ ရင်ထဲမှာ ဝုန်းခနဲ မြည်ဟည်းသွား၏။

ကိုယ်ရောက်လာမယ့် အချိန်ကို မင်းကစောင့်နေသတဲ့လား''

ကိုယ်လေ ရင်ခွင်မှာကွယ် xx ငိုနေတာမင်းပေါ့ xx

ရင်ထဲမင်းပေးတဲ့ xx ဘဝအဓိပ္ပာယ် xx

ရှင်သန်နေထိုင်ချိန်တွေ xx ရည်ရွယ်တာ မင်းပေါ့ xx

ကိုယ့်ရင်ထဲ မင်းပဲယုံကြည်မိပြီ xx

www.burmeseclassic.com

www.burmeseclassic.com



စိယံနှင့် မီမီဝင်းဖေတို့၏ စုံတွဲသီချင်းလေးက သူမတို့အတွက် အချစ်နိဒါန်းကောင်းလေးပါပဲ။

ကံကြမ္မာလိုင်းကြမ်းများ xx တွေ့ဆုံကြုံရင်း xx

အို. . . ယုံကြည်အားများ xx ရင်မှာအပြည့်ပေါ့ xx

ညီညီဘမြင့်က မသိမသာပြုံးရင်း ခေါင်းငုံ့နေသော သူမဆီ ခြေလှမ်းစသည်။

အခြေအနေတွေခြားလည်း xx ရင်မှာနားလည်

မျှော်လင့် xx

ရင်ထဲမှာ မင်းအတွက် xx မျှော်လင့်လျက်နော် xx

သူမဘေးမှာ ခြေစုံရပ်မိချိန်အထိ သူမက မော့မကြည့်ပါ။

သူ သူမပခုံးနှစ်ဖက်ကို အသာအယာဆုပ်ကိုင်ရင်း မျက်နှာလေးကို မော့စေသည်။

သူမက ဘာတစ်ခုမှ မငြင်းဆန်။

မျက်နှာလေး ခပ်ဖြည်းဖြည်း မော့လာ၏။ သူနှင့် သူမ မျက်လုံးချင်း ဆုံမိကြသည်။

သူမက မျက်လွှာလေး ဆတ်ခနဲချကာ မျက်လုံးတွေ မှိတ်ပစ်လိုက်၏။

သူ . . . သူမကိုယ်လေးက ကိုယ့်ရင်ခွင်ထဲမှာ



ပျော့ခွေနေသည်။

သူ ထိန်းချုပ်ထားသမျှကို ဖြေလွှတ်လိုက်မိသည်။

သူမ ကျောပြင်လေးကို ညင်သာစွာ သပ်ပေးမိရင်း သူမကို ဒရင်းဘတ်ပေါ်လှဲစေကာ ချစ်စရာကောင်းလွန်းသော မျက်နှာလေးကို မလွဲတမ်း ငုံ့မိုးကြည့်နေမိပါသည်။

သူမ လက်ကလေးတွေကလည်း ကိုယ့်ကျောပြင်ကို ဆုပ်တွေးထား၏။

အဆုံးအစမဲ့တဲ့ xx မိုးသားကောင်းကင်ဖြတ် xx

မောအပန်းများနဲ့ xx လှိုင်းကြမ်းညကိုဖြတ် xx

တမ်းတရင်းနဲ့ xx အလင်းတန်းနေ့တို့ ဖြတ်ပြန်ခဲ့ပြီ xx

အချစ်ဆုံး နောက်ဆုံး မင်းရဲ့ရင်ခွင်ဆီ xx

ကိုယ်လေ ရင့်ခွင်မှာကွယ် xx လိုနေတာမင်းပေါ့xx

ရင်ထဲမင်းပေးတဲ့ xx ဘဝရဲ့အမိပ္ပါယ် xx

ချိုမြိန်သောသီချင်းသံကို သူတို့မကြားနိုင်တော့အောင် ရင်ခုန်မြန်နေရသည်။

သူမက ဒရင်းဘတ်ပေါ်မှာ အိပ်နေရင်း ကိုယ့်ကို မော့ကြည့် ငြိမ်သက်နေ၏။

ကိုယ် သူမနဖူးလေးကို ပွတ်သပ်ရင်း ဆံစလေးတွေကို

www.burmeseclassic.com

www.burmeseclassic.com



ဆော့ကစားနေမိသည်။

"တွယ်တာ့ကို ချစ်တယ်"

နဖူးချင်းထိရင်း လိုအပ်သော စကားလေးတစ်ခွန်းကို ဆိုမိပါသည်။

တွယ်တာက ကိုယ့်လည်ကို လက်နှင့်ယှက်ဖက်ထားပြီး ကိုယ့်ဆံပင်တိုကပ်ကပ်ကို လက်သည်းချွန်ချွန်ကလေးများနှင့် ထိုးဖွရင်း အလှပဆုံး ပြုံးပြသည်။

သည်မျက်နှာ၊ သည်အပြုံး၊ သည်အပြုအမူလေးကို သူတစ်လုံး မေ့ပျောက်ရမည် မထင်တော့ပါ။

ရင်ထဲမှာ ခါယမ်းသွားအောင် အကျေနပ်ကြီး ကျေနပ်သွားအောင် သူမ လုပ်တတ်လွန်းပါသည်။

"တွယ်တာ. . . မောင့်ကို ချစ်လားဟင်"

သူမက ခေါင်းလေးယမ်းပြသည်။ ပြီးတော့ တခစ်ခစ် ရယ်လိုက်၏။

ကိုယ့်ကို ကျီစယ်တာမှန်း သိသည်။ ကိုယ်ဘာလုပ် သင့်မှန်းလည်း သိ၏။

ထို့ကြောင့် သူမကိုယ်လေးကို တအားဖက်ထားရင်း

"အင်း. . . မွှန်းတယ်"



သူမ ညည်းညည်းကလေးဆိုတော့ ကိုယ်ကျေနပ်သည်။

"ပြန်ပြော. . . စောစောကအဖြေကို ပြန်ပြင်ကွာ"

"အင်းပါ"

သူမက ခေါင်းလေးမတ်လာပြီး ကိုယ့်ပခုံးပေါ် မျက်နှာလေးကွယ်ကာ ကပ်ထား၏။

ကိုယ့်ကို ကြောက်လန့်သွားပုံ။

"ဖြေကွာ"

"အင်းပါ"

"သမီးရေ. . . တွယ်တာ"

ထမင်းစားခန်းဘက်မှ ခေါ်သံကြောင့် သူရော၊ သူမပါ နှစ်ယောက်သား လန့်သွားရင်း ဖျတ်ခနဲ လူချင်းခွာမိ၏။

"သမီးရေ"

အန်တီစုပန်က သူတို့နား တဖျပ်ဖျပ်လျှောက်လာသည်။

"မုန့်စားလို့ ရပြီ"

"ဟုတ်ကဲ့"

သူမ မနေတတ်သလိုဖြစ်ရင်း မျက်နှာပူနေမိပါသည်။

ညီညီဘမြင့်ဆီ လှမ်းကြည့်တော့ မျက်လုံးတစ်ဖက် မှိတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်စောင်းလေးခဲ၏။

"လာကြလေ၊ တော်ကြာ အေးကုန်မယ်"

"ဟုတ်ကဲ့"

ညီညီဘမြင့်က မတ်တပ်ရပ်ပြီး တွယ်တာ့ဆီ လက်လှမ်းပေးသည်။

သူ့လက်မောင်းကို မှီတွယ်ခိုလျှောက်ရတာ အရမ်းပျော်မိသည်။

တွန်းတွန်းတိုက်တိုက်နှင့် ထမင်းစားခန်းထဲ ရောက်လာ၏။

"သား. . . စိတ်ကြိုက်ထည့်စား၊ အားလုံးအဆင်သင့်ပဲ၊ သမီးတွယ်တာ ခဏလာဦး၊ အန်တီပြစရာရှိလို့"

တွယ်တာနှင့် ညီညီ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြပါသည်။

"သွားလေ၊ ခေါ်နေတယ်"

တွယ်တာက ရှုံ့မဲ့မဲ့နှင့် လိုက်သွား၏။

တစ်အောင့်အကြာတော့ တွယ်တာ ပြန်ရောက်လာသည်။

သူ့ရှေ့မှာ ဝင်ထိုင်ပြီး အေးစက်စက်နှင့် မုန့်ထည့်စား



သည်။

"တွယ်တာ"

"ဘာလဲ"

ထူးပုံက ဆောင့်ဆောင့်အောင့်အောင့်။

"ဘာဖြစ်လို့လဲ"

"ဆူတာ. . . ဆူတာ၊ သိပြီလား"

"ဘာလို့လဲ"

တွယ်တာက မျက်စောင်း ရွယ်သည်။ ပြီးမှ မပွင့်တပွင့်ပြော၏။

"လက်မထပ်ရသေးခင် ဒီလောက် ရင်းရင်းနှီးနှီးနေတာ မကြိုက်ဘူးတဲ့၊ သိပြီလား။ ကြားပြီလား"

ညီညီ ရှက်အမ်းအမ်းဖြစ်သွား၏။

"ချစ်လို့ပဲကွာ"

"အမယ်လေး . . . အရမ်းဆူတာ၊ တွယ်တာ ရှက်တယ်၊ တော်ပြီ၊ ရှင့်နား မကပ်တော့ဘူး"

သူမ ပခုံးလေးတွန့်သည်။

"အပြင်ထွက်လည်မယ်"

"မှာလိုက်ပါတယ်၊ မျက်စိအောက်မှာပဲ နေရမယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ . . . ဘာလဲ အဓိပ္ပါယ်မရှိဘူး"

ညီညီ့မျက်နှာကြီး ရှုံ့မဲ့သွားတော့ တွယ်တာ ရယ်မိပါသည်။

"မနေနိုင်ဘူးလို့ပြောပေါ့"

"ရှင် ပြောပေးလေ"

"ဟိတ် . . . ဘာရှင်လဲ၊ ပြင်ခေါ်စမ်း"

တွယ်တာက ခေါင်းလေးငုံ့ပြီး ရယ်နေသည်။

"အန်တီစုပန်က ပြောတယ်"

"ဘာတဲ့လဲ"

"နေဦး"

မပြောသေးဘဲ မုန့်ကို အရင်ကုန်အောင်စား၏။

ပြီးမှ . . .

"မပြောရဲဘူး။ ဒီမှာ ရေးထားခဲ့မယ်"

ဟု ဆိုသည်။

"အင်း"

သူမက စာရွက်လေးတစ်ရွက်ပေါ် ရေးပြီး၊ ထမင်းစားစားပွဲပေါ်ချကာ ခြံထဲဆင်းသွားနှင့်၏။

သူ့စာရွက်လေးကို ကောက်ယူဖတ်မိသည်။



"အား . . . ပြဿနာပဲ"

ညီညီ မျက်နှာကြီးထူပူကာ နားရွက်ဖျားတွေ နွေးတက်သွား၏။

တွယ်တာရေးထားတာက စာကြောင်းတစ်ကြောင်းတည်း။

ဗိုက်ထွက်လာလိမ့်မယ်တဲ့။

သူ ရှိန်းတိမ်းတိမ်းကြီးဖြစ်လာကာ သူမရှိရာခြံထဲဆင်းလာခဲ့ပါသည်။

သူမက ဒန်းကလေးကို ခြေဖျားထောက်လွှဲစီးနေ၏။

"ကျွန်တော့် လွှဲပေးမယ်နော် မမ"

"ဖတ်ပြီးပြီလား"

"အင်း"

"ဒါတောင် တစ်ခုပဲပြောပြတာ၊ အများကြီး ကျန်သေးတယ်သိလား၊ မပြောရဲလို့"

"မောင်တို့ လက်ထပ်ကြရအောင်"

"လူကြီးတွေ ပြောပေါ့"

"တွယ်တာ့ သဘောကကော"

"လာပြန်ပြီ၊ မေးနေစရာလား"

www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို ချစ်တယ်လို့မပြောသေးဘူးလေ"

"ချစ်မှမချစ်တာ"

"ပြီးရော"

ညီညီဘမြင့်က သူမဘေးမှာ ဝင်ထိုင်၏။

"အိုး . . . အန်တီစုပန် ဆူတော့မှာပဲ"

"မတတ်နိုင်ဘူး"

တွယ်တာက ပခုံးပေါ်တင်ထားသောလက်ကို ဆွဲဖယ်သေးသည်။

ဘယ်လိုမှမရတော့ သည့်အတိုင်းထားလိုက်၏။

ဂရုမစိုက်သလို မျက်နှာလေး တစ်ဖက်လွှဲနေမိ၏။

"ဒီဘက်လှည့်ကွာ"

"မလှည့်ချင်ဘူး"

"နောက်မှ စိတ်မဆိုးနဲ့နော်"

"ဦးညီညီဘမြင့် . . . ခြံထဲမှာဆိုတာလဲ သတိထားဦး၊ ဘာမှန်းလဲ မသိဘူး၊ ရှက်လဲမရှက်ဘူး"

"ဒါဆို မောင့်အခန်းထဲ လိုက်ခဲ့ကွာ"

"သေလိုက်ပါလား"

သူ ကြည်ကြည်နူးနူးရယ်၏။



"ဟင်"

တွယ်တာ ခြံဝကိုကြည့်ပြီး ဆတ်ခနဲဖြစ်သည်။

ကြည့်စမ်း . . . သူ လာမယ်ဆိုတာ မေ့များတောင်နေပါရဲ့။

နိုင်စွမ်းက သူမတို့ရှိရာ တည့်တည့်မတ်မတ် လျှောက်လာသည်။

"မောင်"

"ဘာလဲ တွယ်တာ"

"ဟို . . . ကိုနိုင်စွမ်း"

"သူ နေ့တိုင်းလာသလား"

"ဟင့်အင်း . . . ဒီနေ့မှ၊ မောင်ပဲ ဧည့်ခံပေးနော်၊ တွယ်တာအိမ်ပေါ်တက်ချင်ပြီ၊ ခေါင်းမူးတယ်၊ မောင် သေချာ ဧည့်ခံပေးနော်"

"ရပါတယ်"

နိုင်စွမ်း သူတို့ရှေ့ရောက်လာတော့ သူတို့မတ်တတ်ရပ်လိုက်ကြပါသည်။

တွယ်တာက နှစ်လိုဖွယ်ရာ အပြုံးလေးနှင့် သူ့ကို မိတ်ဆက်ပေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင်တို့သိပါတယ်ကွာ. . . လာ. . . အိမ်ထဲသွားကြစို့"

ထမင်းစားပွဲမှာ အုန်းနို့ခေါက်ဆွဲစားကြရင်း စကားပြောကြသည်။

ခဏကြာတော့ တွယ်တာက ခေါင်းမူးတာ အကြောင်းပြပြီး အပေါ်ထပ်တက်ဖို့ပြင်၏။

"ကိုနိုင်စွမ်း. . . အားပါးတရ စားနော်"

"ဟုတ်ကဲ့"

သူ့မျက်နှာက ပြင်မရအောင် ပျက်နေသည်။

"တွယ်တာ ခေါင်းမူးလို့ နားပါရစေ၊ မောင်နဲ့ စကားပြောကြဦး၊ ကိုနိုင်စွမ်းကို အားနာတယ်"

"ရပါတယ်. . . ရပါတယ်"

တွယ်တာ မတ်တပ်ရပ်တော့ မောင်က သူ့ရှေ့မှာပဲ ပန်းလေး ဖွဖွဖက်ကာ လှေကားရင်းအထိ လိုက်ပို့ပါသည်။

"နမ်းမယ်ကွာ"

"အို. . . မောင်နော်၊ ဧည့်သည်ရှိနေတယ်လေ"

သူက အံကြိတ်ရင်း ဧည့်ခန်းမှာ ကျန်ရစ်၏။

တွယ်တာက လှေကားကို တစ်ထစ်ချင်း တက်လာရင်း



ရင်ထဲမှာ တဒိတ်ဒိတ်ခုန်နေတုန်း. . .

နိုင်စွမ်းက သူတို့နှစ်ဦးကိုကြည့်ရင်း သည်ပွဲမှာ သူရှုံးသွားပြီဆိုတာ သေချာသိလိုက်၏။

တွယ်တာ ညီညီဘမြင့်နှင့် ချစ်သူတွေ ဖြစ်သွားကြပြီ။

ရင်ထဲမှာ မခံချင်စိတ်က အုံကြွလာ၏။

လုံးဝ မကျေနပ်နိုင်ပါ။

တစ်ခုခု လုပ်ပစ်ချင်သည်။

အရှုံးနှင့်နောက်ဆုတ်ရအောင် ကိုယ်က လူညံ့တစ်ယောက်လား. . .

ဖေဖေ့တုန်းကတော့ အရှုံးထဲက အမြတ်ထွက်ခဲ့သည်။

ဦးဇော်တာလည်းသေ၊ ဒေါ်စုပန်လည်း မိဘတွေ-မျက်နှာပျက်စရာကြုံပြီး အိမ်ပေါ်က ဆင်းပြေးခဲ့ရ၏။

သူ့အလှည့်မှာကော သူဘာကို ဘယ်လိုလုပ်ရမလဲ။

ဘယ်နည်းလမ်းကို သုံးရမလဲဟု တွေးမိသည်။

ဖေဖေ့ဆီက အကူညီတောင်းမှ ရတော့မည်။ သူ့ဘက်မှာ တွယ်တာက မရှိတော့ပြီ။

တွယ်တာ့ကို ဖွတ်ကားတင်ရမလား။

ဒါမှမဟုတ် သူတို့စေ့စပ်ထားတာ ပျက်သွားအောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမလား။

ဖေဖေ့ဆီသွားဖို့ နိုင်စွမ်း ဆုံးဖြတ်လိုက်ပါသည်။

ငါ နောက်မဆုတ်ဘူး တွယ်တာ။ မင်းကို ပြန်ရအောင် လုပ်ရမယ်။

အုန်းနို့ခေါက်ဆွဲက ပါးစပ်ထဲ ခါးသက်သက်၊ တစ်စက်မှ အရသာ မရှိပြီ။

တွယ်တာ့ကို သူ့ဘက်ပါအောင် သူ မဆွယ်နိုင်တော့။

"ဪ . . . မောင်နိုင်စွမ်း၊ စားနော်၊ အန်တီ့လက်ရာ ကောင်းရဲ့လားကွယ်၊ ထပ်ယူပါဦး"

"အရမ်း ကောင်းပါတယ်"

"ထည့်ပါဦး။ ထပ်ထည့်လေ"

ဒေါ်စုပန်က သူ့ပန်းကန်ထဲ ထပ်ထည့်ပေးသည်။

တွယ်တာ့မေမေ ဗီသစ္စာ ခုထက်ထိ လှပနေတုန်း၊ နုပျိုနေတုန်း။

သူတို့သားအမိတွေ ထူးထူးကဲကဲကို ရုပ်ချောကြတာ။

ဖြူနုစ်သော အသားအရေနှင့် ကျစ်လျစ်သောကိုယ်နေ ဟန်ထားက တွယ်တာ့အစ်မလောက်ပဲ ထင်ရပါသည်။

ဒေါ်စုပန်က နိုင်စွမ်းကို မသိမသာ အကဲခတ်မိသည်။



သည်ကောင်လေးကြည့်ရတာ ညစ်ညစ်ကျယ်ကျယ် တစ်ခုခုလုပ်တော့မယ့် ပုံလေးပါလား။

သူ့မျက်လုံးတွေက မသင်္ကာစရာ ကောင်းလိုက်တာ။ သမီးလေးကို ဒုက္ခပေးမလို့များလား။

ဘုရား . . . ဘုရား . . .

ရင်တုန်လိုက်တာ၊ သူ့ပုံစံက အငြိုးအတေးထားလိုက် သလိုလို။

ဒေါ်စုပန်က မောင်ညီညီဘမြင့်နှင့် မောင်နိုင်စွမ်းကိုထား ရစ်ကာ သမီးရှိရာ အပေါ်ထပ်ကို တက်လာမိသည်။

လှေကားထိပ်ရောက်တော့ ခေါင်းထဲက မူးနောက်ပြီး အမြင်အာရုံတွေ ဝေဝါးလာသည်။

နံရံကိုအသာမှီရင်း တလှပ်လှပ်ဖြစ်နေသောရင်ကို အသက်ပုံမှန်ရှူရှိုက်ရင်း ကြိုးစားဖြေဖျောက်သည်။

"အန်တီစုပန် . . . ဘာဖြစ်လို့လဲ"

တွယ်တာက အခန်းထဲက ထွက်လာပြီး မြင်သွားတော့ ပြေးလာပါသည်။

"ခေါင်းမူးတယ် သမီးရဲ့၊ ဝေနေတယ်"

"ဟင် . . . ဟုတ်လား . . . လာ . . . လာ ခုံမှာထိုင်ရ

www.burmeseclassic.com

www.burmeseclassic.com



အောင်''

အပေါ်ထပ် ဧည့်ခန်းဆိုဖာဆီ အန့်တီစုပန့်ကို တွဲပို့သည်။

အန့်တီစုပန် ပုံစံက တစ်ခုခုကို အကြီးအကျယ် တုန်လှုပ်ချောက်ချားလာပုံ၊ စိတ်လှုပ်ရှားနေပုံ။

''အန့်တီ''

''ဟင်''

''သက်သာလား။ ခဏနော် ရှူဆေးဘူး သွားယူမယ်''

ရှူဆေးဘူးလေးရော ဘီစစ်နှင့်ရေပါ ယူလာပေးမိသည်။

ပြီးတော့ စိတ်မကောင်းသလိုလို ထိုင်ကြည့်နေမိပါသည်။

''အန့်တီစုပန်. . . ဘာတွေ စိတ်ပူနေတာလဲ''

''ဟိုကောင်လေး။ အဲဒီကောင်လေးကို အန့်တီ မကြိုက်ဘူး သမီးရယ်''

''ကိုနိုင်စွမ်းလား''

''အင်း. . . ဟုတ်တယ်''

''ဘာလို့မကြိုက်တာလဲ၊ သူ ဘာဖြစ်နေလို့လဲ''

အန့်တီစုပန်က တွယ်တာ့ကို စိုက်ကြည့်၏။

''သူ. . . သူ သမီးကို တစ်ခုခုလုပ်တော့မယ်''



''ရှင်''

တွယ်တာ မယုံနိုင်သလို လှမ်းကြည့်မိပါသည်။

''သမီး ယုံပါ။ သူ သမီးကို ဒုက္ခပေးတော့မယ်''

''အန့်တီရယ်''

တွယ်တာ ပင့်သက်ရှိုက်သည်။

''သမီးနဲ့ မောင်ညီညီကို သူကြည့်တာ တစ်မျိုးပဲ၊ မောင်ညီညီက သမီးကို ပုခုံးလေးဖက်လိုက်တော့ သမီးရယ်လိုက်ချိန်မှာ သူ သမီးကို ကြည့်လိုက်ပုံကြီးက ကြောက်စရာကြီး''

''ဟင်း''

''စားတော့ ဝါးတော့မလို၊ နေနှင့်ဦးပေါ့ဆိုတာမျိုးကြီး''

''တော်ပါတော့ အန့်တီရယ်''

တွယ်တာက ဆိုဖာပေါ်မှီချပြီး မျက်နှာကျက်ကို မော့ကြည့်ပါသည်။

ပြီးမှ ခေါင်းလေးပြန်မတ်ရင်း. . .

''အန့်တီ သက်သာရဲ့လား''

ဟု မေးဖြစ်၏။

''သက်သာပါတယ်''

''ကဲ. . . အန့်တီပြော၊ အန့်တီ ဘာဖြစ်စေချင်သလဲ''

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စုပန်က စဉ်းစားနေ၏။

တွယ်တာ သူမကိုယ် သူမ အံ့ဩမိပါသည်။

ဒေါ်စုပန် ဆန္ဒမှန်သမျှကို ခုချိန်မှာ လိုက်လျှောဖို့ အဆင်သင့်ဖြစ်နေတာ ထူးဆန်းလှသည်။

သူ မူးတယ်ဆိုတော့ သူမ နှလုံးသားထဲက တဆတ်ဆတ် တုန်ကာ ဘယ်လိုစိုးရိမ်သွားမိမှန်း မသိပါ။

''သမီး''

''ရှင်''

''မောင်ညီညီဘမြင့်နဲ့ လက်မှတ်ထိုး လက်ထပ်ပြီး သူတို့ အိမ်မှာ သွားနေလိုက်ပါ၊ မင်္ဂလာပွဲကို ပြီးမှ စီစဉ်တာပေါ့''

''ရှင်''

တွယ်တာ ငြိမ်ကျကာ ဘယ်လိုငြင်းရမှန်း မသိပါ။

''အန်တီစုပန်''

''ဟင်...''

''ဘာကို ကြောက်ရမှာလဲ၊ တစ်ခုခုဆို တွယ်တာ့တို့ ရဲရဲရင်ဆိုင်ကြတာပေါ့၊ သူတို့ကို လန့်စရာမလိုပါဘူး''

တွယ်တာက မျက်နှာလေးထန်ကာ ဒေါသနှင့် ပြော၏။

''ရင်မဆိုင်ပါနဲ့၊ မှားမယ်၊ ရင်မဆိုင်ပါနဲ့၊ သူတို့က ကောက်ကျစ်တယ်၊ သမီးတို့က လူကောင်းသူကောင်း။ မဖြစ်ပါဘူး၊ မဖြစ်ပါဘူး သမီးရယ်''

''ခက်လိုက်တာ''

''အန်တီ့စကားကို ဒီတစ်ခါ နောက်ဆုံးအဖြစ် နားထောင်ပါ သမီးရယ်''

တွယ်တာ ဘာပြောနိုင်တော့မလဲ။

''တွယ်တာက ဘယ်လိုလက်ထပ်ရမှာလဲ''

''မောင်ညီညီဘက်က လူကြီးတချို့ရယ် ဒီဘက်က လူကြီးတချို့ရယ် စကားပြောဆိုပြီး တရားသူကြီးရှေ့မှာ လက်မှတ်ထိုးလိုက်ပေါ့''

တွယ်တာ လက်လျှော့လိုက်ပါသည်။

''ပြီးရောလေ၊ အန်တီ့စကားကို တွယ်တာ နားထောင်ပါ့မယ်၊ တွယ်တာ့စကားကိုလဲ အန်တီစုပန် နားထောင်ရမယ်''

''ပြော. . . ပြော. . .''

''ဘာပဲလုပ်လုပ် စဉ်းစားပါ၊ အကြိမ်ကြိမ်စဉ်းစားပြီးမှ လုပ်ပါ၊ အဲဒီကတိ တွယ်တာ လိုချင်တယ်''

''အင်းပါ. . . အင်းပါ. . .''

အန်တီစုပန် အလွယ်တကူ ခေါင်းညိတ်၏။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

''ဖြစ်ရပြန်ပြီဗျာ''

မနက်ဖြန်နေ့လယ် တွယ်တာနှင့် လက်ထပ်ရမည်ဆိုတော့ ညီညီဘမြင့် နားမလည်နိုင်အောင်ပါပဲ။

''ဘာဖြစ်ကြပြန်တာလဲ ဖေဖေ''

''အန်တီစုပန်က တွယ်တာလေးကို စိတ်မချဘူးတဲ့၊ စိုးရိမ်သတဲ့၊ အဲဒါကြောင့်ပဲ သား''

''ဟူး . . .''

ညီညီ သက်ပြင်းရှိုက်၏။



''စိုးရိမ်မယ်ဆိုလဲ စိုးရိမ်စရာပါပဲ၊ ဟိုကောင်က တွယ်တာ့ကို ရန်ရှာမယ့်ပုံပဲ၊ ဒုက္ခပေးမယ့်ပုံ၊ သား ကောင်မလေးကို လာထိလို့ကတော့ မီးပွင့်သွားမယ်၊ သား သည်းခံမှာ မဟုတ်ဘူး''

ညီညီက အပြတ်ပြောသည်။

''သားရယ် . . . ဒေါသရှေ့ထား မှားတတ်ချေတဲ့''

''ဘာပဲဖြစ်ဖြစ်ဗျာ''

ခေါင်းမာမာနှင့် စွတ်ပြောသည်။

''ဒါကြောင့် ဘာပြဿနာမှမဖြစ်ရအောင် လက်ထပ်ပေးမှာ''

''ပြီးရောလေ . . . ဖေဖေတို့သဘောပါ၊ ကျွန်တော်က ရင်ဆိုင်ပစ်ချင်တာ၊ ဪ. . . ဒါနဲ့ ဖေဖေ သား တစ်ခုမေးရဦးမယ်''

''မေးလေ''

''တွယ်တာဟာ ဦးမောင်မောင်တာရဲ့ သမီးပါလို့ ပြစရာ ဖေဖေ့မှာ ဘာအထောက်အထားရှိလဲ၊ အဲဒါ သား သိချင်တယ်''

''ရှိတာပေါ့ကွ''

ဖေဖေက ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ အရေးကြီးဆုံးကိစ္စပေါ့"

ညီညီဘမြင့်က ဖေဖေ့ဘေးနား သွားထိုင်သည်။

"ဖေဖေနဲ့ ကိုတာ သိပ်ခင်ကြတယ်လေ၊ ဖေဖေတို့ သူငယ်ချင်းနှစ်ယောက်က ဒိုင်ယာရီချင်း လဲထားကြတယ်"

"ဗျာ"

"သူက တစ်နေ့တစ်နေ့ ရေးပြီးသွားရင် ဖေဖေ့ကို ပေးတယ်၊ ဖေဖေကလဲ သူ့ကိုပေးတယ်၊ သူ့စာအုပ်က ဖေဖေ့ဆီမှာ ဖေဖေ့စာအုပ်က သူ့ဆီမှာ"

"ဩော်. . ."

ညီညီရေးတေးတေးလေး သဘောပေါက်လာ၏။

"စုပန်အမေက သိပ်စည်းကမ်းကြီးတယ်၊ စုပန်ကို မျက်စိအောက်က အပျောက်မခံနိုင်ဘူး။ ခု တွယ်တာ့ကို စုပန် ထိန်းသလိုပဲ"

"အင်း. . ."

"ဒါပေမယ့် တစ်ကြိမ်တစ်ခါတော့ သူတို့ လွတ်လွတ် လပ်လပ် နေခွင့်ရသွားတယ်၊ ဒါကြောင့် ကိုတာနဲ့ စုပန်ညားခဲ့ ကြတာ၊ လက်ထပ်ဖို့ လေးငါးရက်အလိုမှာပေါ့. . ."

"အင်း. . ."



"အဲဒီအကြောင်းအရာကိုလဲ ကိုတာက ဒိုင်ယာရီထဲမှာ သေချာ စုံစုံစေ့စေ့လေး ရေးခဲ့တယ်၊ မမေ့ကျန်ခဲ့ဘူး။ စုပန်ဟာ တကယ့်မိန်းမကောင်းလေးပါ. . . ကိုတာကလဲ လူကောင်း သူကောင်းပါ၊ သုံးလေးရက်နေရင် လက်ထပ်ကြတော့မယ်ဆိုပြီး တွက်လိုက်တာလဲပါတယ်"

"ဩော်. . . သူတို့အဖြစ်က စိတ်မကောင်းစရာပဲ"

"ကိုတာက မင်္ဂလာပွဲပြီးပြီးချင်း ဆုံးတာဆိုတော့ ဒီကိုယ်ဝန်ကို စုပန်မိဘတွေက ဘယ်လက်ခံချင်မလဲ"

"ဖေဖေက ဒိုင်ယာရီပြပြီး မရှင်းပြဘူးလား"

"ဖေဖေမရှိဘူးကွယ်၊ ဖေဖေအဝေးကြီးကို ရောက်နေ ခဲ့တယ်၊ ဘာမှ ဝင်မလုပ်ပေးနိုင်ဘူး၊ စုပန် သိပ်ဒုက္ခရောက် သွားတယ်၊ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ခု ပြန်တွေ့ကြတော့ ဖေဖေက ကိုတာ့မိဘတွေရော၊ စုပန်မိဘတွေရော ဒီစာအုပ်လေးပြပြီး ရှင်းပေးချင်တာ"

"ကောင်းသားပဲ"

"စုပန်က လက်မခံဘူး. . . ပြီးတော့ တွယ်တာ့မေမေ၊ သူက ကလေးရှူ။ တစ်သက်လုံး သူပဲ အမေဖြစ်ပါရစေဆိုပြီး ကတိတောင်းထားတာလေ"

www.burmeseclassic.com

www.burmeseclassic.com

"ဩော်. . . ဒီလိုလား"

"ချမှသိရင် တွယ်တာလဲ အရှက်ရမယ်ဆိုပြီး ဒေါ်စုပန်းက ရှိပါစေတော့ဆိုပြီး ထားလိုက်တာ၊ ဦးစွမ်းနိုင်တို့ သားအဖကြောင့် ရှုပ်ကုန်တာ၊ ဦးစွမ်းနိုင်က ကောက်ကျစ်ချင်တယ်လေ"

ညီညီ ခေါင်းညိတ်သည်။

အင်း. . . ရှိပါစေတော့။

အခုအတိုင်းလည်း ကောင်းနေသား။

ဖေဖေတို့ အန်တီစုတို့ စိတ်အေးအောင် အကျဉ်းချုံးလက်ထပ်ရတော့မှာပေါ့။

သည်ကိစ္စကို တွယ်တာက လက်ခံသတဲ့လား။

သွေးက စကားပြောတော့ အန်တီစုပန်အပေါ် ချစ်စိတ်တွေ အလိုလိုဖြစ်ပေါ်နေတယ် ထင်ပါရဲ့။

မေတ္တာတရားဟာ ရောင်ပြန်ဟပ်တတ်ပါတယ်လေ။ ဘာမှ မသိဘဲနဲ့ အန်တီစုပန်စကားကို တွယ်တာ လိုက်နာရှာသား။

မင်းဟာ သိဂ်လိမ္မာတဲ့ ကောင်မလေးပဲကွာ။

မောင် ပိုပိုချစ်လာမိပြီ။

♛ ♛ ♛



## အခန်း (၂၈)

ညီညီဘမြင့်နှင့် တွယ်တာတို့၏ မင်္ဂလာဆောင်။

ဟိုတယ်သည်ဘက် လူကြီးဆယ့်ငါးယောက်၊ ဆယ့်ခြောက်ယောက်လောက်ရှိပါသည်။ တရားသူကြီးကလည်း ဖေဖေတို့ အသိပါပဲ။

ညှို့ခန်းကျယ်ကြီးထဲမှာ မင်္ဂလာလက်ထပ်ပွဲကို လုပ်ဖို့ စီစဉ်ခဲ့ကြသည်။

စီစီရီရီချထားသော ဆိုဖာတွေမှာ သူ့ဘက် ကိုယ့်ဘက် အရေးပါသော ဂုဏ်သရေရှိလူကြီးတွေက နေရာယူထားကြ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

တွယ်တာကတော့ အဖြူရောင်ဇာဝတ်စုံလေးနှင့် ထင်းထင်းလင်းလင်း။ မောင့်လက်မောင်းလေးကိုချိတ်ပြီး ဆိုဖာနှစ်လုံးတွဲမှာ ယှဉ်ထိုင်နေရတာ အရမ်းပျော်စရာကောင်းပါသည်။

ဘေးတစ်ဖက် အခန်းကြီးထဲမှာတော့ စားပွဲရှည်ကြီးနှင့် စားစရာ သောက်စရာတွေ ပြင်ဆင်နေကြ၏။

ဆွေမျိုး လူကြီးတချို့၏. . .

"ဘာလို့ အပူတပြင်း အကျဉ်းချုံးလုပ်နေရတာလဲ"

ဆိုသော မေးခွန်းကို ဦးဘမြင့်နှင့် ဒေါ်စုပန်းက. . .

"သားနဲ့သမီးက ပူဆာလို့"

ဟု သူတို့ခေါင်းပေါ် လွှဲချသည်။

ထားပါတော့။ ကိစ္စမရှိပါ။ မြန်မြန်စီးရလေ ပိုကြိုက်လေပါပဲ။

"မောင်တို့မနေနိုင်တာ လူကြီးတွေ သိကုန်ပြီ"

"သွား. . . ရှက်လဲ မရှက်ဘူး"

တွယ်တာက သူ့ကို လက်သည်းလေးနှင့် ဖိဆိတ်၏။

"အား. . . နာတယ် မိန်းမရဲ့"

"ဘာ"



သူ့မျက်နှာလေး ရှိန်းခနဲ နွေးသွားရသည်။

"ဟွန့်. . . မောင်နော်"

ရှက်စနိုးလေး ဟန့်တားမိပါသည်။

အားလုံးအဆင်တပြေ အေးအေးဆေးဆေးဖြစ်နေတုန်း ကားတစ်စီး အိမ်ရှေ့သို့ ဝူးခနဲဝင်လာ၏။

ကားသံကြီးက ကျယ်လောင်လွန်းတာမို့ အားလုံး ကားရှိရာ လှမ်းကြည့်မိကြသည်။

သူများမလာအချိန်ကို အကြမ်းပတမ်း ဝင်လာတာ ဘယ်သူများပါလိမ့်။ တွယ်တာက အန်တီစုပန်းကို ချက်ချင်း လှမ်းကြည့်သည်။

အဝါရောင်ချိန်ထမီလေးနှင့် အဝါရောင်အကျီလက်ရှည်လေးနှင့် အန်တီစုပန်းမျက်နှာက ဖွေးရောင်လက်ကာ ကျက်သရေ အပြည့်။

"ဟင်"

ဦးဘမြင့်က ကားပေါ်က ဆင်းလာသော ဧည့်သည်ကို ကြည့်ပြီး အကြီးအကျယ် မျက်နှာပျက်၏။

ဖေဖေ့ကို လှမ်းကြည့်ပြီး ညီညီက တွယ်တာ့ပခုံးလေးကို ဖိချပြီး မတ်တပ်ရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ဝင်ခွင့်ပြုပါ ခင်ဗျ"

သူ ခွင့်တောင်းလိုက်သံက မကောင်းဆိုးဝါးအသံလိုပါပဲ။ ဒေါ်စုပန်က လှမ်းကြည့်ပြီး မျက်နှာမှာ သွေးမရှိသလို ဖြူလျော်သွား၏။

ပိပိရိရိ စီစဉ်တာတောင်မှ သင်းက သတင်းရသွားပြီကိုး။ ဒုက္ခလှလှပေးဖို့ လိုက်လာပြီ။

"မောင် . . . ဘယ်သူလဲဟင်"

တွယ်တာက မောင်နှင့်အတူထရပ်ရင်း မေးမိ၏။

"ဦးစွမ်းနိုင်"

"ဟင်"

ဘာမှန်းမသိသေးဘဲ ရင်ထဲမှာ ထိတ်ခနဲလန့်သည်။

"ရှင် ဘာလာလုပ်တာလဲ ဦးစွမ်းနိုင်"

ဒေါ်စုပန်အသံက တုန်ခါပြီးထွက်လာ၏။ ဧည့်သည်တွေက ဒေါ်စုပန်ဆီ အကြည့်ရောက်သည်။

"ခဏလေး ကိုနိုင့်ကို ခွင့်ပြုပါလား စုပန်"

"ရှင် လူယုတ်မာ ဘာတွေလာပြီး မဟုတ်မတရား ပြောဦးမလို့လဲ"

"အမှန်တရားတစ်ခု ပြောချင်လို့ပါ"



ဧည့်သည်တွေအားလုံးရှေ့မှာ ဦးစွမ်းနိုင်က မားမားမတ်မတ်ရပ်သည်။

"သတို့သားနဲ့ သတို့သမီး ထိုင်ကြပါ"

ဒုကပဲ မေတ္တာရပ်ခံလိုက်သေး။

တွယ်တာကလည်း မျက်စိရှေ့ရောက်လာသော လူကြီးကို ငေးကြောင်ကြည့်နေမိ၏။

"တကယ်တော့ သတို့သမီး မတွယ်တာပန်းဟာ ဒီက ကျက်သရေရှိလွန်းတဲ့ ဦးထွန်းမင်း၊ ဒေါ်နွယ်သဇင်တို့ရဲ့သမီးအရင်း မဟုတ်ပါဘူး"

တွယ်တာ အသက်ရှူမှားမတတ် တုန်လှုပ်သွား၏။ ဘာတွေလာပြောနေတာလဲ။

"ဒီအိမ်က အိမ်စေသာသာ ကလေးထိန်း နာနီဒေါ်ဒေါ်စုပန်ရဲ့ သမီးပါ"

"အို"

"ဟယ်"

"အောင်မယ်လေး . . . ကျွန်မသားလေး ဒုက္ခရောက်ပါပြီ"

"ဖြစ်မှဖြစ်ရလေဟယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေး သနားပါတယ်"

"မင်္ဂလာပွဲ ပျက်ပြီထင်ပါရဲ့"

တစ်ယောက်တစ်မျိုး အသံတွေ ညံစီသွားအောင် ထွက်လာ၏။

"ခုလို ဆွေညံ့မျိုးညံ့သမီးတစ်ယောက်နဲ့ ဒေါ်မြင့်တို့လို မျိုးဂုဏ်ဆွေဂုဏ်ရှိလွန်းတဲ့ သားတစ်ယောက်နဲ့ မတန်ပါဘူး ခင်ဗျာ၊ ကျွန်တော်က အချိန်မီ လာသတင်းပို့တာပါ"

ဦးစွမ်းနိုင်က အားပါးတရပြုံး၏။

"ကျွန်တော့်ကို ခွင့်ပြုပါခင်ဗျာ၊ သတို့သမီးလေးကိုတော့ အားနာပါတယ်"

တွယ်တာက ငြိမ်ငြိမ်တောင့်တောင့်လေးထိုင်ရင်း သတိလက်လွတ်ဖြစ်ရှာ၏။

ရေးရေးကလေး ထင်ထားပေမယ့် ယုံထားခဲ့တာမှ မဟုတ်ဘဲ။ ဒေါ်စုပန်ဟာ တွယ်တာ့မေမေတဲ့လား။

အိမ်စေသာသာတဲ့လား။

ကလေးထိန်း နာနီတဲ့လား။

အို... မဟုတ်ဘူး။ မေမေဟာ တွယ်တာ့အတွက်တော့ ဘာနဲ့မှ နှိုင်းမရတဲ့ နတ်သမီးတစ်ပါးပဲ။



တွယ်တာ့အတွက် မေမေဟာ အထွတ်အမြတ် ကိုးကွယ်ရာ လေးစားရာ အားထားရာ တစ်ဦးတည်းသော မိန်းမကောင်း မိန်းမမြတ်။

မေမေ့ရင်မှ မေတ္တာကို တွယ်တာအလိုလိုနားလည်နေခဲ့သည်။ ခံစားနိုင်ခဲ့သည်။

မေမေရယ်...

သမီး မေမေ့သမီးပါ။

ဟုတ်တယ်။ ဒေါ်စုပန် သမီး ဘာဖြစ်လဲ။ အိမ်စေသမီး ဘာဖြစ်လဲ။ ကျေနပ်တယ်။ ဆယ်ခါပြန်တောင် ကျေနပ်တယ်။

တွယ်တာ့ရင်မှာ အတွေးပေါင်းစုံနှင့် ရှုပ်ထွေးနေ၏။

"ညီ့သည်လူကြီးမင်းတွေ ခဏနားထောင်ကြပါ ခင်ဗျာ"

ဦးဘမြင့်က ရှေ့ထွက်ပြီး မေတ္တာရပ်ခံ၏။

"တွယ်တာပန်းဟာ ဒေါ်စုပန်လေးရဲ့ တစ်ဦးတည်းသော သမီးဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ဒေါ်စုပန်ဟာ အိမ်စေ မဟုတ်ပါဘူး။ ကလေးထိန်းနာနီလဲ မဟုတ်ပါဘူး။ အဖြစ်မှန်က ဒီလိုပါ"

ဦးဘမြင့်က အဖြစ်အပျက် အစအဆုံး ပြောပြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်မောင်တာနှင့် ကိုဘမြင့် သူငယ်ချင်းတွေဖြစ်ကြောင်း။ ကိုမောင်မောင်တာနှင့် စုပန်က ချစ်သူတွေဖြစ်ကြောင်း။ စုပန်ဟာ အင်မတန်ချမ်းသာကြွယ်ဝသော ဂုဏ်သရေရှိမျိုးရိုးမှ ဆင်းသက်လာသူဖြစ်ကြောင်း။

ကိုမောင်မောင်တာဟာလည်း သာမန်လူစားမဟုတ်ကြောင်း၊ မောင်တာနှင့် စုပန် လက်ထပ်ဖြစ်ခဲ့ကြောင်း။

ဦးစွမ်းနိုင်နှင့်အတူပါသွားရင်း ကားမှောက်ပြီး . . . ကိုမောင်တာ သေဆုံးခဲ့ရကြောင်း။

တကယ်တော့ ကိုစွမ်းနိုင်က စုပန်အပေါ် မကျေနပ်စိတ်နှင့် ဒါ ၇ လာပြောနေတာဖြစ်ကြောင်း။

တွယ်တာဟာ ဦးမောင်တာနှင့် ဒေါ်စုပန်တို့ရဲ့ တစ်ဦးတည်းသော သမီးအရင်းကလေးမို့ သားရှင်တစ်ယောက်အနေနှင့် သဘောတူ ကျေနပ်ကြောင်း။

ဦးမောင်တာမိဘတွေ ဒေါ်စုပန်မိဘတွေဟာ တကယ့်ကို ထိတ်ထိတ်ကြဲ ပုဂ္ဂိုလ်တွေဖြစ်ကြောင်း။

တွယ်တာ့လို မိန်းကလေးနှင့် သားဖြစ်သူကို ဆယ်ခါပြန်တောင် သဘောတူကြောင်း။

ကိုမောင်တာရဲ့ ဒိုင်ယာရီကို အားလုံးကို ယုံကြည်



အောင် သက်သေပြနိုင်ကြောင်း စသည်ဖြင့် ရှင်းရှင်းဘွင်းဘွင်း ပြောပြ၏။

တွယ်တာ အံ့ဩဝမ်းသာစိတ်လေးနှင့် မျက်လုံးလေးတွေ တလက်လက် တောက်ပသွားသည်။

"ဒေါ်စုပန်ကော၊ ဒေါ်စုပန် ဘယ်ရောက်သွားလဲ"

မေးသံက ဧည့်သည်တွေထဲမှ ထွက်လာတာ။ ဘယ်သူ မေးလိုက်မှန်းတော့ မသိပါ။

"သူ့အခန်းထဲများ သွားတာလား၊ စောစောက လှည့်ထွက်သွားတာ မြင်လိုက်တယ်"

ကြီးစုက ပြောတော့ အားလုံးပဲ စုပြုံကာ အန်တီစုပန် အခန်းဘက် ပြေးကြသည်။

တွယ်တာက မလှုပ်မယှက်ထိုင်နေရင်း ပါးပြင်ပေါ် မျက်ရည်တွေ လိမ့်ဆင်းလျှက် . . .

"မေမေ့ကို သိပ်သနားတာပဲ"

ငိုသံလေးနှင့် မောင့်ကို ပြောပြခဲ့ပါသည်။

"တွယ်တာ့ကို မနေ့ညက အကြာကြီးပဲ လာနမ်းတယ် သိလား၊ တွယ်တာ အိပ်နေပြီမှတ်လို့လေ"

ရှိုက်ရှိုက်ငိုပြီး မချိတရိ အသံလေးနှင့် ပမ်းပန်းတနည်း

www.burmeseclassic.com



ဆိုတော့ ညီညီ စိတ်မကောင်းနိုင်ဘဲ သူမ ပခုံးလေးကို ဆွဲယူဖက်ထားရင်း အားပေးမိပါသည်။

"တွယ်တာ . . . တွယ်တာ၊ အန်တီစုပန် သေပြီ၊ အဆိပ်တွေသောက်လိုက်ပြီ၊ ခေါ်လို့လဲ မရတော့ဘူး"

"ဘာ"

ညီညီဘမြင့် အပြေးလာပြောသော လဲ့ကို အော်မေး၏။ ပြီးတော့ တွယ်တာ့လက်ကိုဆွဲကာ ဒေါ်စုပန်အခန်းရှိရာ ခေါ်ပြေးသည်။

လူအုပ်ကြီး ဝိုင်းအုံနေသော အလယ်မှာ မေမေက ခွေခွေကလေးလဲလို့၊ ဆေးပုလင်းလေးက မေမေ့ဘေးနားမှာ လိမ့်လို့။

ဖြစ်မှဖြစ်ရလေ မေမေရယ်။

တွယ်တာ မေမေ့ကို ချစ်တယ်။

အဲဒါ မေမေ သိရဲ့လားဟင်။

တွယ်တာက ရှေ့တိုးသွားပြီး မေမေ့ဘေးမှာ ထိုင်ချသည်။

"မေမေ . . . မေမေ"

မေမေ့ လက်မောင်းစွန်းကို လှုပ်ယမ်းကာ ခေါ်မိသည်။



"သမီး မေမေ့ကို ချစ်တယ်၊ ချစ်လို့ ဘာမှမသိခင်ကတည်းက ချစ်လို့၊ စိတ်ထဲက အလိုလိုချစ်လို့ မေမေ့ကို သမီး လေးလေး . . ."

တွယ်တာက မေမေ ပခုံးစွန်ပေါ် မျက်နှာမှောက်ချ ငိုသည်။

"မေမေ ဒီလိုလုပ်မယ်ဆိုတာ သိလို့ သမီးဆေးတွေ ကြိုတင်လဲလှယ်ထားခဲ့တာပေါ့ မေမေရယ်"

ဒေါ်စုပန်က ခပ်ဖြည်းဖြည်း မျက်လုံး ဖွင့်ကြည့်လာ၏။ ဝိုင်းအုံနေသော လူအုပ်ကြီးမြင်တော့ လန့်ဖျပ်သွားမိသည်။ သမီးကလည်း ကိုယ့်အပေါ် မျက်နှာမှောက်ချ ငိုလို့။

"မေမေ . . . မေမေ သတိရပြီနော်"

"အင်း"

"မေမေရယ်"

တွယ်တာ မေမေ့ရင်ထဲ ရှတ်တိုးဝင်မိပါသည်။

"မေမေ"

"ဟင်"

"မေမေ ဒီဆေးကို တစ်နေ့နေ့ သောက်ဖို့ ရှာဒီထားတယ်ဆိုတာ သိလို့ သမီးလေ ဆရာဝန်တစ်ဦးနဲ့ တိုင်ပင်ပြီး

www.burmeseclassic.com



ဆေးတွေ ထုတ်ထားခဲ့တယ်၊ ဘာမှမဖြစ်နိုင်တဲ့ ဆေးတွေနဲ့ လဲထားခဲ့တယ်''

''သမီးရယ်''

''မေမေ သတိမေ့သွားတာ စိတ်လှုပ်ရှားလွန်းလို့ပါ၊ ဆေးကြောင့် မဟုတ်ပါဘူး''

မေမေက တွယ်တာ့ကို ငေးငေးစိုက်စိုက် ကြည့်၏။

''မေမေရယ် သမီးကို ထားခဲ့ဖို့ မေမေ စဉ်းစားနိုင်တယ် နော်''

''သမီးလေး အရှက်ကွဲတော့မှာပဲဆိုပြီး မေမေ မကြည့်ရက်လို့ပါ''

''မေမေရယ် . . . မေမေ ရက်စက်တယ်''

တွယ်တာက ဒေါ်စုပန်ရင်မှာ မျက်နှာအပ်ပြီး ငိုသည်။

''မေမေ မရှိလို့ မဖြစ်ဘူးဆိုတာ မေမေ ယောဂီဝတ်နဲ့ တရားသွားအားထုတ်နေကတည်းက သိပါတယ်၊ အလိုလို သိလာတာပါ''

''မေမေ ဒါမျိုးမလုပ်တော့ပါဘူး သမီးရယ်၊ ခုလဲ မေမေ မှန်ထူပြီး ဘာမှမမြင်တော့လို့ပါ''

ဒေါ်စုပန်က သမီးလေးကို ပွေ့ဖက်ပြီး နှစ်သိမ့်၏။



ညီညီဘမြင့်က ဟင်းခနဲ သက်ပြင်းချသည်။ ခုမှပဲ စိတ်သက်သာရာ ရတော့သည်။

ကဲ. . . ဦးစွမ်းနိုင်တို့ ဘယ်လို နှောင့်ယှက်နိုင်ဦးမလဲ။

''မောင်''

ဧည့်သည်လူကြီးတွေက အလိုက်တသိ ဧည့်ခန်းထဲ ပြန်ရောက်သွားပြီမို့ မေမေရယ်၊ မောင်ရယ်၊ တွယ်တာရယ်ပဲ ကျန်ရစ်ခဲ့ပါသည်။

''ဘာလဲ တွယ်တာ''

''တွယ်တာ မေမေနဲ့ပဲ နေမှာနော် တစ်သက်လုံး''

''အင်းပါကွာ. . . မောင်က တွယ်တာ စိတ်ညစ်အောင် လုပ်မယ့်လူစားလားကွာ''

''ဒါကြောင့် မောင့်ကိုချစ်တာ''

တွယ်တာ ဒေါ်စုပန် ရင်ခွင်ထဲမှခွာကာ မောင့်ပခုံးကို သိုင်းဖက်ရင်းဆို၏။ သည်တစ်ခါတော့ ဒေါ်စုပန် သမီးကို မဆူငေါက်တော့ပါပေ။

စိတ်လွတ်ကိုယ်လွတ် ပျော်ရှာပါစေလေ။

အသက်ပေး၍ ချစ်ရသော သမီးကို ပေါ်ပေါ်ထင်ထင် ချစ်ခွင့်ရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပုန်းလျှိုးကွယ်လျှိုး ချစ်ခဲ့လည်း သမီးလေးက အလိုလို နားလည်ခံစားတတ် နေခဲ့တာပဲကွယ်။

ပန်းသီနိုင်

www.burmeseclassic.com